www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၂၀၆၀၃၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၃၅၉၀၅၁၂ |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (မြ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်) ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ။ |
| အုပ်ရေ | ၅၀၀ အုပ် |
| တန်ဖိုး | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | ဖိုးလပြည့်စာပေ အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ -095163764 |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅·၈၃

ချစ်မျှားရှင်

သာခွေယိုင်အိုက်တင်/ ချစ်မျှားရှင်။ - ရန်ကုန်၊ ရဲအောင်စာပေ၊ ၂၀၁၂။

၁၆၀ စာ၊ ၁၃ × ၂၀·၇ စင်တီ။

(၁) သာခွေယိုင်အိုက်တင်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တစ်ယောက်တည်း အိမ်ပေါက်ဝထိုင်ပြီး စာဖတ်နေတယ်။ ကျောင်းစာအုပ်ကြားထဲ ကာတွန်းစာအုပ်ထည့်ဖတ်နေတာ။

မသိရင် စာကျက်နေတာလိုလေ။ အဲ… အသေအချာကြည့်မှ မျက်နှာက ပြုံးဖြဲဖြဲဖြစ်နေတာကို တွေ့ရမှာ။

ဒါက အမြဲတမ်းပဲ။ လူက လူလည်။

အသက်က ဆယ်နှစ်တောင် မပြည့်တတ်သေးဘူး။ အဖေ အမေ ပေးထားတဲ့ နာမည်က ထက်သူဝင်းတဲ့။

ထက်ထက်မြက်မြက်ရှိအောင်လို့တဲ့။ အဲ… ဒါပေမဲ့ ထက်မြက်တာလွဲသွားတယ်။ ဆိုးတဲ့ပေတဲ့နေရာမှာလေ။

ဒါနဲ့ပဲ နာမည်ရင်းပျောက်ပြီး ဆိုးပေဖြစ်နေတယ်။ ဒါပေမဲ့လည်း ဂရုစိုက်လှတာရယ် မဟုတ်။

အဓိကက ကိုယ်လုပ်ချင်ရာ လုပ်နေရဖို့ပဲ တွေးတာ။

အခုလည်း စာကျက်ချင်ယောင်ဆောင်ရင်း ကာတွန်းခိုးဖတ်နေတာလေ။ မသိရင်တော့ စာကြိုးစားတယ်ပေါ့။ သိရင်တော့ ဒါ…။



www.burmeseclassic.com

www.burmeseclassic.com


'ဆိုးပေရေ'

ဆို… တုတ်စာမိပြီမှတ်။ အဖေရော အမေရော ဒီထက်ပို မဆိုးရလေအောင် ဝိုင်းပြီး ဆုံးမကြတာပဲ။

တုတ်နီးတုတ်။ လက်နီးလက်နဲ့။ အဲ… ဒါပေမဲ့ စနေသားပီပီ မကောင်းတဲ့ဘက်ဆို ထူးချွန်နေရောပဲ။

တွတ်ပီတို့ ဆရာတပည့်ဆင်လိုက်လို့ ထွက်ပြေးကြတာကို ဖတ်ပြီး တခွီးခွီး ရယ်နေတယ်။

အဲဒီအချိန်မှာပဲ သူ့ရှေ့ကို လူတစ်ယောက်ရဲ့ အရိပ်ကျလာတယ်။ စာအုပ်ကိုကျော်ကြည့်လိုက်တော့ ကတ္တီပါဖိနပ်စီးထားတဲ့ ခြေတစ်စုံကို တွေ့ရတယ်။

BURMESE CLASSIC

အပေါ်နည်းနည်းမော့ကြည့်တော့ ယောပုဆိုးအညိုနဲ့ အင်္ကျီအဖြူကို တွေ့ ယ်။ အလှူခံပဲလို့ တွေးပြီး မသိယောင်ဆောင်တယ်။

အလှူခံတွေဆို အမြင်ကတ်နေရောပဲ။ ဒါက ဒီလို… လမ်းထဲက ဓမ္မာရုံဂေါပကတွေဆို ဆိုးပေတို့က ကြည့်လို့ကို မရတာ။

ဟုတ်တယ်လေ။ မနက် လေးနာရီလောက်ဆို ဓမ္မာရုံကနေ လော်စပီကာနဲ့ အသံတွေလွှတ်တော့တာ။

ဒီတော့ အအိပ်ပျက်တယ်။ ပြီးတော့ အလှူခံထွက်ပြီဆို ပြောပြီး တရားဟော မှေ့ကထိကတွေတောင်မှ သူတို့လောက် မဟောကြဘူး။ နားကို ဆူနေရောပဲ။

မပြောနဲ့ မဟုတ်ဘူး ပြောပါ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဘ ကြီး က်ဘူးဆိုတာတော့ သတိရစေချင်ပါတယ်။

ဒီတော့ ဒီယူနီဖောင်းမြင်တာနဲ့ ဆိုးပေ အမြင်ကတ်နေပြီ။


www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဆင်ခြေထောက်ကြီး အကြီးကြီးပဲ'

'ဘာခွက်'

တမင်ကြားအောင် အော်ရယ်ထော့ ရှေ့လူဆီက အသံထွက်လာတယ်။ ဒါနဲ့မော့မကြည့်ဘဲ…

'ဟာ… ကန်တော့ဗျာ၊ ဦးလေးကို မပြောပါဘူး၊ စာအုပ်ထဲမှာလေ၊ ဒီမှာ… အဟီး… ဆင်ခြေထောက်ကြီးဗျာ'

'ဘယ်မှာလဲ'

လာငုံ့ကြည့်တာနဲ့ ပြုံးရင်း မော့ကြည့်တယ်။ အတော်စပ်စုတာပဲ ထွေးရင်းနဲ့လေ။ ပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်။

'ဟင်… အလျှံခံလည်း မဟုတ်ဘူး၊ ဘယ်ကတောသားလဲ'

'ဘာခွက်၊ မင်းကများ လူကြီးကို မရိုမသေနဲ့'

'ဟာ… ကန်တော့ပါဗျာ'

'ဟွန်း'

လူကြီးက ခါးထောက်ရင်း ဘုကြည့်ကြည့်နေတယ်။ အိတ်တစ်လုံးလွယ်ပြီး ထီးကောက်ကြီးက ကိုင်ထားသေးတာ။

ကြည့်ရတာ ညှော်သည်ဖြစ်ပုံရတယ်။ ဒါနဲ့ပဲ အဖေက အမေ့ကိုပြောပြောနေကျ စကားတွေကို ပြန်သတိရတယ်။ လင်မယားချင်းအကြောက်ကဆဖြစ်ရင် အဖေက မင်းအမျိုးအဆွေတွေ လာလာစားတာကျတော့ရော မပြောဘူးလား ဟွန်း… ဘုရားဖူးဆိုတစ်မျိုး၊ ဆေးကုဖို့ဆိုတစ်မျိုး၊ ဆွေတစ်ရာမျိုးတစ်ရာ စားမှတော့ ငါ့လုပ်စာ ဘယ်လောက်လိုင်မတုန်း၊ ဒီတစ်ခါ မင်းအမျိုးတွေ မလာခိုင်းနဲ့။

လင်မယားချင်း ရန်ဖြစ်ထားတာ မကြာသေးဘူး။ ဒီတော့ တောက



www.burmeseclassic.com

www.burmeseclassic.com



အမေ့အမျိုးတွေပဲဖြစ်နေမလားတွေးတယ်။ အတွေးမဆုံးခင်မှာပဲ ဟိုလူက အသံမာမာနဲ့ မေးတယ်။

'ဒါ မညိုမီတို့အိမ်လားကွ'

'ဘယ်သူ'

'မညိုမီ… သူ့ယောက်ျားက ဦးသိန်းဝေလေ'

သေချာပြီ။ ဦးသိန်းဝေနဲ့ ဒေါ်ညိုမီဆိုတာ ဆိုးပေရဲ့ အဖေနဲ့အမေလေ။ စဉ်းစားတယ်။ အမေ့အမျိုးတွေ လာတာ အဖေက မကြိုက်ဘူးလေ။ ဒီတော့…

'ဟာ… မဟုတ်ဘူးဗျ၊ ဦးလေး အိမ်မှားလာပြီ'

'ဟေ… ဟုတ်လား၊ လိပ်စာကြည့်ပါဦးကွ'

'အင်း… ကြည့်ပေးမယ်လေ'

လိပ်စာကို ယူကြည့်တယ်။ ဒါပေမဲ့ အိမ်နံပါတ်ပဲတူတာကို ဒီလူကြီး သိမယ်။ လမ်းနာမည်၊ ရပ်ကွက်နာမည်တော့ သိမှာမဟုတ်ပါ။ ဒါနဲ့…

'သေချာပြီ ဦးလေးရဲ့၊ အိမ်နံပါတ်တူပေမယ့် လမ်းလွဲနေတယ်ဗျ။ ဒီလမ်းရဲ့ နှစ်လမ်းကျော်ပဲ'

'ဟေ… ကားသမားပြောတော့ ဒီလမ်းတဲ့'

ကိုတောသားက ခေါင်းကုတ်ရင်း ပြောတော့ ဆိုးပေ ပြုံးတယ်။

'ဟာ… ဟုတ်ပါတယ်၊ ဒီလမ်းထိပ်ရောက်ရင် ဈေးတွေ့လိမ့်မယ်။ ဈေးထိပ်ကနေ တည့်တည့်သွား၊ သုံးလမ်းမြောက်ကို ဝင်ရင် တွေ့ပြီဗျာ'

'အေးကွာ၊ မင်းပြောမှပဲ မဟုတ်ရင် ငါ ရှာလည်နေဦးမယ်။ ကျေးဇူးပဲဟေ့၊ သွားပြီ'

www.burmeseclassic.com



လှည့်ကြည့် လှည့်ကြည့်နဲ့ လမ်းအတိုင်းထွက်သွားတယ်။ ဆိုးပေ ပြုံးလိုက်တယ်။

'အဟီး. . . ရောက်မှာ ခင်ဗျားကြီး. . . ရဲစခန်းကို တည့်တည့်ပဲ'

တစ်ယောက်တည်းရယ်တယ်။ အမေက ဈေးသွားနေတယ်။ ဖအေ ဖြစ်သူကလည်း အိမ်မှာမရှိပါ။

ရဲစခန်းရှေ့ ယောင်တောင်တောင်နဲ့ ဖြစ်နေမယ့် ကိုတောသားရဲ့ ပုံကိုတွေးပြီး ရယ်နေတယ်။ ဒီအချိန်မှာပဲ ဗိုက်ကဆာလာတာနဲ့ တစ်ခုခုစားဖို့ သတိရတယ်။ ဒါနဲ့ပဲ အိမ်ထဲဝင်လိုက်တော့တာ။

❖ ❖ ❖

ဆိုးပေ အိမ်ရှေ့ခန်းထဲထိုင်ပြီး သင်္ချာအသည်းအသန်တွက်နေတယ်။ စကြိုးစားချင်လွန်းလို့တော့ မထင်နဲ့။ သင်္ချာဆရာမက အပြောဆိုး။ အရိုက် ကြမ်းကြီး။ ဒီတော့ စိတ်မပါပေမယ့် တွက်နေရတယ်။

မနက်ဖြန်ဆို ကျောင်းဖွင့်ပြီ။ နေ့လည်ကျရင် ပုစွန်နဲ့ ကြွက်ကြီးဆီ သွားရဦးမယ်။ သူတို့နဲ့ ဂိမ်းဆိုင်ကို သွားရမယ်။ ပြီးရင် ဂိမ်းဖိုးရှင်းကြေး ဘောလုံးကန်ကြမယ်။ ပြီးရင် ဂေါ်လီရိုက်။

အဲ. . . ညနေကျ ဘောလုံးကွင်းထဲ ဘောလုံးသွားကန်။ ညကျ တော့ တီဗွီကြည့်။ အချိန်ဇယားအပြည့် အလုပ်ကိုများနေရောပဲ။ ဒီတော့ အခုကတည်းက အိမ်စာလုပ်ထားမှ တန်ကာကျမယ်တွေးရင်း ကြိုးစားပမ်း စား တွက်နေတော့တာ။

'ဘုန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ပလုပ်တုတ်'

စားပွဲပေါ် ဈေးခြင်းကြီးပစ်ချလိုက်လို့ လန့်သွားတယ်။ မော့ကြည့်တော့ မအေဖြစ်သူကို မျက်နှာအမာစားနဲ့ ခါးထောက်လျက်ကြီး တွေ့ရတယ်။

'ဟာဗျာ… လန့်လိုက်တာ၊ ဒီမှာ သား စာကျက်နေတယ်လေ'

'ဟွန်း… ကလိမ်ကောင်'

'ဟာ… ဒီမှာလေ၊ မလိမ်ပါဘူး၊ သချ်ာတွက်နေတာ၊ လေးဆေးလီဆိုတော့… ဆိုတော့… ဆယ့်… ဆယ့်… အဲ အလီကို အစကပြန်ဆိုမလေးတစ်လီ…'

'တိတ်စမ်း'

ဟိုက အော်လိုက်မှ မျက်နှာငယ်လေးနဲ့ မော့ကြည့်တယ်။ အသေအချာကြည့်မှ နောက်မှာ လူတစ်ယောက်ရပ်နေတာကို တွေ့ပြီး မျက်လုံးပြူးသွားတော့တာ။

'ဟာ… ဟိုလူကြီး… ဟိုလူကြီး… ဘယ်ကနေ ဘယ်လို'

ခုနကလေးတင်ရဲစခန်းကို ညာလှတ်လိုက်တဲ့လူကြီးက မျက်နှာမာကြီးနဲ့ ပြောတယ်။

'အစ်မရာ… နင့်သားက ဆိုးလိုက်တာ၊ တော်သေးတာပေါ့၊ နင်နဲ့တွေ့ဖေလို့၊ နင်ပြောသလိုဆို ငါရဲစခန်း ရောက်ဦးမှာ'

'ဟင်… ဦးက ဘယ်ကနေ ဘယ်လိုပြန်လာတာလဲ'

အံ့သြပြီးမေးတော့ မအေဖြစ်သူက ထောင်ထားတဲ့တံမြက်စည်းကို သွားယူရင်း…

'ဘယ်လိုပြန်လာတာလဲဆိုတော့ ငါနဲ့ဈေးထိပ်မှာတွေ့လို့ပြန်ပါလာတာလေ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း အတော်ဒုက္ခပေးတဲ့အကောင်ပဲ၊ အစ်မ မဆုံးမဘူးလား'

ဟိုလူကလည်း မီးလောင်ရာ လေပင့်တယ်။ ဆိုးပေ ကြိတ်မနိုင်ခဲမရ အသံနဲ့…

'ဟာ… ဟုတ်သား၊ အမေ ဈေးသွားတာကို မေ့သွားတယ်၊ ကြည့်စမ်း၊ ဒါမှန်းသိ ဟိုဘက်ကို သွားခိုင်းလိုက်ပါတယ်'

'ဘာကွ'

'ဟဲ့… နင်တော့လား၊ သေပြီမှတ်၊ အဲဒါ ငါ့မောင်အရင်း နင့်ဦးလေး သုခဟဲ့'

ပြောရင်း တံမြက်စည်းကိုင်ပြီး အနားကပ်လာတာနဲ့ ထရပ်ရင်းပြေးဖို့ချောင်းတယ်။

'ဟာ… အမေ မှားမယ်နော်၊ သားက အဖေနဲ့ ရန်ပြန့်ဖြစ်မှာစိုးလို့ညာလိုက်ရတာ၊ အမေတို့က အားအားရှိ ရိုက်ဖို့ပဲ'

'ဟဲ့… နင်က ရိုက်မှရမယ့်အကောင်၊ ဟင်… အမျိုးမှန်းမသိချောက်ချတဲ့အကောင်'

'သားစာလုပ်နေတာ မရဘဲနေမယ်ဗျာ၊ နောက်မှပေါင်းရိုက်'

အံမယ်။ တတ်တာလေ။ ရပ်တည်နဲ့ စာအုပ်တွေ ဘာတွေကောက်ကိုင်တော့ မအေလုပ်သူ တန့်သွားတယ်။

ဒါပေမဲ့ ကိုသုခက ကျောင်းကျောပိုးအိတ်ကိုဖွင့်ရင်း…

'ဘာစာကျက်တာလဲ၊ အစ်မသား စောစောက ကျောင်းစာအုပ်ထဲကာတွန်းထည့်ဖတ်နေတာ ကျုပ်တွေ့တယ်ဗျ'

'ဟင်… ဟုတ်လား'

'ဟာ… မဟုတ်ဘူး၊ အမေ့မောင် ညာတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကွ၊ မင်းက…'

အတင်းငြင်းတယ်။ ဒါပေမဲ့ ကိုသုခက ကျောပိုးအိတ်ကို ခုံပေါ် သွန်ချလိုက်တယ်ဆိုရင်ပဲ ကျောင်းစာအုပ်တွေနဲ့အတူ ကာတွန်းစာအုပ်တွေပါ ထွက်ကျလာတယ်။

'ဟိုက်… နာပြီ'

'ဟင်… ဒါ… ဒါ… ဩော်… ဒါကြောင့် ငါ့သား တကုပ်ကုပ်နဲ့ စာကျက်လှချည်လားမှတ်တယ်'

မျက်လုံးပြူးကြီးနဲ့ ပြောရင်း တံမြက်စည်းနဲ့ ဆော်တော့တာ။

'အောင်မလေးဗျ၊ နောက်မလုပ်တော့ပါဘူး'

'နင်မလုပ်လည်း ငါလုပ်တယ်၊ ကဲဟယ်…'

'ဖြန်း… ဖြန်း'

ဆိုးပေ အလူးအလဲ ပတ်ပြေးတယ်။

'ဟဲ့ကောင် မပြေးနဲ့၊ သုခ အဲဒီကောင်ကို ဖမ်းစမ်း'

'ဟာ… ကျုပ်တူလေးကို မလုပ်ပါနဲ့ဗျ အပေါ်း'

ပါးစပ်ကသာပြောတာ။ လက်ကတော့ ဖမ်းချုပ်ပြီးသားပဲ။ ဒါနဲ့ပဲ မနက်ခင်းဟာ ဆိုးပေရဲ့ မနက်ဖြစ်သွားတယ်။

❖ ❖ ❖

အလုပ်တွေအားလုံး ပြီးစီးသွားမှပဲ မောင်နှမနှစ်ယောက် စကားပြောရတယ်။ ကိုသုခက အသက် ၃၂ လောက်ရှိပြီ။ မေးချွန်ချွန်၊ နှာခေါင်းရှက် ကားကား။ မျက်လုံးပြူးပြူးနဲ့ ဉပမိက အဲ့လိုခန့်တာ။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေထဲမှာလေးယောက်မြောက်။ မညိုမြိုရဲ့အောက်။ ကျောင်းတက်တုန်းက ရည်းစားပစ်သွားလို့ မိန်းမတွေကို စိတ်နာပြီး မိန်းမ မယူဘဲနေတာ။

ရန်ကုန်ကို မရောက်တာ အတော်ကြာပြီ။ ဒါပေမဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေတော့ ရှိတယ်။ ရန်ကုန်သူနဲ့ကြိုက် ရန်ကုန်သူက ပစ်သွားတော့ ရန်ကုန်သူတွေကို စိတ်နာပြီး ရန်ကုန်ကို ခြေမချတာ ဆယ်နှစ်ကျော်ပြီလေ။

ဒီတော့ အစစအရာရာဟာ ပြောင်းလဲကုန်ကြပြီ။ ဒါပေမဲ့ ကိုသုခကတော့ မပြောင်းလဲပါ။

မိန်းမတွေကို စိတ်နာလို့တဲ့။ သူ့အိပ်ခန်းနံရံမှာ မင်းသမီးပုံတွေ ချိတ်ပြီး အားရင်ထိုင်ကြည့် ပါးစပ်ကနေ 'မင်းတို့မိန်းမတွေကို မုန်းတယ်၊ မုန်းတယ်'အဲလိုထိုင်အော်တာဗျာ။

အလုပ်မအားတဲ့အခါဆို အခန်းဝကပဲ မျက်စောင်းလှမ်းချိတ်တယ်။ အဲလောက်အထိ မိန်းမကို စေ့စေ့ကြည့်ပြီး မုန်းတာ။

ကဲ…ထားတော့။

'ပြောပါဦး၊ နင်ပြောတော့ ရန်ကုန်ကို ဘယ်တော့မှ မလာဘူးဆို၊ ခု ဘာစိတ်ကူးနဲ့ ရောက်လာတာလဲ'

အစ်မဖြစ်သူက မေးတော့ မျက်နှာမဲ့သွားတယ်။ ပြီးမှ သက်ပြင်းကိုချရင်း…

'အစ်မရာ… နင်လည်း သိသားနဲ့၊ ငါ မိန်းမတွေကို ဘယ်လောက်မုန်းကြောင်း၊ ဟိုအိမ်ခြွာကျော်ဇင်ကထား၊ ယောက်ျားရသွားလို့၊ အခု နောက်ပေါ်တဲ့မင်းသမီးတွေဆို ဘယ်လောက်လှလှ ငါက စေ့စေ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ရုံးဟာလေ၊ဟင်း... အခု အဖေနဲ့အမေ ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ ငါ့ကို မိန်းမပေးစားမလို့တဲ့'

'ဟဲ့..., အဲဒါကောင်းတာပေါ့'

'ဟာ... အစ်မ ဘာသိတုန်း၊ ဟိုတောင်ပိုင်းက မွဲခြောက်ခြောက် နန့်တန့်တန့် မိညိုချောနဲ့တဲ့လေ၊ ငါက နိုင်ငံကျော်ချောချောလှလှတွေတောင် မုန်းပါတယ်ဆိုမှ ဒီအပေအတေနဲ့ ပေးစားတော့ ငြင်းတာပေါ့'

'အံမယ် ဒီရုပ်က ငြင်းတာ'

သုခက မျက်နှာကိုမှာပြီး မော့ထားတယ်။ အစ်မဖြစ်သူက အံ့သြနေတယ်။ ဟို... ညိုချောဆိုတာက နာမည်နဲ့လိုက်အောင် ညိုညိုသွယ်သွယ်နဲ့ ချစ်စရာလေး။

လိုချင်လို့ အမျိုးမျိုး နီးစပ်အောင် လုပ်နေတဲ့သူတွေ ပုံလို့။

မောင်ဖြစ်သူနဲ့ ယှဉ်ပြီး တွေးကြည့်တယ်။ ဘယ်လိုမှကို မလိုက်ဖက်။

ဒါနဲ့ သက်ပြင်းကိုချပြီး...

'ကောင်းပါတယ်၊ အတော်ကဲ့ကောင်းတာ'

'အဲဒါပြောတာ၊ အမေတို့က ငါအေးအေးနေတာကို မမြင်ချင်ကြဘူးလေ၊ အစ်မကမှ အမှန်အတိုင်းမြင်သေး'

မိန့်မိန့်ကြီးပြောတော့ အစ်မဖြစ်သူ မျက်နှာမဲ့သွားတယ်။

'ဟဲ့... ငါပြောတာက ညိုချောကကောင်းတယ်လို့ ပြောတာဟဲ့'

'ဗျာ'

'ဟုတ်တယ်လေ၊ ဒါလောက် ပစိပစပ်ကလည်းများ၊ အပျင်းကလည်းထူ၊ အစားကလည်းကြီး၊ အလုပ်ကလည်းမလုပ်ချင်၊ ဒီလိုလူမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မရလိုက်တာ၊ ဒီကောင်မလေး အတော်ကဲကောင်းတာ၊ မဟုတ်ရင် ဒူးနဲ့ မျက်ရည်သုတ်နေရဦးမယ်'

'ဟာဗျာ'

မျက်နှာကြီး မဲ့သွားတော့တာ။ ပြောတာကလည်း ဟုတ်နေတော့ မခံချင်ဖြစ်နေတယ်။ ဒါပေမဲ့...

'ဘာပဲဖြစ်ဖြစ် မယူဘူးဗျာ၊ သက်မွှန်မြင့်လောက် လှတာတောင် စဉ်းစားဦးမယ်'

'ဟွန်း... ဒီရုပ်ကြီးက'

အစ်မဖြစ်သူက ညိုမှောင်မှောင် အသားအရေရှိတဲ့ မောင်ဖြစ်သူကို လှတပတ သက်မွှန်မြင့်နဲ့ယှဉ်ကြည့်တယ်။

မည်းပြောင်နေတဲ့ ကတ္တရာလမ်းပေါ် ကားအဖြူလေးရပ်ထား သလိုမြင်ပြီး ပြုံးသွားတယ်။ လိုက်ဘက်တာပြောပါတယ်။ မသိယောင် ဆောင်ရင်း ဆက်ပြောတယ်။

'အဲဒါနဲ့ အဖေက မင်းမိန်းမယူမလား၊ အိမ်ပေါ်က ဆင်းမှာလား' တဲ့၊ ငါလည်း ဘာမှ မပြောတော့ဘူး၊ အထုပ်ဆွဲပြီး ဆင်းလာခဲ့တာ၊ ကဲ... ပြီးရော'

'ဩော်... ဒါဆို နင်က မိန်းမ မယူတော့ဘူးပေါ့'

'ဒါပေါ့'

ရုပ်တည်နဲ့ပြောပြီး ဒူးပါနန့်နေသေးတာ။ အစ်မဖြစ်သူက အရှုပ် ကြီး အိမ်ပေါ်ရောက်လာပြီ တွေးရင်း မဲ့သွားတယ်။ ယောကျ်ားဖြစ်သူနဲ့ နှောင်ဂျိမ်ပလေးထားတာက မကြာသေး။

အခု ဒီလူပိုကြီးကိုပါ အိမ်ပေါ်အကြာကြီးတင်ထားရရင်တော့



www.burmeseclassic.com

www.burmeseclassic.com


ယောက်ျားနဲ့ နေ့တိုင်းဖိုက်ဖို့ပဲ ရှိတော့တယ်။ ယောက်ဖဆိုတော့ ပိုဆိုးတော့ မပေါ့။ ဒါနဲ့…

'ဟဲ့… နင် ဆင်းလာတာက အရေးမကြီးဘူး၊ ငါ့အိမ်ပူတယ်'

'ဟာဗျာ… အစ်မကလည်း ဒီမောင်လေးတစ်ယောက်တည်းရှိတဲ့ဟာ၊ ဟိုအောက်ကောင်တွေက နင့်ကို ငါ့လောက်မချစ်ဘူး၊ 'ငါက နင့်ကို သံယောဇဉ်ရှိလွန်းလို့ ဆင်းတာတောင် နင့်အိမ်ဆင်းလာတာ၊ မထားလို့ မရဘူး၊ နင်မထားလည်း ငါကနေမှာပဲ'

မောင်နှမချင်း အသက်က တစ်နှစ်ကျော်လောက်ပဲ ကွာတာလေ။

'ဟယ်… နင့်ယောက်ဖက အပေါက်ဆိုး အပြောဆိုးဟဲ့၊ နင်က လည်း ခွစာ၊ ဖြစ်မှာမဟုတ်ဘူး'

'မရဘူးဟာ၊ နေမှာပဲ၊ အစ်မတစ်ယောက်လုံးပေးထားတာ၊ ဒါ လောက်တော့ သည်းခံရမှာပေါ့၊ ပြီးတော့ ငါ့သူငယ်ချင်းတွေဆီမှာ အလုပ် ရှာမယ်၊ ဟွန်း… နင့်ဆီက အလကားမစားဘူး၊ တကတည်း မောင်နှမ ချင်းတောင် ဖြစ်နေတာ၊ ဘာလဲ ရန်ကုန်မှာ အနေကြာတော့ အကျင့်မကောင်း တော့ဘူးပေါ့လေ၊ ဩော်… ငါ့မှာတော့ အစ်မဆိုပြီး အားကိုးလိုက်ရတာ၊ ဟင်း… သူက'

'ဟယ်… နားကိုအူရော၊ ကဲ… နေဟာ၊ နေ…'

နားအူလောက်အောင်ကို နှုတ်သီးကကောင်းတော့ ဟိုကနားအေး ပြီးရော သဘောနဲ့ ခေါင်းညိတ်လိုက်ရတယ်။

'အဟဲ… ဒီလိုလုပ်ပါ အစ်မရဲ့'

မျက်နှာနာကြီး ချက်ချင်းပြုံးလာတယ်။ ဒီတုန်းမှာပဲ ဘိုးပေ အိမ် ထဲကနေ စုပုပ်ပြီး ထွက်လာတယ်။


www.burmeseclassic.com

www.burmeseclassic.com


ခြေသလုံးတွေမှာရော လက်ဖျံတွေမှာပါ တံမြက်စည်းရာတွေ အစင်းလိုက်ပဲ… ထင်းလို့။ မအေနဲ့ ဦးလေးဖြစ်သူကို ဘုကြည့်ကြည့်ပြီး အိမ်ထဲကနေ ထွက်သွားတယ်။ အဲ… မကြားတကြား ပြောသွားသေးတာ။

'အိမ်ပူတွေ ရောက်လာပြီ၊ ဟင်း… မကြာခင် အိမ်ဆူတော့မယ်' တဲ့လေ။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နေရမယ့်အခန်းက ဆိုးပေနဲ့ ကပ်လျက်အခန်း။ ဒီထက်ဆိုးတာက တစ်ခန်းတည်းကို နှစ်ခန်းကန့်ထားတာ။

မီးချောင်းက အခန်းနှစ်ခုရဲ့ အလယ်မှာ။ နှစ်ခန်းလုံး အဖွင့်အပိတ် လုပ်လို့ရတယ်။

အခန်းက မကျဉ်းပေမဲ့ ခုတင်ပေါ်က တက်ကြည့်ရင် တစ်ဘက် ခန်းထဲကိုအတိုင်းသား မြင်နေရတယ်။

ဒါပေမဲ့ ကိစ္စမရှိပါ။ လမ်းမှာကတည်းက ဝယ်လာတဲ့ မင်းသမီးပုံ၊ မော်ဒယ်ပုံတွေကို လိုက်ကပ်တယ်။ ပြီးမှ ခုတင်ပေါ်ထိုင်ရင်း စိမ်းစိမ်းကြည့် ပြီး...

'မုန်းတယ်၊ မင်းတို့ကို မုန်းတယ်၊ ဟွန်း... ကြည့်ကိုမရဘူး'

အဲ... ကြည့်မရဘူးပြောပြီး ထိုင်ကြည့်နေတယ်လေ။

'မုန်းတယ်ဟာ'

တစ်ဘက်ခန်းက ဆိုးပေ။ အသံတွေကြားပြီး ခေါင်းထောင်လာ တယ်။ ခြေလက်တွေမှာ အရိုးရာတွေချည်းပဲဆိုတော့ မြဲပြင်မထောင်ရဲတော့ ပါ။ သူများတွေလောင်မှာစိုးလို့။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲ အောင်းနေတုန်း တစ်ဘက်ခန်းကအသံကြားလို့ နံရံပေါ်တက်ချောင်းတယ်။ နံရံက အပေါ်မှာ လွတ်နေတယ်လေ။ တစ်ယောက်တည်း ပုံတွေနဲ့ ရုန့်ဖြစ်နေတဲ့ ကိုသုခကို တွေ့ပြီး အံ့သြသွားတယ်။

'ဟင်… အမေ့မောင်က အရူးကြီးလား မသိဘူး'

'မုန်းတယ်၊ မင်းတို့က မာယာတစ်သိန်းမကရှိတာ၊ အံမယ် ဒီတစ်သက် မင်းတို့နဲ့ ဝေးလေကောင်းလေပဲ ဟွန်း၊ ကြည့်ရင်း စိတ်ကုန်လာတယ်၊ ဝတ်မယ်၊ ဘုန်းကြီးပဲဝတ်ပြီး သာသနာ့အရိပ်ထဲပဲနေတော့မယ်၊ မျက်နှာတွေကို ကြည့်ရတာ ပူနေလောင်နေရောပဲ၊ ဟွန်း… မကြည့်ချင်ဘူး'

'အဟိ'

'ဟင်'

တစ်ယောက်တည်း ထိုင်ပေါ်နေတုန်း ရယ်သံထွက်လာလို့ အံ့သြပြီး ပတ်ရှာတယ်။

ဘယ်သူမှ မရှိဘူး။ ဒါပေမဲ့ အသံက အသေအချာကြီး ကြားလိုက်ရတာလေ။ ဒါနဲ့… မျက်နှာငယ်သွားတော့တာ။

'ဟင်… သရဲလားမသိဘူး၊ ဒုက္ခပဲ၊ ဒီအိမ်သရဲခြောက်လားမသိဘူး'

'အဟိ'

'ဟာ'

အသံထပ်ထွက်လာတာနဲ့ ခေါင်းပါကြီးသွားတယ်။ ပြီးမှ ဆိုးဝေတို သတိရသွားတယ်။ ဒါနဲ့ပဲ ရုပ်ကိုမာလိုက်ပြီး…

'ဟေ့ကောင်… မင်း ဘာလို့ချောင်းနေတာလဲကွ ဟေ့'

ဟောက်တော့ တစ်ဘက်ခန်းကအသံပြန်ထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူမှ မချောင်းဘူး၊ အသံကြားနေရလို့ဗျို့၊ အချစ်ရူးကြီးလား မသိဘူး၊ အဟီး...'

'ဘာကွ'

တင်းသွားတယ်။ ကြောက်မလားလို့ လှည့်ခြောက်တယ်။

'မင်းအမေနဲ့တိုင်ပြောရမလား၊ ဟွန်း... မမှတ်သေးဘူးလား'

'ဘာမှမဆိုင်ဘူး၊ တိုင်ချင်တိုင် မတိုင်ချင်နေ၊ သေချာတာက တော့ အမေ ကျွန်တော့်ကို မရိုက်နိုင်တော့ဘူး'

'အံမာ... တကယ်လား'

မကြောက်တဲ့အပြင် ဟိုက အပိုင်ပြောတယ်။

'ဘာလို့လဲဆိုတော့ မနက်က အမေ ကျွန်တော့်ကိုရိုက်တာ လက်ညောင်းတယ်လို့ ပြောတယ်၊ ဒီတော့ ဒီနေ့မရိုက်နိုင်တော့ဘူးလေ၊ ကျွန်တော့်ကို တိုင်ရင် ကြားတာတွေ အကုန်ပြန်ပြောပြမှာနော်၊ အဟား... ဒါဆို ဦးလေး နာပြီ'

'တော်ပြီကွာ... ငါ ခရီးပန်းလာတယ်၊ အိပ်ဦးမယ်'

စကားကို လျှောချရင်း ခုတင်ပေါ်တက်လှဲလိုက်တယ်။ ဆိုးပေ မျက်နှာပြုံးသွားတော့တာ။

❖ ❖ ❖

'ဝါး...'

ညနေ အတော်စောင်းမှပဲ အိပ်ရာက နိုးလာတယ်။ မထသေးဘဲ အရင်က အကြောင်းတွေကို တွေးရင်း ချစ်သူကို သတိရလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သတိရခြင်းနဲ့အတူ မုန်းစိတ်တွေ ပွားပြီး မျက်နှာကြီးမာလာတယ်။ တကယ်တော့ တစ်ယောက်နဲ့တစ်ယောက် မတွေ့ရမနေနိုင်အောင် ချစ်ကြတာ။ သုံးနှစ်သုံးမိုး တွဲလာပြီးကာမှပဲ…

အတွေးစကို ဖြတ်ရင်း စိတ်တိုလာတယ်။ အချစ်ကြီးရင် အမျက်ကြီးတယ်လေ။ နံရံက ပုံတွေကိုကြည့်ရင်း မိန်းမတွေကို အလိုလိုနာကြည်းနေတယ်။

ဘာမှတော့ မဆိုင်ပါ။ ဒါပေမဲ့ တစ်ခါခံထားရဖူးတော့ မှတ်နေတယ်။ မိန်းမတွေဟာ အတူတူပဲလို့ ခံယူထားတယ်။ ခေါင်းကိုရမ်းရင်း ထတယ်။ အပျင်းကြောကိုဆန့်ရင်း ဗီရိုမှန်ထဲကို ကြည့်လိုက်တယ်။

'အဟဲ… ရုပ်က ရယ်ချင်စရာကြီး အဟီး'

မှန်ထဲမှာ မျက်နှာတစ်ခုပေါ်နေတယ်။ နှုတ်ခမ်းမွေးတွေက အပေါ်ကိုထောင်တက်ပြီး နွယ်လိုလိမ်နေတယ်။

ပါးသိုင်းမွေးနဲ့ နားထင်မွေးက ဆက်ပြီး မျက်ခုံးဆို အကြီးကြီးနဲ့ အရှည်ကြီး။ ကြည့်လေ ရယ်ချင်လေပဲ။

'ဟား… ဟား… ကဲ… ရုပ်ကိုက ပေါင်ချိန်နဲ့ဂျူမုံ စပ်ထားသလိုပဲ၊ အဟိ… ဟင်'

အသေအချာပြူးပြဲကြည့်မှ ကိုယ့်ရုပ်ဆိုတာ သိပြီး ကြောင်သွားတယ်။ အိပ်နေတုန်း ဘယ်သူလက်ကမြင်းသွားလဲ စဉ်းစားတယ်။

'တောက်… ဟိုကောင် ဆိုးပေပဲနေမှာ၊ သင်းတော့လား'

စိတ်ဆိုးပြီး ခုတင်ပေါ်တက်။ တစ်ဘက်ခန်းကို ကြည့်တော့ ဆိုးပေကို မတွေ့ရ။

ဒါနဲ့ အိမ်ရှေ့ခန်းကို ထွက်ရှာတော့လည်း မတွေ့ဘူး။ အစ်မဖြစ်သူက တွေ့သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… သုခ နင်ဟယ်… မကြီးမငယ်နဲ့ ပေါလိုက်တာ၊ ဘာလဲ၊ အပြင်ထွက်ရင် ကောင်မလေးတွေ မကြည့်အောင် ရုပ်ဖျက်ထားတာလား'

'အေးလေ ပျက်ရုံလေး၊ ဟာ… ဘယ်ကလာ နင့်သားလက်ကမြင်း့သွားတာ၊ ဘယ်မလဲ ဒီကောင်'

အစ်မဖြစ်သူက တခစ်ခစ် ရယ်နေတယ်။ ပြီးမှ…

'နင်ဟယ်… ကလေးလုပ်တာကို ဘာလို့ငြိမ်နေလဲ၊ ခုမှလာရှာနေတယ်၊ ဟိုကောင်က ဘောလုံးကန်သွားပြီ'

'ဟာ… ကျုပ် အိပ်နေမှတော့ ငြိမ်မနေလို့ ဘယ်ရမလဲ'

'ဟီး… ဟီး… နင့်ဘာသာ အအိပ်ကြီးတာ ခံပေါ့၊ ဒီမှာနေရင် သူ့ဒဏ်တော့ ခံရမှာပဲ'

'တောက်'

မခံချိ မခံသာနဲ့ ဒေါပွပြီး အခန်းထဲ ပြန်လာတယ်။ တစ်ယောက်တည်း ကြိမ်းတယ်။

'နေနှင့်ဦးပေါ့ကွာ၊ အလှည့်ကျ မနွဲ့စတမ်းပေါ့၊ အေး… ငါလည်း မင်းလိုကောင်ပဲကွ ဟွန်း'

ရေမိုးချိုးပြီးတာနဲ့ ထမင်းစားခန်းထဲဝင် ထမင်းစားနေတယ်။ အစ်မဖြစ်သူက အနားထိုင်နေတယ်။

'စား… စား… အားမနာနဲ့'

'မနာပါဘူး၊ ဩော်… ဒါနဲ့ နင့်သမီးအကြီးမရော မတွေ့ပါလား'

'နင့်တူမက ဒီနှစ်ဆယ်တန်းဆိုတော့ ကျူရှင်မှာချည်းပဲ၊ နေ့လည်က ပြန်လာတော့ နင် အိပ်နေတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောတော့ဘဲ ထမင်းဆက်စားနေတယ်။ ပြီးမှ အစ်မဖြစ်သူက အိမ်နေရင်း တောက်တောက်ပြောင်ပြောင် ဝတ်ထားတယ်။ ပြီးတော့ အလှက် ပြင်ထားသေးတာကို သတိထားမိသွားတယ်။

စပ်စုချင်တာနဲ့ မေးတယ်။

'အစ်မ… ဘယ်သွားမလို့လဲ ပြင်လို့ ဆင်လို့'

အစ်မဖြစ်သူ မဲ့သွားတယ်။

'ဘယ်မှမသွားဘူး၊ နင့်ယောက်ဖပြန်လာရင် ကြိုမလို့'

'ဩော်… ပြောတော့ ဘာလေးညာလေးနဲ့ ယောကျ်ားအမောပြေအောင်ပေါ့လေ အဟဲ'

ပြောရင်း ထမင်းကို ပါးစပ်ထဲထည့်ပြီး ဝါးနေတယ်။ ဟိုကစွေကြည့်တယ်။

'ဘယ်ကလာ၊ အစကဆို သူလာလာ မလာလာ ငါ ဂရုမစိုက်ဘူး၊ အခု နင့်ကြောင့်ဟဲ့၊ သိရဲ့လား'

'ဟာဗျာ၊ ဘာမှကို မဆိုင်ဘူး'

'ဟဲ့… ဘာလို့မဆိုင်ရမှာလဲ၊ သူက ငါ့အမျိုးဆို ကြည့်ရတာ မဟုတ်ဘူး၊ ငါကလည်း အမျိုးကိုထိရင် ခံချင်တာ မဟုတ်ဘူး၊ ဒီတော့ သူမပြောရလေအောင် မျက်နှာချိုသွေးပြီး လေပြေထိုးရမှာမို့လေ'

'အု… ဟု'

ထမင်းပါ နင်သွားတော့တာ။ အစ်မဖြစ်သူက ဆက်ပြောတယ်။

'သူ့အကြောကို ငါက ခံတာမဟုတ်ဘူး၊ အခု နင့်ကြောင့် ငါ အောက်ကျခံပြီး ပြုံးပြရယ်ပြရဦးမယ်၊ ဟွန်း… သိက္ခာကျတယ်'

'ဟာဗျာ၊ ဒီမှာ ထမင်းတောင် စားမဝင်တော့ဘူး၊ အစ်မ သားက ဆမင်းအပိုဇလုံပေးပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ဟိုက မျက်စောင်းထိုးရင်း ယူပေးတယ်။ ပြောတော့ စားမရဘူး တဲ့။ အားပါးတရ ထည့်စားနေတော့တာ။ ဒီတုန်းမှာပဲ အိမ်ရှေ့မှာ ကားစက် သံကြားရတယ်။

အစ်မဖြစ်သူက မအီမသာ မျက်နှာနဲ့ ထတယ်။

'ဟွန်း… နင့်ယောက်ဖတော့ ပြန်လာပြီ၊ သွားပြီး ချော့မော့ပြော ရဦးမယ်၊ ဒါမှ နင်နေလို့ကောင်း စားလို့ကောင်းမှာ'

ပြောရင်း အိမ်ရှေ့ဘက် ထွက်သွားတယ်။ အစ်မဖြစ်သူကို ငေး ကြည့်ရင်း ဝါးတာကိုရပ်ပြီး စဉ်းစားတယ်။

'အင်း… ငါ့အကြောင့်များ သူတို့လင်မယား ခဏခဏရန်ဖြစ် နေမလား၊ ငါ အစ်မကို သက်သက်လာပြီး ဒုက္ခပေးသလိုများ ဖြစ်နေ မလား'

ပြီးမှ ထမင်းကို ဆက်ဝါးရင်း…

'အိုး… ဘာဖြစ်လဲ၊ လင်မယားတော့ မကွဲနိုင်ပါဘူး၊ ရန်ဖြစ် ဝင်ဆွဲရုံပေါ့၊ အဟဲ'

ပြုံးနေတော့တာ။

❖ ❖ ❖

'မောင်… ပြန်လာပြီလား အဟင်း'

'အဲဗျ'

ကားတံခါးဖွင့်ဆင်းတယ်ဆိုရင်ပဲ မိန်းမဖြစ်သူ အပြေးကလေးလာ မဆွဲစဖူး လက်ဆွဲအိတ်ပြေးဆွဲတယ်။



www.burmeseclassic.com

www.burmeseclassic.com


ပြီး ရွှန်းရွှန်းဝေအောင် ပြုံးပြနေတာနဲ့ အံ့ဩသွားတယ်။

ခါတိုင်းဆို ဒီလိုမဟုတ်။ ကားသံကြားရုံမကလို့ အိမ်ထဲထိ ဝင်ပြီးမဲ ဆဲဆဲ ဂရုစိုက်တာရယ်မဟုတ်။

ပြင်ထားတာကတော့ အပျိုတုန်းက အတိုင်းပဲဆိုတော့ ကြည့်ရင်း အလိုလို စိတ်ထဲလန်းသွားတယ်။

ဒီလိုပုံစံမျိုးက မတွေ့ရတာ ကြာပြီလေ။ ကြာဆို ကလေးတစ် ယောက်စရပြီးကတည်းက…

စကားပြောရင်လည်း တော်တွေ ကျူပ်တွေနဲ့။ ခုမှ မောင်ဆိုတာ ပြန်ထွက်လာတာလေ။ စိတ်ချမ်းသာသာနဲ့ မိန်းမရဲ့ပါးကို ဆွဲညှစ်ရင်း…

'ဟာ… မိန်းမ ဒီနေ့သိပ်လှနေပါလား၊ အဟဲ… ပြီးတော့ အလိုက်ကလည်း သိနေပါလား၊ ပြောစမ်း၊ ဘာပူဆာမလို့လဲ၊ မင်း ဒီပုံလေး အတိုင်းသာ နေတိုင်းနေ၊ မောင် ဘာမဆို လုပ်ပေးမှာ အဟဲ'

သိန်းဝေ မိန်းမကိုဖက်ရင်း သွားကြီးကိုဖြဲလို့။ အခုမှပဲ ရည်းစား ဘဝတုန်းက ရင်ခုန်သံမျိုးလေး အမှတ်မထင်ရလိုက်လို့လေ။ မိန်းမဖြစ်သူ က မခို့တရို့မော့ကြည့်ရင်း…

'မောင်နော် ဘာလဲ၊ ဒီလိုကြိုတာနဲ့ပဲ ဝယ်ခိုင်းချင်တာ ရှိတယ် ထင်နေတယ်ပေါ့ ဟွန်း… အရင်လိုပဲ နေရမလား'

'ဟာ… မဟုတ်ပါဘူးကွာ၊ ချက်ချင်းကြီးဆိုတော့ ဟိုလေ ထူးဆန်းနေလို့'

မိန်းမဖြစ်သူ မျက်စောင်းထိုးတော့ တဟဲဟဲနဲ့ သဘောကျနေတယ်။

'အရင်လို မနေပါနဲ့ကွာ၊ ငါ့မှာ စိတ်ကိုပျက်လို့၊ မိန်းမရယ် မင်း ဒီအတိုင်းသာနေလို့ကတော့ ငါသွားလေရာ ခေါ်သွားမှာ အဟဲ'



www.burmeseclassic.com

www.burmeseclassic.com



'သွား . . . ကလေးနှစ်ယောက်က ရှိသေးတဲ့ဟာ'

'အဟီး . . . သဘောပြောတာပါကွာ'

လင်မယားနှစ်ယောက် ညားခါစကလို ပလူးနေကြတယ်။ သိန်းဝေက ဘေးဘီကို စေ့ကြည့်ရင်း ချောင်းတယ်။

'မောင် ဘာချောင်းနေတာလဲ'

'အဟဲ . . . ဘာမှမဟုတ်ဘူး၊ မင်းသမီးရော'

'ပြန်မလာသေးဘူး'

'ဒါဆို သားရော'

'ဒီကောင်က ဒီအချိန် အိမ်ကပ်ဖူးလို့လား'

'ဟာ . . . အပိုင်ပဲ'

'ဘာလဲ'

စကားလည်းဆုံးရော မိန်းမပါးကို ဖက်နမ်းတယ်။ မိန်းမဖြစ်သူက ရုပ်တည်နဲ့ လက်မောင်းကိုဆိတ်တော့။ မနာဘူး။ တဟဲဟဲနဲ့ သွားကိုဖြဲလို့။

ညိုမီက ဒါလောက်ဆို ပိုင်လောက်ပြီလို့ တွေးပြီး ပြုံးတယ်။ ယောကျ်ားဖြစ်သူရဲ့အထာကို နောကျေအောင်သိပြီးသား။

ဘယ်လောက်ပဲ အပြောဆိုးဆိုး။ အဲ . . . တစ်ခါလောက်ပဲ ပလူးပြလိုက်။ ဒါဆို ကိုယ်လိုရာ ဆွဲလို့ရပြီလေ။ မျက်နှာကို ချိုတယ်။ မသိရင် ပုရွက်ဆိတ်တက်မှာတောင် ကြောက်ရတာ။

'မောင့်ကို ပြောစရာရှိတယ်၊ စိတ်ဆိုးမှာလားဟင်'

'ဟင့်အင်း . . . ဆိုးဘူး၊ ဘာလို့ဆိုးရမှာလဲ အဟဲ . . . ပြော . . . ပြော'



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ပြစရာလည်း ရှိသေးတယ် သိလား'

'အိုး… ပြ… ပြ… ကြည့်ဦးမှာ၊ ကြည့်ဖြစ်အောင်ကို ကြည့်ဦးမှာ'

အကြောင်းမသိတော့ ခေါင်းချည်းစွတ်ညိတ်တယ်။ ဒါနဲ့လာဆို လက်မောင်းကနေ ဆွဲခေါ်သွားတယ်။ သိန်းဝေ ရင်ကိုကော့ရင်း ပါသွားတယ်။

တယ်ဟုတ်တဲ့ ငါ့ပါလားဆိုပြီးလေ။ ထမင်းစားခန်းထဲရောက်တော့ လူတစ်ယောက်ထိုင်ပြီး ပယ်ပယ်နယ်နယ် တွယ်နေတာတွေ့တော့ မိန်းမဖြစ်သူကို စွေကြည့်တယ်။ ဘာလဲပေါ့။ ဟိုက မျက်နှာကိုပြုံးရင်း…

'မောင့်ကို ပြောရဦးမယ်၊ ဟိုမှာလေ… ညီ့ရဲ့မောင် သုခရောက်နေတယ်၊ မောင်တစ်ခါတည်းပြောလည်းပြော ပြလည်းပြတာလေ'

'ဟင်… သူ… သူက… က'

ယောင်နနနဲ့ လက်ညှိုး ဟိုဒီထိုးပြီး မေးမလို့၊ ဒါပေမဲ့…

'ဩော်… သူက ဒီမှာ နေမလို့ပေါ့၊ ပျော်တစ်သက် မပျော်တစ်သက်တဲ့'

'အဟ'

ကော့ထားတဲ့ရင်ဘတ်လေး ပြန်ပိန်သွားတယ်။ မိန်းမမျက်နှာချိုသွေးလားမှတ်တယ်။ လက်စသတ်တော့ ဒီလိုကိုး…

တွေးရင်း မျက်နှာမဲ့ချင်လာပြီ။ ယောက်ဖဖြစ်သူက အဟဲဆိုသွားဖြဲပြပြီး ဆက်စားနေတယ်။ အရင်ပုံစံနဲ့ဆို မလွယ်ဘူး။ အခုတော့…

'ဘာလဲ… မောင်က ငြိုငြင်တာလား၊ ကြည့်စမ်း မျက်နှာကြီးက'

'ဟာ… မဟုတ်ပါဘူးကွာ၊ အဟဲ… အညီ့မောင်ဆိုတော့ ကိုယ့်ညီပဲလေ။ ဟင့်အင်း ငြိုဘူး ညင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မဲ့ချင်နေတာကို အတင်းပြုံးပြောတယ်။ မိန်းမဖြစ်သူ ပြုံးနေတယ်။ အဲ… အလိုက်ကန်းဆိုးမသိတဲ့ ယောက်ဖက ထမင်းပလုပ်ပလောင်းဝါးရင်းနဲ့ ပြောတယ်။

'အစ်မ နင်ပြောတော့ ယောက်ဖက အပေါက်ဆိုးတယ်ဆို၊ အဟား… ဥပမိရုပ်ကြည့်ရတာ သဘောကောင်းပုံရပါတယ်၊ လာလေကွာ ယောက်ဖ တစ်ခါတည်း ဝင်စား လာ'

'ဟာ… စား… စား၊ မင်းပဲစား၊ အစ်ကို ရေချိုးလိုက်ဦးမယ်၊ အဟဲ… လာ… မိန်းမ'

အတင်းငြင်းရင်း သဘောကောင်းကြောင်းပြပြီး မိန်းမဖြစ်သူကို အတင်းဆွဲခေါ်သွားတယ်။ ဘာပဲဖြစ်ဖြစ် လော်လောဆယ်တော့…။

ယောက်ဖဖြစ်သူက ထမင်းစားကောင်းတုန်းပဲ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဆိုးပေတို့ ဘောလုံးကန်ပြီး ပြန်လာကြတယ်။ တစ်ဘက်လမ်းက ကောင်တွေနဲ့ ချိန်းကန်တာ ဘယ်သူမှ မနိုင်ဘူး။ ဒီတော့ ထုံးစံအတိုင်း ဟိုလူမကောင်းတာ။ ဒီလူညံ့တာနဲ့ အသံစုံကို ထွက်နေလေရဲ့။

'ဟိုကောင် ပူစူး တစ်ဘက်လေးယောက်ကန်တာ ခွေးသူခိုးက ရှေ့ရောက်ရင် နောက်ပြန်မလိုက်ဘူး၊ သင်းမကောင်းလို့ သရေကျတာ'

ပြောတော့ မိုက်ကလေးပူပြီး ကျန်တာပိန်တဲ့ ပူစူးက အသံစူးစူး လေးနဲ့ ပြောတယ်။ မိုက်ပူပြီး အသံကစူးနေလို့ ပူစူး ဖြစ်နေတာလေ။

'ဟာ… ဟိုကောင်ကြွက်ကြီးကရော ဘာထူးလဲ၊ ဂိုးသွင်းတာ ခြေနဲ့မကန်ဘဲ သွားနဲ့ထိုးဖို့ကောင်းတယ်၊ လူမရှိတဲ့ဂိုးထဲ ကန်ထည့်တာ တိုင်ထိတယ်တဲ့'

ကြွက်ကြီးမဲ့သွားတယ်။ ရှေ့သွားနှစ်ချောင်းက အပြင်ကို ငေါ်ထွက် နေတော့ ကြွက်နဲ့တူလို့ ကြွက်ကြီးဖြစ်နေတာ။

'ဟာ… ငါ့ချည်းပဲ မပြောနဲ့၊ ဟိုကောင် ဝက်မ မကောင်းလို့ သင်းကိုယ်လုံးကြီးနဲ့ ငါ့ကိုဝင်တိုးမှတော့ ဂိုးလွဲသွားတာပေါ့ကွ'



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှာ အဝဆုံးနဲ့ အထွားဆုံး။ နှုတ်ခမ်းကြီးက ထော်ပြီး ဗိုက်ကြီးက ပူနေသေးတာ။ ဒါနဲ့ပဲ ဝက်မဖြစ်သွားတယ်။

'အံမာ… ငါတို့ကိုပဲ အပြစ်ပြောနေတာ၊ မင်းကရော ဘာအဖြစ် ရှိလို့လဲ၊ အတိုးမပေးရတိုင်း ဘောလုံးကို ပတ်လှည့်နေတာ၊ ယောာ… သူ မရတော့မှ ဖြစ်သလိုပေး၊ ဒီတော့ ပျက်ရောပေါ့၊ ဒါကြောင့် လူလိမ် ဆိုးပေဖြစ်နေတာ'

'အံမာ… ငါက နည်းနည်း မင်းက ပိုများတာ'

မြားဦးက ပြန်လှည့်လာတာနဲ့ အတင်းငြင်းတယ်။ ဒါပေမဲ့ ဝက်မ က ပြုံးပြီး…

'မပြောတော့ပါဘူးကွာ၊ အဟဲ… မင်း အစ်မမျက်နှာက ရှိသေး တယ်၊ ပြော… ပြော… မင်း အကောင်းပဲပြော'

'ဘာကွ'

ဆိုးပေ ဆဲသံညည်သွားတယ်။ မျက်နှာကို ရဲနေတော့တာ။ တခြားစ လို့ရပေမယ့် အစ်မတော့ အထိမခံ။

အစ်မအကြောင်း ပါလာတာနဲ့ ဘယ်သူမှအပြစ်မပြောတော့ဘဲ ရှပ်တည်နဲ့ တိတ်သွားတယ်။ ဟိုသုံးယောက်ပြုံးသွားတယ်။ ဆိုးပေတို့ ကျပ်ကျပ်စကားများလာပြီဆို ဘာမှပြန်မပြောနဲ့။ ပါးစပ်ညောင်းတယ်။ သူ့အစ်မနာမည်ပဲ ပြောလိုက်။ တိတ်သွားရော။ အစ်မကို အဲလောက်ချစ်တာ။

လမ်းကွေ့လေးလည်းရောက်ရော ဆိုးပေ ခြေလှမ်းတန့်သွားတယ်။

'ဟင်'

လေးယောက်သား ရပ်သွားကြတယ်။ ကောင်မလေးတစ်ယောက် ကို ကောင်တစ်ယောက်က စက်ဘီးရှေ့ကနေ ကန့်လန့်ရပ်ရင်း စကားပြော နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက တခြားမဟုတ်။ ဆိုးပေ အစ်မ မို့မို့ဇင်။ အသံစွာစွာထွက်လာတယ်။

'ဟဲ့အကောင် ဖယ်နော်၊ ငါ ဝင်တိုက်ပစ်မှာ'

'တိုက်ချင်တိုက်ကွာ၊ မင်းတိုက်ရင်လည်း ငါသေပျော်တယ်၊ မင်းအချစ်ကို မရတာချင်းအတူတူ သေတာပဲအေးတယ်'

'တောက်… နင့်ကို ဘယ်နှယ်ခါပြောရမလဲ၊ အခုမှ နို့နံ့တောင်မစင်သေးဘူး၊ နင့်ကိုယ်နင် ဘာများမှတ်နေလဲ၊ ဖယ်… ငါအပြန်နောက်ကျရင် အမေဆူလိမ့်မယ်'

'မဖယ်ဘူးကွာ'

ပေတူးတူးပြောရင်း ရပ်နေတယ်။ မို့မို့ နှုတ်ခမ်းကိုက်ရင်း အကြံအိုက်နေတုန်း…

'မမ… ဘာဖြစ်နေတာလဲ'

'ဟင်… မောင်လေး အတော်ပဲ၊ ဒီအကောင်ကို ဝိုင်းဆော်ကြစမ်း၊ ဖြစ်တာပျက်တာ ရဲစခန်းလိုက်ရှင်းမယ်၊ ဆော်ကြစမ်း'

'မမရည်းစား မဟုတ်ပါဘူးနော်'

ဆိုးပေကိုတွေ့တာနဲ့ အားကိုးတကြီးခေါ်တယ်။ အကောင်သေးသေးမယ့် လေးယောက်တောင်။ ပြီးတော့ လက်ထဲမှာ တုတ်တွေနဲ့။ ဟိုငနဲကတော့ ရပ်တည်နဲ့ပဲ။

'ဟာ… ငါ့ ဖြတ်ရိုက်လိုက်ရ၊ ငါ့ရည်းစားဆို ဒီလိုနေမလား သွား… တွယ်'

'ဒါဆိုလည်း ပြီးရော၊ လာထား ပေါ့ကောင်တွေ ဝိုင်းကြမယ်'

'ချကွာ'



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သား အနားကပ်သွားတော့ ဟိုလူစက်ဘီးပေါ်က ဆင်းလာတယ်။ အင်္ကျီလက်တွေ မတင်၊ ပုဆိုးကို တိုတိုဝတ်တာနဲ့ နည်းနည်းတော့ ရှိန်သွားတယ်။

ဒါပေမဲ့…

'မင်းတို့ကလေးတွေနဲ့ ရန်မဖြစ်ချင်ဘူး၊ အဟဲ… ပြေးပြီ'

တချိုးတည်း စက်ဘီးနင်းပြေးသွားတယ်။ ဆိုးပေတို့ ဆဲသံပဲ ကျန်ခဲ့တယ်။ ပြီးမှ ဆိုးပေက အစ်မနားသွားပြီး ပေစောင်းစောင်းကြည့်တယ်။

'မမ နင် အနေအထိုင်ဆင်ခြင်ရင် ကောင်းမယ်'

'အလိုတော်၊ ငါက ဘာလဲ၊ ကင်းမြီးကောက်ထောင်နေလို့လား'

ကက်ကက်လန် ရန်မြန်တွေ့တယ်။ နှစ်ယောက်လုံးက အပြောဆိုးတွေလေ။ ဆိုးပေက ဝက်မတို့ဘက်လှည့်ပြီး…

'မင်းတို့ ပြန်နှင့်ကြ၊ ငါ မမနဲ့ လိုက်သွားတော့မယ်'

ဟိုကောင်တွေကလည်း ခေါင်းညိတ်ရင်း ဆက်သွားကြတယ်။

'မမ နင်း၊ နင့်ကို ငါ စိတ်မချဘူး၊ ဟွန်း… ကျူရှင်တက်တာ ရှုတင်သွားတာထက် ဆိုးနေမှတော့ နည်းတောင်နည်းသေး'

'ဘာ… ကဲဟယ်'

'ဖွပ်… ဖွပ်'

အစ်မဖြစ်သူက အံကြိတ်ပြီး ခေါင်းနှစ်ချက်ဆင့် ခေါက်တော့ ပေခံတယ်။ ဘာမှမပြောတော့ဘဲ မျက်စောင်းထိုးရင်း စက်ဘီးနင်းတယ်။

ဆိုးပေ ခုန်တက်လိုက်ရင်း အိမ်ရောက်မှ ကုန်းချောရမယ်လို့ တွေးပြီး ပြုံးလိုက်တယ်။ ဒါပေမဲ့ အစ်မဖြစ်သူပြောတာကို ကြားပြီး မဲ့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင့်ကိုငါ အဖေနဲ့တိုင်မယ်'တဲ့လေ။

❖ ❖ ❖

လင်မယားနှစ်ယောက်ဧည့်ခန်းထဲ ထိုင်နေကြတယ်။ မိန်းမဖြစ်သူက လက်ဖျံကို သူ့ဘာသာနှိပ်ရင်း ညည်းတယ်။

'ကျွတ်... ကျွတ်... လက်မောင်းတွေ ကိုက်လိုက်တာ၊ ဟိုကောင့်ကို ဆုံးမရတာလေ'

'ဟာ... မောင် နှိပ်ပေးမှာပေါ့၊ ပေး... လက်၊ အဲ့ကောင်ကို ဒီတစ်ခါဆောင့်ကန်ပစ်'

ယောကျ်ားဖြစ်သူက လက်ကို လှမ်းကိုင်ရင်း နှိပ်နယ်ပေးတယ်။ ယောက်ဖဖြစ်သူလာနေတာ သိပ်ဘဝင်မကျပေမဲ့ မပြောတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

ဘာလို့လဲ။ မကြိုက်ဘူး ပြောလိုက်ရင် လင်မယားချင်း စကားများရန်ဖြစ်မယ်။ ဒါဆို အခုရနေတဲ့ အခွင့်အရေးလေး ပြုတ်သွားနိုင်တယ်။ ဒီလို မနေရတာ ကြာပြီလေ။

ယောက်ဖ မရောက်ခင်ကဆို မိန်းမက ဖြစ်သလိုနေတယ်။ ပြင်ဆင်ခြင်းလည်း မရှိဘူး။ ချိုချိုသာသာပြောဖို့နေနေသာသာ တွေ့တာနဲ့ မျက်စောင်းထိုးတော့တာ။

ကြားက ယောက်ဖကို ကြိတ်ပြီးကျေးဇူးတင်နေတယ်။ စိတ်ထဲမှာလည်း...

'ယောက်ဖက ကောင်းကျိုးပေးမယ့်ပုံ အဟီး၊ စရောက်ရုံပဲ ရှိသေးတာ၊ မိန်းမဆီက ယုယမှု၊ စာနာမှုတွေ ရကုန်ပြီ၊ ကျေးဇူးပဲ ယောက်ဖ'



www.burmeseclassic.com

www.burmeseclassic.com



လို့ တွေးနေတယ်။ မိန်းမဖြစ်သူကလည်း မောင်ဖြစ်သူကို ငြိုငြင်မှာစိုးတော့ ယောကျ်ားကို ကြင်နာပြနေရတယ်လေ။

'အဟဲ... မိန်းမ ကိုက်နေသေးလား'

'ဘာလဲ၊ ညောင်းနေပြီလား၊ ရပါပြီ အဟင်း'

'ဟာ... ညောင်းဘူး၊ ညောင်းဘူး၊ မိန်းမ နေလို့ထိုင်လို့ကောင်းတယ်ဆို ဆက်နှိပ်ပေးမှာ၊ နှိပ်ပေးဦးမှာ'

'သွား... ဘာရုပ်ကြီးမှန်းကို မသိဘူး'

'အဟီး'

မျက်နှာကြီး အသားကုန်ဖြီးရင်း လက်ကိုမလွှတ်တော့ဘူး။ တဟဲဟဲနဲ့ မျက်နှာနား အတင်းသွားကပ်တယ်။

'ဩော်... အဖေတို့ကတော့ ဒီမှာပျော်နေတယ်ပေါ့လေ'

'အဲ'

ကောင်းခန်းရောက်မှပဲ ဆိုးပေက ဝင်လာတယ်။ လင်မယားနှစ်ယောက် လူချင်းခွာသွားကြတယ်။ ပြီးမှ သားဖြစ်သူကို ဘုကြည့်ကြည့်ရင်းမေးတယ်။

'ငါတို့က ဒီမှာ မပျော်ဘဲ ဘယ်သွားပျော်ရမှာလဲ၊ ဘာလဲ၊ ချောင်းသာကို သွားရမှာလား'

'အဲဒါပဲ အဖေတို့က၊ သမီးမိန်းကလေးမွေးထားပြီး မပူမပင်တာ အံ့ပါရဲ့'

ဆိုးပေက ပြောရင်း ဝင်ထိုင်တယ်။ ဒီတော့မှ သမီးဖြစ်သူကို သတိရသွားကြတယ်။

'ဟယ်... ဟုတ်တယ်၊ သမီး ဒီနေ့မိုးချုပ်လှချည်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… အခုမှ'

'ယောက်ျား လိုက်သွားကြမယ်'

'အင်း… ကောင်းတယ်'

ကပြုးကပြဲနဲ့ ဖြစ်နေတုန်း သမီးဖြစ်သူ ဝင်လာတယ်။ ဒီတော့မှ သက်ပြင်းကိုယ်စီချလိုက်ကြတယ်။

သမီးမိန်းကလေးမွေးရတာ လွယ်တာလိုက်လို့။ သမီးဖြစ်သူက နှုတ်ခမ်းစူရင်း ဝင်ထိုင်တယ်။ ဖအေဘေးကပ်ရင်း ဆိုးပေကို မျက်စောင်းထိုးတယ်။

'အဖေ့သား ဘာမှအားမကိုးရဘူး၊ အလကားကောင်'

'ဟုတ်လား'

အဖေရော အမေရော မျက်နှာမာနဲ့ ဝိုင်းကြည့်ကြတာနဲ့ ဆိုးပေ ရှုံ့မဲ့သွားတယ်။ ဟုတ်တယ်လေ။ လူမိုက်လည်း ဝင်လုပ်ပေးရသေး။ ခေါင်းပါ အခေါက်ခံရပြီး အခု အတိုင်ပါ ခံရသေးတာ။

'ဟာဗျာ… မမ မတရားမပြောနဲ့၊ အဲဒါ ကျွန်တော့်ပြဿနာမဟုတ်ဘူး၊ မမ ပြဿနာလေ'

'ဟေ့ကောင် တိတ်စမ်း၊ မင်းလျှာမရှည်နဲ့၊ သမီး ပြောစမ်း၊ ဒီကောင် ဘာအသုံးမကျတာလဲ'

ဖအေဖြစ်သူက ဝင်ဟောက်တယ်။ အကြီးလည်းဖြစ်၊ ပြီးတော့ မိန်းကလေးလည်းဖြစ်တော့ သမီးကို ပိုချစ်တယ်။

ချစ်ဆို ပြောစကားဆိုစကား အဲ…ရှေ့တင်တော့ ခေါင်းတညိတ်ညိတ်နဲ့။ ကွယ်ရာမှာတော့ ဘယ်လိုနေတယ်မသိ။ နားတော့ထောင်ပါတယ်။

'သမီးကို လိုက်နှောင့်ယှက်တဲ့အကောင်ကို မှတ်လောက်သား



www.burmeseclassic.com

www.burmeseclassic.com



လောက်ဖြစ်အောင် ဝိုင်းရိုက်ပါဆို အဖေ့သားက ကြောက်နေတယ်လေ၊ မရိုက်ရဲဘူး၊ အဲဒါကောင်းလား'

'ဟော'

ဖအေရော မအေရော မျက်ပြူးလေးတွေနဲ့ ဝိုင်းကြည့်ကြတယ်။ စိတ်ထဲဘုရားတရင်းလေ။

ဒီခေတ်ကြီးက အရင်ကလို သူ့ရိုက် ကိုယ်ရိုက်မဟုတ်တော့။ ရိုက်ပြီးမို့လား ငြိမ်နေလိုက်တယ်။ အဲ... ပြီးမှ ရဲစခန်းတို့ တရားရုံးတို့နဲ့ ဖြစ်ကုန်ရော။

ကုန်လိုက်မယ့် ပိုက်ဆံများ သောက်သောက်လဲပဲ။ မရိုက်တာ ကံကောင်းတယ်လို့ တွေးရင်း ဆိုးပေကို ဝိုင်းကြည့်ကြတယ်။

'ပြီးတော့ ကိုယ့်ထက်အကြီး သမီးကိုလည်း ဟောက်လား ငမ်းလားနဲ့ အဲဒါကောင်းလား၊ အသုံးကို မကျဘူး'

'သမီးရယ်... အဲလိုကြီးဆို ဘယ်ကောင်းမှာလဲ'

'နင့်အဖေပြောတာ ဟုတ်တယ်၊ ဒီကိစ္စမျိုးက အော်ချက်ဖြစ်ရင် ရှက်စရာ'

ဖအေနဲ့ မအေက ကိုယ့်ဘက်ပါတော့ ဆိုးပေ ပြုံးပြီး ရင်ကော့ လိုက်တယ်။ အဲ... အစ်မဖြစ်သူကတော့ နှုတ်ခမ်းကိုက်ရင်း မျက်စောင်းကို ဖောဖောသီသီထိုးနေတော့တာ။ ပြီးမှ... ပတွတ်ပတွတ်နဲ့ ပြောတယ်။

'အဖေတို့က သူ့သားဘက်လိုက်တယ်၊ ဟွန်း... ဒီလိုမှန်းသိ မပြောပါဘူး'

'အဲ...'

မျက်နှာလေး စူပုပ်သွားတယ်ဆိုရင်ပဲ ဖအေဖြစ်သူက ခေါင်းကုတ် တယ်။ ကောက်သွားမှာစိုးတာနဲ့ အတင်းမှန်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ သမီး မှန်တယ်၊ ဒီကောင် အသုံးမကျဘူး'

'ဗျာ'

ဆိုးပေ အံ့သြတကြီးနဲ့ ရင်ဘတ်လေး ပြန်ပိန်သွားတယ်။ ဖအေက မျက်နှာမာနဲ့ ဆက်ပြောတယ်။

'ဟုတ်တယ်၊ မင်း ကိုယ့်အစ်မတစ်ယောက်လုံးတောင် မကာကွယ်နိုင်ဘူး၊ လူညံ့၊ လူနုံ၊ လူအ၊ လူငနွား'

'ဟွန်း… ငါနော်'

'အဟီး… ကောင်းတယ်'

အစ်မရဲ့ စပ်ဖြဲဖြဲမျက်နှာကို ကြည့်ပြီး ဆိုးပေတင်းသွားတယ်။ မအေဖြစ်သူကတော့ ဘာမှမပြောပါ။ ဆိုးပေက မဲ့ရွဲ့ပြောတယ်။

'အဖေတို့က သားကိုပဲ အပြစ်ပြောတယ်၊ ဟွန်း… မမ ပုံစံလည်း ကြည့်ကြဦး'

ဒါနဲ့ လင်မယားနှစ်ယောက် သမီးဖြစ်သူကို ဝိုင်းကြည့်ကြတော့ ကိုယ်လေးကျုံ့ရင်း ရှက်နေတယ်။

ဟုတ်ပါတယ်။ ကိုယ့်မျက်စိထဲ ကလေးဆိုပေမယ့် အတော့်ကို ကြီးနေပြီ။ ပြီးတော့ ဝတ်ထားတာက လန်ပျံနေရောပဲ။ နဂိုလှဟာ အဝတ်အစားတွေကြောင့် ပိုလှသွားတယ်လေ။

လင်မယားနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ကြည့်ရင်း သက်ပြင်းကိုယ်စီချလိုက်ကြတယ်။

အဲ… မိန်းကလေးမွေးထားတဲ့ အကျိုးဟာ ရင်မောရခြင်းပဲ။ ဒါနဲ့ ဆိုးပေဘက် ပြန်လှည့်လိုက်တော့ ဖအေထက် သားတစ်လကြီးပြတယ်။

'ဟွန်း… တွေ့ကြပြီ မဟုတ်လား၊ ကျုံ့ရှင်နဲ့ ရှောင်မှားနေတာ



www.burmeseclassic.com

www.burmeseclassic.com



တိုလေ၊ ပြီးတော့ မမက လှတယ်လေ၊ ကိုယ့်အစ်မမို့လို့ မြှောက်တာတော့ မဟုတ်ဘူး၊ ဒီအတိုင်းသာလွှတ်ထားလို့ကတော့ သားတော်ရမယ့် ယောက်ဖနည်းမှာမဟုတ်ဘူး'

'ဘာ'

လှတယ်ပြောတုန်းက ဘာသံမှ မထွက်ဘဲ အခုမှအသံထွက်လာတော့ ကြောင်တောင်တောင် သမီးဖြစ်သူကို ဝိုင်းကြည့်ကြတယ်။

'ဟိုက စိတ်ဆိုးမာန်ဆိုးနဲ့ ဆိုးပေကို ကြိမ်းတယ်။

'ဟဲ့... နင်ပြောပုံက ငါကပဲ တွေ့တဲ့သူ၊ လိုက်ပြောတဲ့သူမှန် သမျှကို ယူရမယ့်ပုံကြီး'

တလက်စတည်း ဖအေကို တိုင်တယ်။

'အဖေ ကြားတယ်နော်၊ အဖေ့သား တအားမိုက်ရိုင်းတာ ပြောဦးလေ'

'ဟေ... ဩော်... အေး... ဟော့ကောင်'

ယောင်တောင်ပေါင်တောင်နဲ့ သားဖြစ်သူကို လှည့်ဟောက်တယ်။

'မင်း ကိုယ့်ထက်အကြီးကို အဲလိုပြောစရာလား'

'ပြောတယ်ဗျာ၊ အဖေ့သမီးက ပြောမှကိုရမှာ၊ ဒီတိုင်းသာဆိုသား ငယ်ငယ်ရွယ်ရွယ်နဲ့ ထောင်ထဲရောက်လိမ့်မယ်၊ ဒီတော့ ကျူရှင်မထားနဲ့၊ ဝိုက်ငှားပြီး အိမ်ခေါ်သင်ဗျာ၊ အဲ... ဝိုက်တောင် ဆရာမပဲ ငှားဗျာ၊ သား စိတ်မချဘူး၊ ဆရာတွေဆို ဇာတ်လမ်းက ရှုပ်ဦးမှာ'

'ဟာ... ငါ ဒီကောင်လုပ်လိုက်ရ'

ဖအေဖြစ်သူ လက်တရွယ်ရွယ်ဖြစ်တာနဲ့ပဲ ဇက်ပုသွားတယ်။ ကြားက စားပွဲခံနေလို့ တော်သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



'မင်း… ငါ့ထက်တစ်လမကြီးချင်နဲ့၊ သိတယ်၊ လျှာမရှည်နဲ့' သားဖြစ်သူကို ဟောက်ပြီး မိန်းမဘက်လှည့်ပြောတယ်။

''ဒီကောင်ပြောတာ ဘယ်လိုသဘောရလဲ'တဲ့။

မအေဖြစ်သူက သမီးကိုကြည့်ပြီး သက်ပြင်းချတယ်။ အသား ဖြူဖြူ၊ မျက်လုံးပြူးပြူး၊ မျက်နှာသွယ်သွယ်နဲ့ သမီးက အချောအလှစာရင်း ထဲပါတယ်။

'အင်း… အဲဒါကောင်းတယ်၊ ယောကျ်ားအသိတွေထဲမှာ ဆရာမ ကောင်းကောင်း ရှိတယ်မဟုတ်လား၊ အဆင်ပြေရင် ခေါ်ခဲ့လေ၊ ကျွန်မ တောင် သမီးကို ကြည့်ရင်း စိတ်မချတော့ဘူး'.

'အေး… ဒါဆိုလည်း ပြီးရော'

ဆိုးပေ ပြုံးသွားတယ်။ အစ်မဖြစ်သူကို စက်ဘီးတစ်စီးနဲ့ လတ်လျားလတ်လျားနဲ့ ကောင်လေးတွေ တသီသီနဲ့ မဖြစ်တော့မှာမို့လေ။

သားအဖတွေ ညီညွတ်သွားကြတော့ မို့မို့ဇင် နှုတ်ခမ်းကြီးချွန်သွား တယ်။

'ကောင်းပါတယ်၊ ဟွန်း… ကောင်းပါတယ်၊ အမေတို့သဘောပဲ လုပ်ကြ၊ သမီးကျတော့ မပါဘူး၊ အီး… ဟီး… သူများကို ချုပ်ချယ်တယ်၊ ဆိုးပေ နင် ကြပ်ကြပ်သတိထား၊ တွေ့ဦးမယ်၊ နင်ကချွန်တွန်းကောင်၊ မျက်နှာလို မျက်နှာရနဲ့'

ကောက်ပြီး ဆိုးပေကို မျက်စောင်းထိုးရင်း အိမ်ထဲ ဆောင့်ဆောင့် နဲ့ ဝင်သွားတော့တာ။

'အယ်ဗျာ… သူ့အတွက်လည်း ပြောရသေးတယ်'

ဖအေနဲ့ မအေကို အားကိုးတကြီး ကြည့်ပါတယ်။ ဖအေက မျက်နှာမသာနဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ သမီးပြောတာ၊ မင်းလည်း ကြပ်ကြပ်သတိထားပွန်း'

'အဲဗျာ'

ဘာမှမဆိုင်ဘဲ ဟောက်ပြီး သမီးဖြစ်သူနောက် လိုက်သွားတယ်။

'အဟဲ'

မအေဖြစ်သူက ဘာမှမပြောလို့ မျက်နှာချိုသွေးတယ်။ ဒါပေမဲ့…

'ဟဲ့အကောင် ကြည့်စမ်း ပေတူးနေတာပဲ၊ သွား… ရေသွားချိုး၊ ညစ်ကိုပတ်နေရောပဲ၊ ဟဲ့… သွားလေမြန်မြန်'

'ဟုတ်'

မျက်နှာလေးများ ရမလားမှတ်တယ်။ နိုးပဲ။ မျက်နှာငယ်လေးနဲ့ ကုပ်ဖေးဖေး ရေသွားချိုးရတော့တာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ရောက်တာ သုံးလေးရက်လောက် ကြာတော့ ပျင်းလာတယ်။ ပျင်းဆို အိမ်ထဲမှာပဲ အောင်းနေတာလေ။

တူ၊ တူမတွေနဲ့ ပျော်စရာတော့ အကောင်းသား။ ဒါပေမဲ့ သူတို့ ကျောင်းသွားတဲ့အချိန်ဆို ငေါင်နေရောပဲ။ ဆိုးပေက ကျူရှင်တွေဘာတွေ မယူဘူးလေ။ ဒီတော့ သူပဲ အဖော်လုပ်နေရတာ။ အကြီးမကတော့ ဝိုက်နဲ့ပဲ အေးဘူး။

အစ်မဖြစ်သူကလည်း ကိုယ့်ကိုအကြောင်းပြပြီး ယောက်ျားဘေး ချည်း ကပ်နေတယ်။ ကြာတော့ ပျင်းလာတယ်။

လမ်းထိပ်လေးဘာလေးထွက်။ လက်ဖက်ရည်ဆိုင်လေးဘာလေး ထိုင်။ အခွေဆိုင် စာအုပ်ဆိုင်လေးသွားမယ် ကြံတယ်။

လမ်းထိပ်တင်ဆိုတော့ သားသားနားနားလည်း မဝတ်လိုတော့ ဘူး။ ပုကလည်းပူတော့ စွပ်ကျယ်ချိုင်းပြတ်၊ ပုဆိုးအနွမ်းနဲ့ပဲ ထွက်လာခဲ့ တော့တယ်။ ခြံတံခါးဖွင့်ပြီး ထွက်လိုက်တယ်ဆိုရင်ပဲ အပြင်သွားချင်စိတ် ပျောက်သွားတယ်။

'ဟာ… အစ်မတို့ကတော့ ယောက်ျားနောက် တကောက်ကောက်

www.burmeseclassic.com



လိုက်ဖို့ပဲ သိတယ်၊ ကြည့်စမ်း၊ အမိုက်တွေချည်းပဲ၊ မထူးပါဘူး၊ မြောင်းထဲက အမိုက်ပဲ ဆယ်တာအေးတယ်၊ အဟဲ... အလုပ်မှ မရှိတာ'

ဒါနဲ့ပဲ ပေါက်ပြားတွေ ထွန်ခြစ်တွေရှာယူရင်း ခြံထဲကို အရင်လှဲ ကျင်းရှင်းလင်းတယ်။ ခြံစည်းရိုးနားက အတွင်းအပြင် ချုံတွေကို ကြည့်ရင်း တူမအတွက် ပူပြန်တယ်။

'ဟာ... ဒီချုံတွေက ငါ့တူမလေးအတွက် အန္တရာယ်ရှိတယ်၊ မဖြစ်ဘူး၊ နောက်ပြီးမှ မြောင်းကို ဆယ်ရမယ်'

ဒါနဲ့ပဲ ဓားဝင့်ယူပြီး ချုံတွေကို ခုတ်တယ်။ တစ်ယောက်တည်း အလုပ်ကို ရှုပ်နေရောပဲ။ ကပ်လျက်ခြံက သားအဖက ဒါကိုမြင်တယ်။ အဖေဖြစ်သူက သမီးကို ကြည့်ရင်း...

'ကြည့်ရတာ အလုပ်သမားထင်တယ်၊ သွားခေါ်ခဲ့ သမီး၊ အဖေတို့ခြံလည်း ရှုပ်နေတယ်'

သမီးဖြစ်သူက ချုံရှင်းတဲ့သူဆီ သွားလေရဲ့။ သူတို့က သားအဖနှစ်ယောက်တည်း။ အဖေဖြစ်သူက ဦးမိုးမြင့်၊ သမီးကတော့ မြင့်မြင့်မော်တဲ့။

တစ်ကိုယ်တည်း အပျိုကြီးပဲ။ ဖအေကို ငဲ့ပြီး ယောက်ျားမယူတာလို့ တော့ပြောတာပဲ။

အဲ... တကယ် ဟုတ်လား မဟုတ်လားတော့ မသိ။ သူခ ချုံတွေခုတ်ပြီး ခြံထောင့်မှာ ပုံတယ်။ အိမ်ရှေ့ပြန်အထွက်။

'ဒီမှာ... ဒီမှာရှင့်'

'ဟင်... ဘာယ်မတုန်းရှင့်၊ အပိုင်ပဲ၊ အဟီး စားရချည်သေးရဲ့'

နောက်က အသံကြားတော့ ပျာပျာသလဲ ချုံကိုဖြိုရှာတယ်။ ဘာမှ မတွေ့တာနဲ့ လှည့်မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှလည်း မဘာမှဘူး၊ ဘယ်မတုန်းဗျ၊ ရှည့်ဆို'

'ဟယ်... ကြောင်တောင်တောင်နဲ့ ရှည့်ကိုပြောတာ မဟုတ်ဘူး၊ ရှင့်ကို၊ ဟောဒီက လူကြီးကို ခေါ်နေတာ'

ဟိုက ပန်းကို လက်ညှိုးနဲ့ထိုးပြောမှ ရှည့်ကိုပြောတာ မဟုတ်ဘူးဆိုတာ သိသွားတယ်။

ကြည့်လိုက်တော့ အသက်မတိမ်းမယိမ်းလောက်ရှိမယ့် မိန်းမတစ်ယောက်။ ခါးတုတ်တာကလွဲလို့ လှပြီးသားပဲ။

အဲ... ကိုယ်ကလည်း မိန်းမဆို စေ့စေ့ကြည့်တတ်တဲ့အကျင့် ပါနေတော့ အသေအချာကြည့်တယ်။ သိတယ် မဟုတ်လား။ မိန်းမဆို ဘယ်မဖြစ်ဖြစ် စိတ်က နာပြီးသားပဲ။ ဒါနဲ့ ရုပ်ကိုမာရင်း...

'ဘာလဲ အမိ'

ဘီအီးဒီအဆောင်သိုက် လေသံနဲ့ ပြောတော့ မြင့်မြင့်မော် မဲ့သွားတယ်။ ဒါနဲ့ ရွဲ့မေးတယ်။

'ဘာလဲ ရှင်က ဘီအီးဒီကျောင်းဆင်းလား'

'ဟွန်း... ဟွန်း... မြေစာတို့က မသေချာရင် နေကြာတောင် မစိုက်၊ ဟာ... ခင်ဗျားပြောတာနဲ့ ရောကုန်ပြီ၊ ခင်ဗျားတို့မိန်းမတွေက သိပ်လျှာရှည်တာပဲ၊ ပြော... ဘာသတုံး'

မြင့်မြင့်မော် ပိုမဲ့သွားတယ်။ လေသံက အလုပ်သမားတန်မဲ့ မာလိုက်တာလို့ တွေးရင်း...

'ဒီမှာ ရှင့်ကို အဖေခေါ်ခိုင်းလိုက်လို့'

'ဟာ... ဒုက္ခပဲ၊ ကျုပ် ဒီကိစ္စကို ဘာမှမသိဘူး၊ ကျုပ်မဟုတ်ဘူးနော်၊ ခင်ဗျားကိစ္စ ကိုယ့်ဘာသာရှင်း၊ ကျုပ်မပါဘူး'

www.burmeseclassic.com



'ဘာ'

အတင်းငြင်းတာနဲ့ ဟိုအပျိုကြီး မျက်လုံးဖြူးပြီး စဉ်းစားတယ်။ သူခက ခြေဆုံးခေါင်းဆုံးကြည့်ပြီး…

'ရုပ်ကလေး သနားကမားနဲ့ မထင်ရဘူးနော်'

'ရှင်… ရှင်… ဘာတွေပြောနေတာလဲ'

'ဟင်… ခင်ဗျားပဲ ခင်ဗျားအဖေက ကျုပ်ကိုခေါ်ခိုင်းတယ်ဆို၊ ကျုပ် ပခုံးမကောင်းဘူးဗျ'

အပျိုကြီး ရွှေ့ရွှေ့ခုန်ရောပဲ။ လက်ညှိုးကြီးထိုးပြီး အ,နေတော့တာ။

'ရှင်… ရှင်'

'ဟုတ်ပါတယ်၊ အဟဲ… ကျုပ်ပါပဲ'

'တောက်… ချုံ့ခုတ်တဲ့လူက လူပါး၀လို့'

'ဟင်… ကျုပ်ဘာသာချုံ့ခုတ်တာ ဘာဖြစ်လဲ'

ဘာမှမပြောတော့ဘူး။ ခြေဆောင့်ပြီး တစ်ဘက်ခြံထဲ ပြန်၀င်သွားတယ်။ သုခ အံ့သြသွားတယ်။

'ကြည့်စမ်း… မိန်းမတွေနဲ့ မပတ်သက်ချင်လို့ ကိုယ့်ဘာသာနေတာတောင် လာနှယ်နေသေးတာ၊ သုခတို့က ဒါမျိုး ရိုးနေပြီ၊ ဟွန်း… အလုပ်ပျက်တယ်'

တစ်ဘက်ခြံထဲ ချောင်းကြည့်ရင်း မြောင်းထဲက အမှိုက်တွေကို ထွန်ခြစ်နဲ့ ဆွဲနေတယ်လေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ငါ့တူ ခဏ'

တစ်ဘက်ခြံရဲ့ နယ်မိမိတ်ရောက်တော့ လှည့်ပြန်မယ်ကြံကာရှိသေး။ လှမ်းခေါ်သံ ကြားရတယ်။ လှည့်ကြည့်လိုက်တော့ အသက် ငါးဆယ်ကျော်လောက် လူကြီးတစ်ယောက်ကို တွေ့ရတယ်။

'ဗျာ… ကျွန်တော့်ကို ခေါ်တာလား'

'ဒီနားမှာ မင်းနဲ့ငါပဲရှိတာ မင်းမခေါ်လို့ ဘယ်သူ့ခေါ်မတုန်း'

သူလည်း ကိုယ့်လို ကန့်လန့်ပဲ။ ဒါနဲ့ပြုံးရင်း…

'ဒီလိုပါ ဦးလေးရဲ့ အဟဲ၊ ကျွန်တော်နဲ့ ဦးလေးနဲ့က သိမှမသိဘဲ'

'အေးလေကွာ၊ မသိလို့ နာမည်တပ်မခေါ်တာပေါ့၊ ဒါတွေထား၊ မင်း အဲဒီမှာ လုပ်လို့ပြီးပြီလား'

'ဟုတ်ကဲ့… ပြီးပါပြီ'

အဘိုးကြီးက ပြုံးသွားတယ်။ အတော်အလုပ်လုပ်နိုင်တဲ့ကောင်ဆို သဘောကျသွားတယ်။ အလုပ်သမားထင်ပြီး…

'ဒါဆို ငါ့ခြံထဲပါ ဆက်ရှင်းလိုက်ကွာ၊ ငါကလည်း မလုပ်နိုင်တော့ဘူး၊ ပြီးတော့ သမီးကလည်း မိန်းကလေး မဟုတ်လား'

'ဟာ… သမီးပါဆို မိန်းကလေးပေါ့ ဦးလေးရဲ့'

ပြောတော့ မျက်နှာကြီးမဲ့သွားတယ်။

'စကားကိုဆုံးအောင်နားထောင်၊ မိန်းကလေးဆိုတော့ မလုပ်နိုင်ဘူး၊ မင်းလုပ်နေတာ တွေ့တာနဲ့ အတော်ပဲ၊ ငါ့ခြံပါ ဆက်ရှင်းကွာ'

'ဩော်… စောစောက အမျိုးသမီးလား၊ အပြောဆိုးဆိုးနဲ့လေ အဲဒါ ဦးသမီးလား'

'ဟုတ်တယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒါကြောင့်မို့ တူပါတယ်လို့၊ ဟား… ဟား… အပေါက်ဆိုးတာလေ၊ ကျွန်တော်ကိုက ညှံ့တာ၊ ဒါကို ကြိုတွေးမိဖို့ကောင်းတယ်'

'ငါနော်…'

အဘိုးကြီး စိတ်တိုသွားပုံရတယ်။ သူခကတော့ ပြုံးလို့။ ဟိုကလည်း မျက်နှာကို ပြန်ပြင်ရင်း…

'သမီးကို သည်းခံပါကွာ၊ သူက အပျိုဆိုတော့ အပြောအဆိုမတတ်ဘူးကွ'

'အဟဲ'

ပြုံးသွားတယ်။ အရေးထဲ ကြော်ငြာကငင်တာလေ။ သူပြောမှဖဲ ယောကျ်ားရတဲ့လူတွေက ပြောတတ်ဆိုတတ်ပုံ။

ဒါဆို အပျိုတွေမှန်သမျှ အပြောမတတ်ဘူးပေါ့။ ဝေ့ကြည့်လိုက်တော့ အပေါ်ထပ်ဝရန်တာကနေ ခါးထောက်ကြည့်နေတဲ့ အဘိုးကြီးရဲ့သမီးကို တွေ့ရတယ်။

'ငါ့တူ နားဦးမလား၊ ခြံထဲဝင်လေ'

'ရပါတယ်၊ ကျွန်တော် ဆက်လုပ်လိုက်မယ်'

ရပ်ကွက်လူကြီးလား။ လမ်းလူကြီးရဲ့အိမ်လား။ တစ်ခုခုတော့ ဖြစ်မှာပဲ။ အေးလေ မသန်မစွမ်းနဲ့။ မလုပ်နိုင်မကိုင်နိုင်နဲ့ဆိုတော့ လုပ်ပေးတာ ကုသိုလ်ရပါတယ်။ တွေးပြီး ပြုံးတယ်။

'ဒါဆို ပြီးမှပဲ နားမယ်ပေါ့၊ ဦး ထိုင်နေမယ်၊ ပြီးရင် မင်းလာခဲ့ပေါ့၊ အအေးလေး ဘာလေး သောက်ရအောင်ပေါ့၊ ကဲ… သွားပြီ'

ဦးမိုးမြင့်ကလည်း အလုပ်သမားထင်ပြီး ခိုင်းထားခဲ့တယ်။ ပြီးသွားမှ ပိုက်ဆံပေးမယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူခကလည်း လူကသာပေါ်တော့။ စေတနာကကောင်းပြီးသား။ ရပ်ကွက်လူကြီးအိမ်ဆို မျက်နှာကောင်းရတာပေါ့ တွေးပြီး ချုံတွေကို ရှင်းနေတော့တာ။

❖ ❖ ❖

'လာ... လာ... ငါတူ ထိုင်ဦး၊ အေးဆေးပေါ့ကွာ'

'ဟုတ်ကဲ့'

'သမီးရေ အအေးယူခဲ့ပါဟေ့'

အလုပ်ပြီးတော့ အဘိုးကြီးနဲ့အတူ အိမ်ရှေ့မှာ ထိုင်ကြတယ်။ အကြာတော့ သမီးဖြစ်သူက သူခကို မျက်စောင်းထိုးကြည့်ရင်း အအေးခွက်တွေ ယူလာတယ်။

'ငါ့တူ သောက်ကွ'

'အဟဲ... မောနေတာနဲ့ အတော်ပဲ'

စပ်ဖြဲဖြဲနဲ့ သမီးဖြစ်သူကို စိုက်ကြည့်ရင်း အအေးခွက်ကို ယူတယ်။ အဖေဖြစ်သူက ကြောင်ပြီး သမီးဖြစ်သူက ရပ်တည်သွားတယ်။ ဘာကို ပြောမှန်းမှ မသိတာ။

'ဟိုလေ... အအေးကို ပြောပါတယ်၊ အဟဲ... အမောကို ပြေပြီး'

'သြော်... သောက်ပါကွ'

တော်ပါသေးရဲ့။ တွေးရင်း ဦးမိုးမြင့် စကားစတယ်။

'မင်းကိုငါ ချီးကျူးသကွာ၊ အတော်လုပ်နိုင်တဲ့ကောင်ပဲ၊ သဘောကျသကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ၊ ယူလိုက်ပါကွာ၊ အားမနာနဲ့'

သုခ မျက်နှာကြီးမဲ့သွားတော့တာ။ သြော်… ဥပမိကောင်းချက်ကတော့ မြောင်းဖော်တဲ့လူနဲ့ မှားတယ်ဆိုပဲ။

'ဟာဗျာ… မယူပါဘူး၊ ပြီးတော့ ကျုပ်က အလုပ်သမားလည်း မဟုတ်ဘူး'

'ဟော'

ပြုံးကြောင်ကြောင်နဲ့ ဝိုင်းကြည့်ကြတယ်။

'ကျုပ်က ဟိုဘက်ခြံက ညွှံ့သည်လေ၊ မညိုမီက ကျွန်တော့်အစ်မ၊ ရောက်တုန်း အမြင်မတော်တာနဲ့ လုပ်နေတာ'

'ဟယ်… အားနာလိုက်တာ'

'ဟုတ်လား၊ ဦးတို့ကို စိတ်မဆိုးပါနဲ့ကွာ၊ အင်း… မင်းရုပ်ကလည်း မှားချင်စရာကိုကွ'

'သေစမ်း'

ရှုံ့မဲ့သွားတယ်။ အေးလေ။ မသိလို့ပဲ စိတ်ကိုဖြေရင်း ပိုက်ဆံကို ကြည့်လိုက်တယ်။

'ကျွန်တော်ကတော့ ဦးတို့သားအဖအတွက် စေတနာနဲ့လုပ်ပေးတာ ငွေနဲ့ တန်ဖိုးဖြတ်တယ်ပေါ့'

'အဲလိုမဟုတ်ပါဘူးကွာ'

ရုပ်တည်နဲ့ပြောတော့ သားအဖတတွေ အားနာသွားကြတယ်။ သမီးဖြစ်သူက မျက်နှာအပျက်ပျက်နဲ့…

'အားနာစရာကောင်းလိုက်တာ၊ ဒါဆို ရှင် ပိုက်ဆံမယူတော့ဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ယူမှာပေါ့'

ပြောလည်းပြော။ ပိုက်ဆံကို ဆွဲယူလိုက်တော့ ဟိုသားအဖ မေကြောင်ကြောင်လေးတွေလေ။ သွားကိုဖြဲရင်းပြောတယ်။

'အလုပ်သမားအထင်ခံရမှပေါ့ မထူးပါဘူး အဟဲ… သွားပြီဗျာ၊ နောက်အကူအညီလိုလည်း ခေါ်ပေါ့'

သားအဖနှစ်ယောက် ကြောင်ကြည့်နေကြတယ်။ သမီးဖြစ်သူက ဘယ်လိုလူပါလိမ့်လို့ တွေးနေတယ်။

ဖအေက ပြုံးပြီး ပြောလိုက်တော့မှပဲ ရှက်သွားတော့တယ်။

'အေး… ဒီကောင့်ကို အဖေတော့ သဘောကျသွားပြီကွာ၊ ဟား… ဟား'

❖ ❖ ❖

'နင်ကတော့ ဖြစ်ရမယ်၊ အေးလေ… ရုပ်ခံကိုက လူအထင်ကြီး ချင်စရာ၊ ခစ်… ခစ်'

'အစ်မက လာလှောင်နေပြန်ပြီ၊ ဒါပေမဲ့ သဘောကောင်းကြပုံရ တယ်'

အစ်မဖြစ်သူက မဲ့သွားတယ်။

'ဟယ်… သဘောကောင်းလား မကောင်းလားတော့ မသိဘူး၊ မြင့်မြင့်မော်က မဆိုးပေမယ့် သူ့အဖေက ဘုကန့်လန့်ကြီး'

'ကျုပ်နဲ့တော့ လေပေးဖြောင့်တယ်ဗျ၊ မဆိုးပါဘူး'

ပြောရင်း မြင့်မြင့်မော်ကို မြင်ယောင်ပြီး ပြုံးသွားတယ်။ အစ်မဖြစ် သူက တွေးတွေးဆဆနဲ့…

www.burmeseclassic.com

www.burmeseclassic.com


'အင်း… ကောင်မလေးက မဆိုးဘူး၊ ပညာတတ်တယ်၊ မျိုးရိုးစဉ်ဆက် ချမ်းသာလာတော့ ငါ့မောင် စိတ်ကူးမလွဲနဲ့နော်'

'ဟာဗျာ… ကျုပ် စိတ်မဝင်စားဘူး'

'ဒါဖြင့်လည်း သမီးကို ဂိုက်လုပ်နေတဲ့ ဆရာမကိုရော၊ သဘောမကျဘူးလား၊ မျက်မှန်တပ်ထားတာကလွဲလို့ အပြစ်ပြောစရာမရှိဘူး၊ သိန်းဝေသူငယ်ချင်းရဲ့ ညီမ၊ ချမ်းသာတယ်'

'ဟာဗျာ… ကြိုက်ပါဘူး၊ ပဲတအားများတာ'

'ဖြစ်ရပြန်ပြီ'

အစ်မဖြစ်သူက မျက်စိရှုပ်သက်သာပြီးတာပဲ သဘောနဲ့။ တစ်ယောက်ပြီးတစ်ယောက် စိတ်ပါလာအောင် ပြောပြနေတယ်။

'ဟဲ့… နင် တစ်သက်လုံး ဒီအတိုင်းနေလို့ ဖြစ်မလား၊ မိန်းမတစ်ယောက် မကောင်းတာနဲ့ အကုန်ပါရောလား'

'အစ်မ မသိပါဘူးဗျာ၊ သူတို့က မာယာတအားများတာ၊ ကင်းကင်းနေတာတောင် တန်ကာမကျဘူး'

ဒါနဲ့ပဲ ခေါင်းရမ်းတယ်။ မောင်ဖြစ်သူရဲ့ ဓာတ်လမ်းကို သိပြီးသား။ အရမ်းချစ်ကြပေမယ့် ပေါင်းကံကပါမလာပါ။

ပြောနေတုန်းမှာပဲ သမီးဖြစ်သူရဲ့ ဆရာမ အိမ်ထဲကထွက်လာတယ်။

'ဪ… ဆရာမ ပြန်တော့မှာလား'

'ဟုတ်ကဲ့ရှင်၊ ဟိုလေ… အကူအညီတစ်ခုလောက်တောင်းချင်လို့ပါ'

'ဟယ်… ပြောပါ ဆရာမ၊ အားမနာနဲ့၊ ပြော…'


www.burmeseclassic.com

www.burmeseclassic.com



ဆရာမက သုခကို စွေကြည့်ရင်း ရှက်သလိုလိုပုံစံနဲ့ ပြောတယ်။

'ဒီကနေ့ ကားဂိတ်ကို ဟိုလေ ဝေးတော့ ဆိုက်ကားစီးသွားရတယ်လေ၊ ကပ်စေးနဲတာတော့ ဟုတ်ပါဘူး၊ အဟင်း… နေ့တိုင်းအသွားအပြန်စီးနေတော့… အဟင်း… ကြာတော့ ဘယ်သက်သာမလဲနော့၊ အဲဒါ စက်ဘီးနဲ့ လိုက်ပို့ပါလားဟင်၊ ဟို… သမီးလေးကို ပို့နိုင်းလည်းရပါတယ်'

စဉ်းစားတယ်။ သမီးပြန်လာရင် တစ်ယောက်တည်းဆိုတော့ စိတ်မချဘူးလေ။ မောင်ဖြစ်သူကို ကြည့်ပြီး ပြုံးတယ်။

လူပျိုကြီးဘဝ မကျွတ်ကျွတ်အောင် ချွတ်ပေးရမယ် တွေးရင်းလေ။ မောင်ဖြစ်သူကတော့ မျက်နှာကို ငယ်လို့။

'ရပါတယ် ဆရာမရယ်၊ နောက်နေ့ကစပြီး အသွားအပြန် ကျွန်မမောင်ကို လိုက်ပို့ခိုင်းပါ့မယ်'

'အင်'

သုခ မျက်နှာကြီး မဲ့သွားတော့တာ။ ဆရာမက အားနာတဲ့ပုံစံနဲ့ ခေါင်းငုံ့နေတယ်။

'အားနာလိုက်တာရှင်'

'ရပါတယ်၊ ကဲ… ငါ့မောင် စက်ဘီးနဲ့ လိုက်ပို့လိုက်ပါဟယ်၊ သွား…'

ဆရာမ ရှေ့တင်ဆိုတော့ ငြင်းလို့မကောင်းဘူး။ အစ်မဖြစ်သူကို စွေကြည့်တော့ မသိယောင်ဆောင်နေတယ်။ ဒီတုန်းမှာပဲ တူမဖြစ်သူက ထွက်လာပြီး…

'ဟယ်… ဆရာမ မပြန်ရသေးဘူးလား၊ သမီး လိုက်ပို့မယ်လေ'

'ဟာ… ရတယ် တူမ၊ ဦးပဲလိုက်ပို့မယ်၊ ရပါကျက်'

www.burmeseclassic.com


အဲ··· တူမကို စိတ်မချတာနဲ့ လိုက်ပို့ဖို့ပြင်တယ်။ ဒီတော့မှ အစ်မဖြစ်သူက ကျေနပ်သွားတယ်။

အစ်မဖြစ်သူကို ဘုကြည့်ကြည့်ပြီး ဆရာမကို ပြုံးပြရင်း စက်ဘီး စီးသွားလိုက်တော့တာ။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဆိုးပေ စာကျက်ရင်း အနားက ဦးလေးဖြစ်သူကို ကြည့်လိုက်တယ်။ သူ့အစ်မမို့မို့ဇင်က သူ့အခန်းထဲ သူကျက်တာ။

ကာတွန်းဖတ်ပြီး တခွီးခွီး ရယ်နေတဲ့ ဦးလေးဖြစ်သူကို ကြည့်ပြီး မနာလိုလိုက်သည်ဖြစ်ခြင်း။

အဲ... ခုတလော ကျောင်းစာအုပ်ကြား ကာတွန်းထည့်ဖတ်ဖို့ အခွင့်အရေးက မပေးပါ။ မအေဖြစ်သူက ခဏခဏစစ်လို့။ စာကျက်ရမှာလည်း စိတ်ကမပါဘူး။ ဦးလေးဖြစ်သူကို ပြဿနာရှာဖို့ အကြံထုတ်တယ်။

အဲ... အကြံရပြီး မျက်နှာပြုံးသွားတယ်။ စာကျက်ရာကနေ ထရင်း ရုပ်တည်နဲ့ အိပ်ခန်းဘက်သွားတယ်။

ပြီးမှ ကိုယ့်အခန်းထဲ မဝင်ဘဲ ဦးလေးအခန်းထဲ အသာဝင်သွားတယ်။ မကြာပါဘူး။ ပြုံးပြီး ပြန်ထွက်လာတယ်။

တစ်ခါ ပြန်ထိုင်ပြီး ဘယ်လိုဒုက္ခထပ်ပေးရမလဲ ကြံတယ်။

ကျက်လက်စ သမိုင်းစာအုပ်ထဲကိုကြည့်ပြီး ပြုံးသွားအော့တာ။ ဟိုက လှည့်ကြည့်ပြီး ဟောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုကောင် စာမကျက်ဘဲ ဘာလုပ်နေတာလဲ'

'ကျက်နေပါတယ်ဗျ၊ အဖဟဲ...'

'ကျက်နေတယ်သာပြောတယ်၊ ဘာမှရယ်စရာမပါဘဲ ဘာလို့ပြုံးနေတာလဲ'

'ဒါက ဒီလိုဗျ၊ ကျွန်တော် စာကျက်ရင်း ရယ်စရာကောင်းတာကို တွေ့ရလို့လေ'

'ဟင်... ပေါက်ပေါက်ရှာရှာကွာ'

ပြောပေမယ့် ဘာလို့ရယ်တာလဲဆိုတာ စိတ်ဝင်စားလာပြီ။ ဆိုးပေက ပြုံးရင်းပြောတယ်။

'ဦးလေးပဲ စဉ်းစားကြည့်ပါဗျာ၊ ယုတ္တိရှိလား မရှိလားဆိုတာ၊ အဲ... ဦးလေးလည်း သိမလား၊ မသိဘူး၊ ကျွန်တော် မေးကြည့်မယ်'

ရုပ်တည်နဲ့ ပြောတော့ စိတ်ဝင်တစားနားထောင်တယ်။ တကယ်တော့ ဆိုးပေ စာမကျက်ချင်တာနဲ့ ပလီတာလေ။

ဒါပေမဲ့ နဂိုထူဆိုတော့ မသိဘူး အဟုတ်မှတ်ပြီး နားထောင်တယ်။

'အဓိပ္ပာယ်ရှိမရှိဆိုတာ ဦးလေး စဉ်းစားကြည့်ဗျာ၊ ဒီမှာလေ ကျွန်စစ်သားတို့ သူ့ရဲကောင်းလေးယောက်အကြောင်းကို'

'ကျွန်စစ်သားကတော့ ထားပါတော့၊ ငထွေရူးဆိုတဲ့လူအကြောင်းကို စဉ်းစားကြည့်၊ သူက ဓားခုတ်၊ လှံထိုးတတ်တာလည်း မဟုတ်ဘဲနဲ့ ဘာလို့သူ့ရဲကောင်းဖြစ်ရတာလဲ၊ အဲဒါ ဦးလေး သိလား'

'ဟာ... အဲဒီထဲမှာ ပါတယ်လေကွာ၊ ထန်းတက်ရင်း ထန်းတစ်ပင်နဲ့တစ်ပင် ခုန်ကူးနိုင်တယ်လေ'

ပြောတော့ တူဖြစ်သူက စိတ်ပျက်လက်ပျက် ခေါင်းခါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါပြောတာလေ၊ ထန်းပင်လေးတက်တတ်ရုံနဲ့ သူရဲကောင်းဖြစ်မယ်ဆို အညာကထန်းတက်တဲ့လူတွေသူရဲကောင်းဖြစ်ကုန်မှာပေါ့'

'အင်'

'ဟုတ်တယ်လေ၊ ရန်သူတွေနဲ့ နင်လားငါလားတိုက်ရမယ့်ဟာ သူ့အစွမ်းအစ ဘာမှမရှိဘဲ သူရဲကောင်းဘွဲ့ပေးတယ်ဆိုတော့ ဒါလွန်တယ်'

'ဟာ… ဒါတော့ သူတို့က ထန်းရည်ကြိုက်လို့ စစ်တိုက်တဲ့အခါ ခေါ်သွားတာနေမယ်၊ အဲမှထန်းပင်တွေ့ရင် ထန်းတက်သမားပါတော့ သောက်ရတာပေါ့'

'ဟုတ်တယ်ဗျ၊ ဦးလေးပြောတာ ဖြစ်နိုင်တယ်၊ ဘုရင်ကိုယ်တိုင်ကလည်း ထန်းရည်သမားနေမှာ'

'ဒါပဲဖြစ်မှာပေါ့ကွ'

တူဝရီးနှစ်ယောက် ပြိုင်ပေါ်နေကြတယ်။ တစ်ယောက်လည်း စာဖတ်ပျက်သလို တစ်ယောက်လည်း စာမကျက်ရတော့ဘူးမဟုတ်လား။

'တစ်ယောက်ကတော့ ရှင်းသွားပြီဗျ၊ အဲ… နောက်တစ်ယောက်က ငလုံးလက်ဖယ်၊ သူက ငါးဖယ်နဲ့အမျိုးတော်သလား မသိဘူးနော်'

'ဟာ… ဘယ်လိုလုပ်တော်မလဲဟ'

'အဟဲ… နာမည်ချင်းဆင်တူတော့ တော်များနေမလားလို့၊ အဲ… သူကျတော့ နွားတွေအများကြီးနဲ့ လယ်တွေအများကြီး ထွန်နိုင်လို့ သူရဲကောင်းဘွဲ့ပေးတာတဲ့၊ နေပါဦး စစ်တိုက်တဲ့အခါ ရန်သူကို လယ်ထွန်သလို ထွန်ရလို့လား'

'ဟာ… ဘယ်ရမတုန်း'

'အဲဒါပြောတာပဲ၊ လယ်လေးထွန်တတ်တာနဲ့ လယ်ကေအများကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့ သူ့ရဲကောင်းဘွဲ့ပေးမယ်ဆို၊ ဟော... အခုလယ်ထွန်စက်မောင်းတဲ့ လူတွေ အကုန်သူ့ရဲကောင်းဖြစ်ကုန်ပြီပေါ့၊ ဘာမှမဆိုင်ဘူး'

'ဟင်... ဒါတော့ ဟုတ်တယ်၊ အဲ... တစ်ခုရှိတာက ရန်သူတွေနဲ့ စစ်သွားတိုက်တဲ့အခါ စားစရာရိက္ခာတွေ ယူရမှာပျင်းတာနဲ့ ပြီးတော့ ခုခေတ်လို ကျောပိုးအိတ်ကောင်းကောင်းကလည်း မရှိတော့ ဝန်ပိုတွေ မယူချင်တာနဲ့ ငလုံးလက်ဖယ်ကို လယ်ထွန်ခိုင်း စပါးစိုက်ပြီးရိက္ခာထုတ်မယ်ဆိုရင်တော့ ဖြစ်နိုင်တယ်'

'ဟာ... အဲဒါ ဖြစ်နိုင်တယ်၊ ဒီတစ်ခါတော့ ဦးလေးတော်သွားပြီ၊ အဟီး... ဂေါ်ဇီလာကြီးနဲ့၊ အဲလေ... ဖြစ်နိုင်တယ်ဗျ၊ အဲ... သူ့ဆည်းမှင်းသွားပြီဆိုတော့ နောက်တစ်ယောက်... သူက... ညောင်ဦးဖီး'

'ဒီဘက်ကမ်းကနေ ဒိုင်ဗင်ထိုးပြီး တစ်ဘက်ကမ်းကိုကူး၊ တစ်ဘက်ကမ်းကနေ တစ်ခါပြန်ကူးနိုင်တယ်တဲ့၊ ဒီရေလေး နှစ်ခါပြန်ကူးတတ်ရုံနဲ့ သူ့ရဲကောင်းဖြစ်ရောလား၊ ဦးလေးပဲ စဉ်းစားကြည့်၊ အခုကမ္ဘာ့ရေကူးပြိုင်ပွဲတွေဟာ ဒါလောက်အကျယ်ကြီးကို တစ်ကျော့ပြန်မဟုတ်ဘူး၊ သုံးလေးကျော့ကိုပြန်တာ၊ ရေကူးတတ်ရုံနဲ့ သူ့ရဲကောင်းဘွဲ့ပေးမယ်ဆို နည်းမှာမဟုတ်ဘူးဗျ'

'အင်း... ဒါက... ဒါက'

ဦးလေးဖြစ်သူ မေးပွတ်ရင်း စဉ်းစားတယ်။ တူဖြစ်သူကတော့ ပြုံးရင်း နာရီကို ကြည့်တယ်။ ဆယ်နာရီကျော်ပြီ။ ဒီတော့ အိပ်ရဖို့သိပ်မလိုတော့ဘူး။

'ဪ... သိပြီ၊ ဥပမာ ရန်သူက တစ်ဘက်ကမ်းမှာဆိုပါစို့၊ အခြေအနေကို သိချင်တဲ့အခါ သူ့ကိုတိတ်တဆိတ်လွှတ်ပြီး ကင်းထောက်ခိုင်းတာနေမယ်'



www.burmeseclassic.com

www.burmeseclassic.com


'ဟာ… ဟုတ်နိုင်တယ်ဗျ၊ နောက်တစ်ခုဖြစ်နိုင်တာက ဟင်းစား မရှိတဲ့အခါ ငါးဆင်းဖမ်းနိုင်းလို့လည်း ရမယ့်ပုံဗျ'

'အဲဒါပဲနေမှာပေါ့ကွာ'

'အေးဗျာ၊ ဦးလေးပြောမှပဲ ရှင်းတော့တယ်၊ ဦးလေးက တကယ် ဗဟုသုတပြည့်စုံတာပဲ၊ ဗွား… ဆယ်နာရီခွဲတော့မှာပဲ၊ အိပ်တော့မယ်ဗျာ'

ရှပ်ဝှာညိန့် ထတော့ ပြုံးပြပြီး…

'ဟာ… ဟော့ကောင်… မင်း စာမကျက်တော့ဘူးလားကွ ဟေ'

'ဟာဗျာ အမေက ဆယ်နာရီခွဲအထိပဲ ကျက်နိုင်းတာ၊ အခုအချိန် စေ့ပြီ၊ အိပ်တော့မယ်'

'အင်'

ဦးလေးဖြစ်သူ နာရီကြည့်ပြီး မဲ့သွားတယ်။ မိဘစကားကိုနား ထောင်တာ ပြောပါတယ်။ စာကြိုးစားချင်စိတ်ကလည်း အဲလိုရှိပြီးသား ဘာမှမပြောတော့ဘဲ စာအုပ်ဆက်ဖတ်နေတယ်။

ဆိုးပေကတော့ ပြုံးပြီး အိပ်ခန်းထဲ ဝင်သွားတယ်။ ခဏကြာမှ အိပ်ခန်းတံခါးဖွင့်ပြီး ခေါင်းထွက်လာတယ်။

'ဦးလေး မအိပ်သေးဘူးလားဗျ'

'မင်းဘာလုပ်မလို့လဲ၊ မအိပ်ချင်သေးဘူး'

လှည့်ဟောက်တော့ ရယ်ချင်နေတဲ့ မျက်နှာနဲ့…

'ဘာမှမဟုတ်ပါဘူး၊ ခြင်ထောင်ချအိပ်လို့ ပြောမလို့… အဟဲ…'

ပြောပြီး တံခါးပြန်ပိတ်သွားတယ်။

'ဘာကောင်မှန်းကို မသိဘူး၊ လူလည်ကလည်း ကျသေးတာ တော်ပြီ၊ နောက်တစ်ခါ သင်းစာကျက်ရင် စကားစ မပေးတော့ဘူး၊ မှတ် သွားပြီ၊ ဟွန်း… တစ်ခါပဲရမယ်'


www.burmeseclassic.com

www.burmeseclassic.com



တော်ကြာကျတော့ မျက်စိစင်းပြီး အိပ်ချင်လာတယ်။ ဒါနဲ့ပဲ အိပ်ခန်းထဲ ဝင်ခဲ့တယ်။

ဘုရားရှိခိုးရင် တစ်နာရီလောက်ကြာတတ်တယ်။ စိတ်ထဲကလည်း ဆိုတတ်။ အပြင်ကိုထုတ်ဆိုမှ အာသာပြေတယ်။

ပြီးတော့ ကြေးစည်ထုပြီး အမျှလည်းဝေသေးတာ။ ခုတင်ပေါ် တက်ပြီး အပျင်းဆန့်တယ်။ ခြင်ထောင်ချပြီး ရှိခိုးတာ ကောင်းတယ်။ ထုတ်ရင် ခြင်တဝီဝီနဲ့ဆိုတော့ ကုသိုလ်မရ။ ငရဲပဲရမှာလေ။

ပက်လက်လှန်ရင်းကနေ နံရံကပုံတွေကို ငေးကြည့်တယ်။ ပြီးမှ ...တွေမနပ်နဲ့ မျက်စောင်းထိုးတယ်။

တင်ထားတဲ့ ခြင်ထောင်ကို ခြေနဲ့လှမ်းထိုးချတယ်။ ကျတော့ ...ပေမဲ့ ဘာဖြစ်တယ် မသိဘူး။ ဖြန့်မရဖြစ်နေတယ်။

'ဘာလဲဟ'

စိတ်ကလည်း မရှည်တော့ ထထိုင်ရင်း ဖြန့်တယ်။ အဲ… ဘယ်လို ...ို မရဘူး။ အသေအချာကြည့်မှ…

'ဟင်… ပြောင်းပြန်ကြီး၊ ငါထောင်ထားတာ အတည့်ပါ၊ ကြည့် ...း ခြင်ထောင်ကို ပက်လက်လှန်ထားမှတော့ ဘယ်ချရမတုံး'

စဉ်းစားရင်း ဆိုးပေရဲ့ မျက်နှာပေါ်လာတော့တာ။

'တောက်… ခွေးသား ဆိုးပေ၊ မင်းတော့လား၊ ဟင်း… ငါနော်၊ ...ိုလ်လုပ်ဖို့ကို အကုသိုလ်များလိုက်တာ'

စိတ်ကိုထိန်းရင်း ခုတင်ပေါ်က ရပ်ကြည့်တော့ ဆိုးပေကို မျက်လုံး ...လျက် ပြုံးဖြီးဖြီးတွေ့ရတယ်။

'ခွေးကောင်လေး ခုတော့ အိပ်ချင်ယောင်ဆောင်နေတယ်ပေါ့လေ'

www.burmeseclassic.com



မိုးမှုန်အောင်ဆဲပြီး ခြင်ထောင်ကို ပြန်ပြင်ထောင်တယ်။ ပြီးတဲ့အခါ ကျတော့ ဘုရားရှိခိုးရမှာ စိတ်မပါတော့တာနဲ့ ငါးကြိမ်ကန်တော့လို့ အိပ်ဖို့ လုပ်တယ်။

မီးလင်းနေရင် မအိပ်တတ်တော့ မီးခလုတ်ကို ပိတ်ပြီးမျက်လုံးကို မှိတ်လိုက်တယ်။

'ဟင်… လင်းနေတယ်'

ခဏကြာတော့ မီးပြန်လင်းလာတာနဲ့ အိပ်မရတော့ပြန်ဘူး၊ ဆိုးဖ ဖွင့်တာပဲလို့တွေးပြီး တင်းသွားတယ်။ ခလုတ်က နှစ်ခုမဟုတ်လား။

'တောက်… ဒီကောင်တော့ ဘာလုပ်ဖို့ မီးဖွင့်တာလဲ'

ထပြီး ကျော်ကြည့်တော့လည်း အိပ်နေတယ်။ ဒါနဲ့ မျက်စောင်းထိုး ပြီး ပြန်အိပ်တယ်။ တစ်ခါ မီးခလုတ်ကို ပိတ်လိုက်ပြန်တယ်။ အဲ… မကြာပါဘူး လင်းလာပြန်တယ်။

'ဟာ… ငါနော်'

စိတ်ကိုထိန်းရင်း ထပိတ်လိုက်ပြန်တယ်။

ခဏကြာတော့တစ်ခါ မီးကပြန်လင်းလာပြန်တယ်။ အံကိုကြိတ် ပြီး အကြံထုတ်တယ်။ ဒီအတိုင်းဆို ဒီည အိပ်ရမှာမဟုတ်တော့။ ဖက်ခေါင်း အုံးကြီးကိုယူ မတ်တပ်ထရပ်ရင်း မီးခလုတ်ကို ပိတ်တယ်။ ခေါင်းအုံးကြီး နဲ့ အသေအချာကိုရွယ်ထားတာ။

မကြာပါဘူး။ ဆိုးပေ တဟိဟိရယ်ရင်း မီးထဖွင့်တယ်။

'ဟီ… ဟိ… ဒီညတော့ ရယ်ရတယ်ဟေ့၊ ဟင်…'

မီးရောင်လင်းသွားတာနဲ့ ပြန်ဝင်အိပ်ချင်ယောင်ဆောင်မယ် ကြံက ရှိသေး။ ဖက်လုံးကြီးမြင်လို့ အံ့သြနေတုန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဖုန်း'

'တေပါပြီဗျ'

ခေါင်းကို လာရိုက်ပြီး သကာလ ဦးလေးဖြစ်သူရဲ့ အောက်ကလိ အာအသံကြီး ကြားလိုက်ရတော့တာ။

'ဒီတစ်ခါဖွင့်ရင် မီးချောင်းဖြုတ်ပစ်မယ်' တဲ့လေ။

❖ ❖ ❖

'နင်နော် ငါ့ခါးကို ဘာလို့ဖက်တာလဲ နော်ရဲ့'

'ဟာ… ကိုယ့်အစ်မကိုယ်ဖက်တာ ဘာဖြစ်လဲ၊ အစ်မတောင် ဣန္ဒြေတော်ငယ်ငယ်ကဆို ဖက်နမ်းပြီးတော့'

'ဟဲ့… အဲဒါ ငယ်ငယ်က အခုကြီးလာတော့ နင်က ချစ်စရာ မကောင်းတော့ဘူး၊ ဟယ်… ခါးကိုမထိနဲ့ ယားတယ်ဆို၊ အမေရေ ဒီမှာ ဆိုးပေ'

မောင်နှမနှစ်ယောက် ကျောင်းသွားဖို့ကို ညံ့နေရောပဲ။ မအေဖြစ်သူ က ဆိုးပေနားကပ်ပြီး နှစ်ချက်ဆင့်ခေါက်တယ်။

'ဒွပ်… ဒွပ်'

'နင် နောက်ကနေ ကောင်းကောင်းလိုက်စမ်း၊ ဟွန်း… မစနဲ့နော်'

ဆိုးပေက ကြိတ်ခံတယ်။ အစ်မဖြစ်သူက စက်ဘီးကို နင်းတယ်ဆို ရင်ပဲ ခုန်တက်ပြီး အင်္ကျီစကို ဆွဲလိုက်တော့တာ။

'ဟဲ့… ဘာလို့အင်္ကျီကို ဆွဲပြန်တာလဲ၊ လွှတ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ အစ်မပဲ ခါးမဖက်နဲ့ဆို၊ ကိုင်မထားရင် ပြုတ်ကျမှာပေါ့'

'မကိုင်နဲ့ဟာ၊ နင်ကျတာ ငါကျတာ မဟုတ်ဘူး'

'ကိုင်တယ်ဗျာ'

လမ်းတစ်လျှောက် ဆူညံသွားတယ်။ မအေဖြစ်သူ ခေါင်းရမ်းလိုက်တယ်။

'ဟွန်း... ဒီနှစ်ယောက်ကြောင့်တော့ ဒုက္ခပဲ'

ဒီအချိန်မှာပဲ မောင်ဖြစ်သူက ကော့ကော့ ကော့ကော့နဲ့ ပျာပျာပျာပျာထွက်လာတယ်။ လက်ထဲထီးကောက်ကြီးကိုင်ပြီးတော့လေ။

'နင်ကရော ဘယ်ကိုလဲ'

'ကျွန်တော့် သူငယ်ချင်းဆီ ခဏသွားမလို့'

'သုံးနာရီခွဲအမီ ပြန်လာခဲ့နော်၊ ဆရာမကို ကြိုရဦးမယ်'

'ဟုတ်ကဲ့'

လေရှည်မှာစိုးတာနဲ့ ဖိနပ်ကပျာကယာစီးပြီး လစ်သွားတယ်။ အစ်မဖြစ်သူ ခါးထောက်ရင်း အလိုမကျတဲ့မျက်နှာနဲ့ ပတွတ်ပတွတ်ပြောရင်း ကျန်ခဲ့တယ်။

'ဟွန်း... ထွက်ကြတာ၊ ထွက်ကြတာ၊ နောက်ဆုံး ငါပဲကျန်တယ်'

စောစောက ဆူညံနေတဲ့အိမ်က အခုတော့လည်း ခြောက်သွေ့သွားပြန်တယ်။ အရှေ့ခန်းထဲ ဝင်ထိုင်တုန်းရှိသေးတယ်။

အိမ်ထဲကို လူတစ်ယောက်ဝင်လာတာနဲ့ အံ့ဩသွားတယ်။ တစ်ဘက်ခြံက မြင့်မြင့်မော်လေ။

အရမ်းခင်တာ မဟုတ်ပေမယ့် အိမ်လာလည်ခဲ့တယ်။ ဈေးသွားဈေးပြန်တော့ ဆုံနေကျပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဟော… ညီမ လာပေါ့'

'အစ်မ တစ်ယောက်တည်းရှိတော့တာပေါ့'

ဟိုကပြောရင်း ဝင်ထိုင်တယ်။

'အေးဟယ်… အစ်မယောက်ျားက ကုမ္ပဏီကို သွားတယ်၊ သားနဲ့ သမီးက ကျောင်း၊ အဲ… မောင်လေးကတော့ သူငယ်ချင်းဆီဆိုပြီး သွား တော့သွားတာပဲ'

'အစ်မမောင်ဆိုလို့ ပြောရဦးမယ်၊ ဟိုနေ့က သူ့ကိုအလုပ်သမားနဲ့ မှားပြီး ခေါ်ခိုင်းသေးတယ်၊ သူကလည်း ဘာမှမပြောဘူးလေ၊ ဘယ်လိုလူ လဲမသိဘူးနော်၊ ကြောင်တောင်တောင်နဲ့'

ညိုမီ မျက်နှာမဲ့သွားတယ်။ အစ်မရှေ့ ပြောင်ပြောတော့ အောင့် သက်သက်ဖြစ်သွားတာပေါ့။

အေးလေ ဦးမိုးမြင့်သမီးပဲလို့ ဖြည့်တွေးပြီး ပြုံးတယ်။ ပြီးမှ မောင်ဖြစ်သူနဲ့ လှော်ပေးလိုက်မှတွေးရင်း…

'သူက ဒီလိုပဲ၊ ထူပေမယ့် စေတနာက ကောင်းပြီးသား၊ အစ်မကို ပြောတယ်၊ တမင်ကုသိုလ်ရအောင်လုပ်ပေးတာပါတဲ့၊ ဒါပေမဲ့ ပိုက်ဆံက လည်း နည်းတော့ ယူလာတာတဲ့လေ'

'အဟင်း'

မြင့်မြင့်မော်က ပြုံးတာယ်။ သူပြုံးတာက ဖအေဖြစ်တဲ့သူကို သတိရ ပြီးတော့လေ။ ဒီလို အူတူတူကို သဘောကျတယ်တဲ့။ ညိုမီက ခုမှ သတိရပြီး

'သြော်… ညီမ ကော်ဖီသောက်မလား၊ သွားယူလိုက်မယ်'

'ဟာ… နေပါစေ ရတယ်၊ ညီမလည်း အားလို့ခဏလာတာ၊



www.burmeseclassic.com

www.burmeseclassic.com



သိတဲ့အတိုင်း အဖေက တစ်လမ်းလုံးနဲ့တစ်ယောက်လေ၊ ဒီတော့ ညီမကို ပြုံးပြရုံကလွဲပြီး ဘယ်သူမှမပေါင်းရဲဘူး၊ ညီမလည်း ပျင်းလာတာလေ၊ အဟဲ... ဒါနဲ့ အင်းလေ လူနဲ့သူနဲ့တော့ပေါင်းဦးမှလို့တွေးပြီး အစ်မဆီ လာတာ'

'သြော်... အဲလိုကြီးလား'

တော်သေးတာပေါ့လို့ တွေးလိုက်တယ်။ ပြောပုံက ကြည့်လေ။ ကျန်တဲ့လူတွေ ဘာဖြစ်ကုန်ပြီလဲဆိုတာ။ အပြောတတ်ပုံလေ။

'ဟူး... တော်သေးတာပေါ့၊ ငါ့ဆီလာလို့၊ တခြားလူဆီသွားရင် ငါ့ဘာအကောင်ဖြစ်မယ် မသိဘူး'

တွေးရင်း သက်ပြင်းချလိုက်တယ်။ မြင့်မြင့်မော်က...

'အဖေတောင် ပြောနေသေးတယ်၊ ဟိုအစ်မမောင် ကိုဒုက္ခကို လာလည်ပါဦးတဲ့'

'ဟယ်... သုခပါဟဲ့'

ရှက်ပြီး ပြုံးဖြီးဖြီးဖြစ်သွားတယ်။ လက်ညှိုးဟိုဒီထိုးပြီး...

'အဟဲ... နာမည်က ခပ်ဆင်ဆင်ဆိုတော့ အမှတ်မှားသွားတာ၊ ဆောရီး... အဲ... သူ့ပုံကြည့်ရတာတစ်မျိုးပဲ၊ မိန်းကလေးတွေကို အထင်သေးပုံပဲနော်'

မျက်လုံး ပေကလည်နဲ့ ကြုံတုန်းစဖဲ့စုတယ်။ ဒါမှ မိန်းကလေး ပီသမှာမဟုတ်လား။

ပြောကြပါလိမ့်မယ်။ ယောကျ်ားတွေရော မစပ်စုဘူးလားလို့။ နည်းနည်းနဲ့ များများ ကွာတယ်။

'သြော်... ဒါက ဒီလို'



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ပြောချင်နေတာနဲ့ အတော်ဖြစ်သွားတော့ စကားစ လိုက်တယ်။

'သူတို့ဇာတ်လမ်းက အလွမ်းဇာတ်လေ'

'ရှင်'

'ညီမရှင်းအောင် ပြောရမယ်ဆို သူက မိန်းမတွေကို စိတ်နာနေ တာလေ'

'သြော်'

မျက်လုံးအဝိုင်းလေးနဲ့ သြော်သွားတယ်။ စိတ်ဝင်စားသွားတော့ ငြိမ်နားထောင်နေတယ်။

'ကျောင်းတက်တုန်းက သူ့မှာ အရမ်းချစ်ရတဲ့ ကောင်မလေး တစ်ယောက်ရှိတယ်၊ သူပြောတာကတော့ နှစ်ဦး သူသေကိုယ်သေချစ်တာ တဲ့၊ ဒါပေမဲ့ ကျောင်းပြီးတဲ့အခါကျတော့ ဟိုကောင်မလေးက သူ့ကိုထား ခဲ့ပြီး အိမ်ကပေးစားတဲ့သူကို ယူသွားတယ်လေ၊ ဒီကတည်းက မိန်းမတွေ ကို ကြောက်နာကြီးနာသွားတော့တာ'

'ဟယ်... ဖြစ်ရလေ'

စိတ်ထဲမှာ အတော်သနားသွားတယ်။ ထိုင်ထိုင်ငိုနေမယ့် သူ့ခရုပ် ကိုလည်း မြင်မိသွားတယ်။

'အစ်မ အထင်တော့ ကောင်မလေးက အပျော်ထားတာထင်ပါ တယ်'

'ဘာဖြစ်လို့လဲ'

'ညီမပဲ စဉ်းစားကြည့်လေ၊ ကောင်မလေးက သူ့အကြောင်း ဘာမှ မပြောဘူး၊ ဒီနေ့လို ရယ်ကာမောကာနဲ့ချိန်းတွေ့ပြီး နောက်နေ့ကျတော့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်သွားရောတဲ့လေ၊ အစ်မမောင် ထေူက ဒါကိုမသိဘူး၊ နှစ်ရက် သုံးရက်လောက်ပျောက်လို့ အိမ်လိုက်သွားတော့ ဟိုဟာတွေက ဟမ်းနီးမွန်း တောင် ထွက်သွားကြပြီလေ'

'ဟယ်… အဲလိုကြီး'

'အဲလိုကြီးပါဆို၊ အစ်မမောင်ဘက်က စဉ်းစားကြည့်၊ ဘယ် လောက်နာဖို့ကောင်းလဲဆိုတာ၊ အင်း… သူ စိတ်နာမယ်ဆိုလည်း နာသင့် ပါတယ်'

'သနားပါတယ်နော်'

မျက်လုံးဝိုင်းလေးနဲ့ ဂရုဏာသက်သွားတဲ့ မြင့်မြင့်မော်ကို ကြည့်ပြီး ပြုံးလိုက်တယ်။ ဒါလောက်ဆို အခြေအနေကမ ဆိုးတော့ဘူး ,တွေးလို့လေ။ မြင့်မြင့်မော်ကလည်း သိသင့်သလောက် သိပြီမို့ ဆရပ်လိုက်တယ်။

'ညီမ ပြန်တော့မယ်၊ ကိုသုခ ပြန်လာရင် အဖေက လာလည်ပါ ဦးတဲ့လို့နော်'

'အေး… အေး… ကောင်းပြီ ညီမ'

လှုပ်လှုပ် လှုပ်လှုပ်နဲ့ ပြန်သွားတာကို ကြည့်ပြီး ပြုံးလိုက်တော့ တာ။

❖ ❖ ❖

သုခ ထုံးစံအတိုင်း ကားဂိတ်က အုတ်ခုံပေါ် ဆောင့်ကြောင့်ထိုင် ရင်း စိတ်ပျက်နေတော့တာ။

မိန်းမတွေနဲ့ မပတ်သက်ချင်လို့ပါဆိုမှ ထိုင်စောင့်နေရလို့လေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ငါမှားတာ။ မိန်းမတွေနဲ့ ကင်းချင်ရင် တောထဲသွားနေရမှာလို့ တွေးနေတယ်။

ဒီဆရာမကို လာလာကြိုရတာက အလုပ်တစ်လုပ်။ တူမကိုကျတော့လည်း စိတ်မချပြန်။ ဒီတော့ အောင့်အီးလုပ်ရတယ်လေ။

ဘက်(စ်)ကားတစ်စီးရပ်လိုက် တစ်ခါမျှော်ကြည့်လိုက်။ တစ်စီးရပ်လိုက် စောင်းကြည့်လိုက်နဲ့ ကြာတော့ ဘာကားသံကြားကြား မျက်လုံးကရောက်ပြီးသားပဲ။

ကိုယ်စီကိုယ်ငှ သွားလာနေကြတဲ့အတွဲလေးတွေကို ကြည့်ပြီး တစ်မျိုးကြီးခံစားရတယ်။

ရည်းစားပဲ ထားချင်တာလိုလို။ မိန်းမပဲ လိုချင်တာလိုနဲ့။ ရင်ထဲမှာ ဟာလာဟင်းလင်းနဲ့ ကွက်လပ်တစ်ခုဖြစ်နေတယ်။

ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်တယ်။ ယော့ကောင် မင်း မိန်းမတွေကို တကယ်ပဲ စိတ်နာတာလား။ စိတ်နာချင်ယောင် ဆောင်တာလားပေါ့။

ဒီအတွေးမျိုးတွေဟာ ရည်းစားနဲ့ကွဲပြီး တစ်နှစ်လောက်ကြာကတည်းက ထင်းထင်းကြီး ရှိနေခဲ့တာ။

ဒါပေမဲ့ နာခဲ့တာတွေနဲ့ ပြန်ဖြည့်ရင်း စိတ်ကိုနာဖြစ်အောင် နာခဲ့တာ ခုချိန်ထိပဲလေ။

ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာရင်း ကိုယ့်ဘာသာပြန်ဆန်းစစ်နေတယ်။

ဘက်စ်ကားတစ်စီးရပ်ပြီး ခရီးသွားနဲ့အတူ ဆရာမ မေဦးခင်ဆင်းလာတယ်။ အုတ်ခုံပေါ် ငုတ်တုတ်ထိုင်ရင်း ဆေးလိပ်ကို အငမ်းမရ ဖွာနေတဲ့ သူ့ခကိုကြည့်ပြီး ပြုံးသွားတယ်။ အားနာစိတ်ကလေးနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



သေားသွားရပ်တော့ မမြင်ဘူး။ ဒါနဲ့ ပခုံးသွားတို့တယ်။ ဟိုက ဘက်ကိုဖယ်ချရင်း…

'နေစမ်းပါ၊ ဒီမှာ တကာယ်နာမနာ တွေးနေတာ'

'ဟယ်တော့'

ရယ်ချင်ပက်ကျိုနဲ့ နောက်တစ်ခါ ထပ်တို့တယ်။

'ဟာ… ငါ… အဲ'

စိတ်မရှည်တဲ့ ပုံစံနဲ့ လက်ကိုပုတ်ချတယ်။ အဲ… နောက်မှလှဲ့ကြည့်ပြီး ပါးစပ်ပြဲသွားတယ်။

'ဟာ… ဆရာမကြီး၊ အဟဲ… ဆောရီးဗျာ၊ ကျုပ် အတွေးလွန်သွားတယ်'

'ရပါတယ်'

ဒါနဲ့ပဲ ရပ်ထားတဲ့ စက်ဘီးကိုသော့ဖွင့်ရင်း စီးလာခဲ့ကြတယ်။ သေားလူတွေကတော့ ဘယ်လိုမြင်မလဲမသိ။

သုခကတော့ အတော့်ကို အနေရခက်နေတာ။ အတွဲလိုလို၊ လင်မယားလိုလိုလေ။ တကယ်တော့ ဘာမှမဆိုင်ရပါဘဲနဲ့။

'ကိုသုခ'

'ဗျာ'

'ရှင် ဘာတွေများ အတွေးကောင်းနေတာလဲ၊ ကျွန်မလာတာတောင် မတွေ့ဘူး အဟီ'

ရင်းရင်းနှီးနှီး စကားပြောလာတယ်။ ဒီလို အနေမနီးတာကြာပြီဆိုတော့ ကြည်နူးသလိုလို ခံစားရတယ်လေ။

မင်းက မိန်းမမုန်းတဲ့လူလေ။ စိတ်ထိန်းဟ။ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရင်း လေသံကိုမာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ်မဟုတ်ပါဘူးဗျာ၊ ကြုံရာပေါ့'

'ဩော်… မသိပါဘူး၊ မို့မို့ပြောတာကလေ ကိုသုခက မိန်းမတွေ ထို စိတ်နာတယ်တဲ့၊ အဲဒါ ကျွန်မကြောင့် စိတ်အနှောင့်အယှက်များ ဖြစ်နေ ခလားလို့'

'အဲ… ဒီကောင်မလေးတော့'

ရှက်သွားတော့တာ။ ပြီး… ပျာပျာသလဲ ငြင်းတယ်။ ဟိုကတော့ ရယ်နေတယ်။

'ဟာ… မဖြစ်ပါဘူးဗျာ၊ ရပါတယ်၊ ကျွန်တော် စိတ်နာတဲ့အထဲ မှာ ဆရာမ မပါဘူးလို့တော့ ထင်တာပဲ၊ အဟဲ…'

'ဩော်… ထင်ရုံပဲလား'

'အဟဲ'

ခပ်ရှင်ရှင်မေးတာနဲ့ မချိသွားဖြဲ ရယ်လိုက်တယ်။

စိတ်ထဲမှာလည်း အင်း… ငါ ဒီလိုသာ နေ့တိုင်းဆို ကြာရင် စိတ်နာတာ ပျောက်ပြီး စိတ်ပါလာတော့မှာပဲလို့ မသက်မသာ တွေးနေတယ်။

လမ်းထိပ်ရောက်တော့ အသုပ်ဆိုင်ထဲက ထွက်လာတဲ့ ဆိုးပေနဲ့ ကြုံတယ်။

'ဟာ… ဦးလေး မမက မှာလိုက်တယ်၊ ဘယ်မှမခေါ်သွားဘဲ အိမ်တွန်းလာခဲ့ပါတဲ့'

'ဘာကွ၊ ငါ…'

'ဘာကွ လုပ်မနေနဲ့၊ သူ့ဆရာမက လှတော့ ဦးလေးကို စိတ်မချ ဘူးတဲ့၊ အဟဲ… ဆရာမကိုတော့ အားနာပါတယ်'

စက်ဘီးကို အတင်းနင်းပြေးလာရတော့တာ။ ကြာရင် မလွယ်။

www.burmeseclassic.com



ဆရာမကတော့ ဘယ်လိုနေတယ် မသိ။ သူခကတော့ မျက်နှာကြီးရဲနေတယ်။

စိတ်ထဲမှာ ဆိုးပေကို နားရင်းတဖုန်းဖုန်း တီးနေတော့တာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒီနေ့ခင်းလည်း ပျင်းတာနဲ့ လမ်းထိပ်ထွက်ခဲ့တယ်။ ဒါပေမဲ့ မရောက်ပါ။ ဦးမိုးမြင့်တို့ အိမ်ရှေ့ရောက်တယ်ဆိုရင်ပဲ…

'ငါ့တူ မင်းကွာ အိမ်လာလည်ပါဦးဆိုတာ ဘာလဲ ထပ်နိုင်းမှာ နိုးလို့လား'

'ဟာ… မဟုတ်ပါဘူးဗျာ'

'မင်း အခုဘယ်လဲ'

'လမ်းထိပ် လက်ဖက်ရည်ဆိုင် သွားထိုင်မလားလို့'

'ဒါဆိုလည်းသွားမနေနဲ့၊ ဦး ကော်ဖီတိုက်မယ်၊ ဦးလည်း ပျင်းလို့ စကားပြောဖော် ရှာနေတာ၊ လာပါကွာ'

'ဩော်… ဟုတ်ကဲ့'

အတင်းခေါ်တာနဲ့ပဲ အားနာတာက တစ်ကြောင်း၊ ဟိုရောက်ရင် လည်း တစ်ယောက်တည်းဆိုတော့ ငေါင်နေမှာလေ။ ဒီတော့ ဒီအတိုးကြီးနဲ့ လေပေးတာပဲ အေးတယ်လို့ ကြံပြီး အိမ်ထဲလိုက်သွားတယ်။

ကိုယ့်ဘာသာ အံ့သြနေတယ်။ လမ်းထဲ အပေါင်းအသင်းမရှိပါ။ အဲ… ရှိမယ့်ရှိတော့လည်း ဘယ်သူနဲ့မှ မတည့်တဲ့ သူနဲ့ လာတည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဆိုသလို ဌစာ ဌစာချင်းပဲ တည့်ပေမပေါ့ တွေးသေးတာ။

'ကဲ… ငါ့တူ ထိုင်၊ သမီးရေ ဒီမှာ ဧည့်သည်ရောက်နေလို့ ကော်ဖီဖျော်ခဲ့ပါကွယ်'

အထဲက ဘာသံမှ ထွက်မလာပါ။ ဦးမိုးမြင့်က ပြုံးရင်း အခန်းထဲ ငေးကြည့်နေတဲ့ သုခကို စကားစတယ်။

'ဒါနဲ့ ငါ့တူ… မင်း… ဘာနဲ့ကျောင်းပြီးတာလဲ'

'ပထဝီနဲ့ပါ'

'ဩော်… ဦး သမီးလည်း ပထဝီပဲကွ၊ အင်း… တိုက်ဆိုင်လိုက်တာ'

'ဟုတ်ကဲ့၊ ဖြစ်တတ်ပါတယ်'

'အင်း… မင်းနဲ့စကားပြောရတာ မဆိုးဘူး၊ ဒါပေမဲ့တခြားလူတွေနဲ့ ငါစကားပြောလို့ မကောင်းဘူးကွ'

'ဒါတော့ ဦးရယ် လူတစ်ကိုယ် စိတ်တစ်မျိုးပဲ၊ တစ်ယောက်အကြိုက် တစ်ယောက်လိုက်ပါမှ စကားပြောရတာ အဆင်ပြေမပေါ့'

'ဟာ… ဟုတ်လိုက်လေ ငါ့တူရာ'

သုခကလည်း ဒီအဘိုးကြီးနဲ့ စကားပြောရင် ဘာရယ်ကြောင့်မသိ စိတ်ရှည်နေတယ်။ လေပေး လေယူ တည့်နေတုန်းမှာပဲ မြင့်မြင့်မော်ကို ကော်ဖီဗန်းနဲ့အတူ ထွက်လာတာ တွေ့ရတယ်။

'ဩော်… ကိုသုခကိုး၊ ခုမှပဲ ရောက်လာတော့တယ်၊ ရှင့်ကို မျှော်နေတာ ကြာပြီရှင့်'

'ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲလေ… ကျွန်မ မဟုတ်ဘူး၊ အဖေလေ'

စကားများသွားတော့ အတင်းပြန်ပြင်ပြောရတယ်။ ဖအေဖြစ်သူကတော့ မသိယောင်ဆောင်နေတယ်။

ရှက်ပြီး ကပျာကယာ ပြန်ဝင်ပြေးသွားတယ်။ အဲ… သူခက လည်း လိုက်ငေးနေတယ်။

ဘာ့ရယ်မသိ ဒီကောင်မလေးကို တွေ့တာနဲ့ စိတ်ထဲနှစ်ပေါင်းများစွာ ရင်းနှီးလာသလို ခံစားရတယ်။

'အင်း… မင်းတော့ ကြာရင် ရောဂါ… ရောဂါရမယ်၊ စိတ်ထိန်း စိတ်ထိန်း'

ကိုယ့်ဘာသာ သတိပေးရင်း သက်ပြင်းကို ခိုးချတယ်။

'ဒီလမ်းထဲကလူတွေက ဦးကို လှူဝှစာဆိုပြီး စကားမပြောကြဘူး၊ အဲဒါ ဘာကြောင့်လဲကွ'

'ရောဂါကြောင့်လေ'

'ဟေ'

မျက်လုံးပြူးကြီးနဲ့ ပါးစပ်ပြဲသွားမှပဲ စကားမှားသွားတယ်ဆိုတာ သိပြီး အတင်းလိုက်ပြင်ရတယ်။

'အဲလေ… အဲဒီလူတွေမှာ ရောဂါတစ်ခုခုရှိလို့နေမှာပေါ့'

'ဟာ… အဲဒါပဲ၊ အဲဒါပဲ'

ဒီစကားကို ရပ်ကွက်ထဲကလူတွေ ကြားလို့ကတော့ ခွက်ခွက်လန် ပြေးရပြီလို့ စိတ်ထဲမသက်မသာတွေးတယ်။

ဦးမိုးမြင့်ကတော့ ကိုယ့်ပေါင်ကိုယ်လက်နဲ့ တဖြန်းဖြန်းရိုက်ရင်း သဘောအကျကြီးကျနေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါပဲ၊ ရပ်ကွက်ထဲကလူတွေမှာ ဘဝင်ရူးရောဂါရှိနေတယ်လေ၊ ဒါကြောင့် ငါနဲ့မတည့်တာ'

'ဟုတ်လား'

ကော်ဖီကိုသောက်ရင်း ဘဝင်ရူးတာ ရပ်ကွက်ထဲကလူတွေတော့ မဟုတ်လောက်ဘူးလို့ တွေးတယ်။

'ဒီရပ်ကွက်လူကြီးဆို ဦးနဲ့အစေးမကပ်လှဘူးကွ၊ ရပ်ကွက်လူကြီးဆိုပြီး နေရာတကာ ထောင်နေတာ၊ အလှူခံဆိုလည်းပါ၊ ရပ်ကွက်သာရေးနာရေးဆိုလည်းရ၊ ဦးကတော့ ကြည့်မရပါဘူးကွာ၊ ဒီကြားထဲ အလှူငွေကောက်ရင်လည်း တစ်အိမ်ကို ဘယ်လောက်.ဘယ်လောက်နဲ့ ခွဲတမ်းချသေးတာဗျာ၊ လှူတာပဲကွာ၊ ကိုယ့်ဘာသာ သဒ္ဓါသလောက်ပဲ လှူမပေါ့၊ ဘာခွဲတမ်းချစရာလိုလဲ၊ ဥပမာ သူက ၃၀၀၀ လှူနိုင်းတယ်ထား၊ ဦးက ငါးထောင်လှူချင်လှူမှာပဲ၊ ငါးရာလောက်ပဲ ထည့်ချင်ထည့်မှာပဲ၊ လှူတယ်ဆိုတာ လူ့စိတ်နဲ့လည်းဆိုင်တယ်၊ မလှူချင်တာကို အတင်းလှူနိုင်းလို့မရသလို လှူချင်တာကိုလည်း အတင်းပိတ်လို့ မရဘူးကွ'

'ဟုတ်ကဲ့'

ကော်ဖီကို မျက်နှာမဲ့ကြီးနဲ့ ကောက်မော့တယ်။ နားကတော့ အတော်အူနေပြီ။ ကိုယ်လေကောင်းလှချည်လားမှတ်တယ်။ ကိုယ့်ထက်ကောင်းတဲ့လူနဲ့တွေ့တော့ အ,နေတယ်။

တစ်လက်စတည်း လမ်းထဲကလူတွေ ဒီလူကြီးကို ဘာလို့စကားမပြောကြတာလဲဆိုတာကိုလည်း နားနဲ့ရင်းပြီး သိလိုက်ရတယ်။

ပြောနေတဲ့ စကားတွေကို စိတ်မဝင်စားဘဲ သမီးဖြစ်သူကို တွေ့လိုတွေ့ငြား ဝေ့ရှာတယ်။ မတွေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဘက် ပြန်လှည့်လိုက်တော့…

'အဲ… နောက်ထပ်ကြည့်မရတာက လမ်းလူကြီး၊ သူက…. …………… နောက်တစ်ယောက်က …………………… ……………………………॥

ဟုတ်ကဲ့။ ဒီလမ်းထဲမှာ သူကြည့်မရတဲ့လူတွေဟာ အတင်းစကားဖြတ်ပြီး ထပြန်တာတောင် မကုန်သေးဘူး ခင်ဗျ။

နားထဲကလေထွက်လာတာနဲ့ပဲ ဆရာမကြီးစရာရှိသေးတယ် အကြောင်းပြပြီး ပြန်ရတယ်။ ဒါတောင်…

'အေးကွာ၊ ငါ့တူနဲ့ စကားပြောရတာ အဆင်ပြေတယ်၊ နောက်နေ့လည်း လာခဲ့ဦး၊ စကားပြောကောင်းနေကာမှ ဒီဆရာမကတစ်မျိုး'

သူ့ဟာသူ တစ်ယောက်တည်း ပြောနေပြီးတော့များ။ ကောင်းဦးမှာ ပြောလို့။ ကြားက ဆရာမပါ အပြစ်ရှာသေးတာ။

ခပ်သုတ်သုတ်ပဲ မပြေးရုံတမယ် ထွက်လာခဲ့တယ်။ တစ်ခါတည်းနဲ့ မှတ်သွားတယ်လေ။

'အံမယ်ဗျာ၊ ရပ်ကွက်ထဲကလူတွေ ရှောင်မယ်ဆိုလည်း မလွန်ပါဘူး၊ နောက်တစ်ခါ မသွားတော့ပါဘူးဗျ'

ဝေးဝေးကရှောင်ဖို့ ဆုံးဖြတ်လိုက်တော့တာ။

❖ ❖ ❖

'ဩော်… ဒီနေ့တော့ ရှင် ဘယ်မှမသွားဘူးပေါ့'

'ဩော်… မြင့်မြင့်မော် လာလေ ထိုင်'



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း သတင်းစာထိုင်ဖတ်နေတုန်း။ မြင့်မြင့်မော် ရောက်လာတယ်။ သူ့သမီးမြင်မှပဲ သူ့အဖေ သတိရပြီး မျက်နှာမဲ့သွားတယ်။ ဒါပေမဲ့...

'လက်ထဲက ဘာတွေလဲ'

'ဩော်... မုန့်ဟင်းခါးလုပ်စားလို့ လာပို့တာလေ၊ အစ်မညီမြီ ရော'

'နောက်မှာ ဟင်းချက်နေတယ် ထင်ပါရဲ့၊ ဝင်သွားလေ'

'ဟုတ်'

ကိုယ်လေးယို့ပြီး ဝင်သွားတာကို လိုက်ငေးတယ်။ နောက်မှ သတင်းစာကို ပြန်ကြည့်တော့ စိတ်က မပါတော့ဘူးလေ။

မိန်းမတွေကို ဆက်ပြီးစိတ်နာရကောင်းမလား။ ဒါမှမဟုတ် စိတ်ပဲ ပြန်ပါရကောင်းမလား စဉ်းစားနေတယ်။

ဒီလောကမှာ မိန်းမနဲ့ကင်းသူ ဘယ်သူရှိလဲ။ ဘုရားတောင်မှ ကလေးတစ်ယောက်ရကာမှ တောကောက်ထွက်တာ မဟုတ်လား။ ဒါကြောင့် ပါရမီဖြည့်ဘက်ဆိုတဲ့စကား ပေါ်လာတာပေါ့။

အဲ... ဘုရားတောင်မှ မကင်းနိုင်တာ။ ငါက ဘာမို့လို့လဲတွေးရင်း စိတ်အတော်ပြန်လည်လာပြီ။

ဒါနဲ့သတင်းစာကို ချလိုက်ပြီး စဉ်းစားတယ်။ ဟိတ်ကြီး ဟန်ကြီး နဲ့ မိန်းမ မကောင်းကြောင်းပေါ်တင်ကြီး ပြောခဲ့ပြီးခါမှ ချက်ချင်းကြီး မိန်းမတွေကို ပြန်ချစ်ပါပြီဆိုရင် သူများကြားလို့မှမတော် မြင်လို့မှမကောင်း။ ဒါနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ပြန်တင်းလိုက်တယ်။

နင်ဘာလဲ။ ငါဘာလဲ။ နင်တို့မရှိတော့ရော ဘာဖြစ်လဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မာန်နဲ့ ပြန်တင်းလိုက်တယ်ဆိုရင်ပဲ အရင်အတိုင်း ပြန်ပြီးစိတ်ကငြိမ်သွားပြန်တယ်။

အိမ်ရှေ့မျက်နှာပြန်လှည့်ရင်း ရုပ်တည်နဲ့ သတင်းစာကောက်ဖတ်နေတယ်။ ဒီအချိန်မှာပဲ မြင့်မြင့်မော် ပြန်ထွက်လာတယ်။ မကြည့်ဘူး။ လှည့်မကြည့်ပေမဲ့ စောင်းကြည့်တယ်။

ဟိုက ရုပ်တည်လေးနဲ့ ရှေ့ခုံမှာ ဝင်ထိုင်တယ်။ ပြီးမှ ရယ်ချင်ဝက်ကျိုမျက်နှာနဲ့ . . .

'ကိုသုခ . . . စာဖတ်တာ တော်တော်ကျွမ်းပုံရတယ်နော်'

'ဘာလို့လဲဗျ'

မျက်နှာကို သတင်းစာနဲ့ ကွယ်ရင်း မေးတယ်။

'အဟိ . . . သတင်းစာကို ပြောင်းပြန်ဖတ်နေလို့လေ'

'ဟင်'

ဒီတော့မှ အသေအချာကြည့်လိုက်တော့ သတင်းစာက ဇောက်ထိုးကြီး။ ရှက်သွားတော့တာ။ ပြန်ပြင်ရင်း . . .

'အဟဲ . . . ဒါက ဒီလိုဗျ၊ တည့်တည့်ဖတ်တာ ရိုးလို့၊ အဲလေ . . . ပုံတွေကို ဇောက်ထိုးကြည့်ရတာ ပိုကောင်းသလိုပဲ၊ ဒီကြော်ငြာထဲက ပုံလေ၊ အဟဲ . . .'

'ရှင်ကတော့ ဖြစ်ရမယ်၊ သွားတော့မယ် အဟိ . . . အရမ်းရယ်ရတာပဲနော်'

တခစ်ခစ်ရယ်ရင်း အိမ်ထဲကနေ ထွက်သွားတယ်။ မျက်စိတစ်ဆုံးဆိုက်ငေးနေတယ်လေ။ ကွယ်သွားမှ သက်ပြင်းကိုချရင်း . . .

'အတော်လှတာပဲ . . . ဟင်း . . .'



www.burmeseclassic.com

www.burmeseclassic.com



'ကိုသုခ'

'ဟဲ့… ပလုတ်တုတ်'

သွားပြီထင်တာ။ တံခါးဘောင်ကနေ မျက်နှာပြန်ပေါ်လာတော့ လန့်သွားလေရဲ့။ ဟိုက ရယ်ချင်တာကို အတင်းထိန်းရင်း…

'အဖေက အားရင်လာခဲ့ပါဦးတဲ့'

'အင်း… လာခဲ့မယ်လို့ ပြောလိုက်ပါ'

သတင်းစာနဲ့ မျက်နှာကို ပြန်ကွယ်တယ်။ မျက်နှာကြီးကို မဲ့နေရောပဲ။ ဒီလူကြီးဆီ သွားမယ့်အစား ရရမရရ ဆင်အမြီးပဲ ပြေးဆွဲလိုက်တော့မယ်တွေးရင်းလေ။

ဟိုကတော့ ရယ်ပြီးပြန်သွားတယ်။ သတင်းစာကို တဖြည်းဖြည်းဖယ်ရင်းကြည့်တယ်။ ဒီတစ်ခါတော့ တကယ်ပြန်သွားတယ်လေ။

ခုမှပဲ သက်ပြင်းကိုချလိုက်တော့တာ။

❖ ❖ ❖

ဦးလေးဖြစ်သူ စက်ဘီးဒေါက်ထောက်ပြီး လာတာကို ထိုင်ကြည့်နေတယ်။ မို့မို့ဇင် ကြည့်ရင်း ပြုံးနေတယ်။

ဆရာမက ဦးလေးဖြစ်သူကို စိတ်ဝင်စားနေတယ်ဆိုတာ သိနေတယ်။ ဒါလောက်ပုံဆိုးပန်းဆိုးကြီးကို ဘာလို့များ သဘောကျပါလိမ့်လို့ တွေးရင်းပေါ့။

အခုမှ အပူလုံးကြီးကျသွားသလို သက်ပြင်းကို ချရင်း ဦးဖြစ်သူနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ဟိုက ပြုံးဖြီးဖြီးနဲ့ ဖြစ်နေတော့…

'ဟဲ့… အဲဒါဘာဖြစ်နေတာလဲ၊ မိန်းကလေးဆိုတာ တည်တည်တံ့တံ့နေရတယ် တူမရဲ့'

'ဟီ… ဟီ… ကိုယ့်အိမ်ထဲကိုယ်နေတာပဲ ဦးလေးရယ်၊ မလိုပါဘူး၊ ပြီးတော့လေ ခစ်… ခစ်… ဦးလေးပုံစံက ကြည့်လေ ရယ်ချင်လေပဲ'

'သယ်… ဒီကောင်မလေးတော့'

ရုပ်တည်နဲ့ဟောက်လိုက်မှ အတင်းတည်တယ်။ ပြီးမှ…

'ဦးလေး အခြေအနေ ဘယ်လိုလဲ'

'ဟာ… ငါက ဘာလုပ်လို့ ဘာအခြေအနေတုန်း'

'သိပါဘူး၊ ဆရာမက ဦးလေးအကြောင်းချည်း မေးနေလို့ ဆရာမကိုများ ရည်းစားစကား ပြောပြီးပြီလားလို့ မေးကြည့်တာ'

'ဘာ'

တင်းသွားတယ်လေ။ တူမဖြစ်သူကို မျက်စောင်းထိုးတယ်။

'နင်တို့က ငါအေးအေးနေတာကို မမြင်ချင်ဘူးပေါ့လေ'

'ဘာမှမဆိုင်ပါဘူး ဦးလေးရယ်၊ မိန်းမရတိုင်းသာ ဒုက္ခရောက်ရမယ်ဆို ဦးတို့ တူမတို့ ဒီလောကထဲ ရောက်လာပါ့မလား'

'အောင်မယ်ဗျာ'

ဦးလေးထက် တစ်လကြီးပြတယ်။ ပါးစပ်ဟောင်းလောင်းနဲ့ နားထောင်နေတော့မှ ဆက်ပြောတယ်။

'ဦးလေး… စိတ်ကူးမလွဲနဲ့နော်၊ ဆရာမက ချစ်စရာလေး၊ ရုပ်လည်းလှသလို ပစ္စည်းလည်းရှိတယ်၊ ရွှေငွေပစ္စည်း ပြောပါတယ်၊ ဦးလေး တစ်သက်လုံး ဒီလိုချည်းနေသွားမှာလား၊ ဒါဆို ဦးလေးမျိုးပြတ်ပြီပေါ့'


www.burmeseclassic.com

www.burmeseclassic.com



'ငါနော်၊ ငါနော်၊ အမေ… ဟင်း… တကယ်တော့ နင်က တူမ မဟုတ်ဘဲ အမေဖြစ်သင့်တယ်၊ ငါ့ဘာသာ မိန်းမတွေနဲ့ ကင်းကင်းနေတာ နင့်အပူလား၊ ကလေးက ကလေးလိုမနေဘူး၊ ငါ… ဟွန်း'

မျက်နှာမာကြီးနဲ့ ဟောက်တော့ ဇာတ်လေးပုသွားတယ်လေ။ တရှုံ့ရှုံ့ ဒေါသထွက်နေတာကို ကြည့်ပြီးရယ်တယ်။

ဒီတုန်းမှာပဲ မညိုမီ ဝင်လာတယ်။ သမီးဖြစ်သူကို ဝေ့ကြည့်ရင်း…

'ဟိုကောင်မလေး စာသွားလုပ်တော့လေ၊ ဘာလေပေါ်နေတာလဲ'

'အင်းပါ အမေရဲ့'

ပြောရင်း အိမ်ထဲ ခုန်ပေါက်လို့ဝင်သွားတယ်။ မအေဖြစ်သူက ခေါင်းရမ်းတယ်။

'မိန်းကလေးတဲ့ ရုပ်ပျာနေရောပဲ'

အစ်မစကားကြားတော့ မောင်ဖြစ်သူ မဲ့သွားတယ်။

'တူမက တော်ပါတယ် အစ်မရယ်၊ နင့်တုန်းက ဒီထက်ဆိုးတာလေ၊ ယောကျ်ားလေးတွေနဲ့ လက်သီးထိုးတမ်းဆော့တာ မှတ်မိသေးလား'

'ဟဲ့… ငါတို့တုန်းက ဒီလိုမဟုတ်ဘူးဟဲ့၊ ကလေးက ကလေးလိုနေတာ အခု နင်ကြည့်ရင်တွေ့လိမ့်မယ်၊ ဆယ်နှစ်ကျော်တာနဲ့ ရည်းစားနဲ့ဖြစ်ကုန်တာတော်ရေ'

ပြောတာ ဟုတ်နေတော့ တိတ်သွားတယ်။ တိုးတက်ပြောင်းလဲလာတာနဲ့အမျှ အရာရာဟာ သိလွယ်တတ်လွယ်လာကြသလို မြင်ရတာလည်း လွယ်လာကြတာပေါ့။

အစ်မဖြစ်သူ ညည်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင့်တူမကိုလည်း ငါ အတော်ထိန်းခဲ့ရတယ်၊ ဟင်း… သမီးတစ်ယောက်မွေးထားတာ တယ်ရင်မောရကိုး'

အကြားကတတ်လာတာနဲ့ပဲ…

'ညည်းမနေပါနဲ့ဟာ၊ ကိုယ့်ဘာသာ မွေးတုန်းက မွေးထားပြီးတော့ အခုမှ လုပ်မနေနဲ့'

အစ်မဖြစ်သူက ဘာမှမပြောတော့ဘူး။ ခဏနေမှ မောင်ဖြစ်သူကို ပြုံးရင်း မေးတယ်။

'ဒါနဲ့ နင်ရော ဘယ်သူနဲ့ အဆင်ပြေနေပြီလဲ၊ ဆရာမလား၊ မြင့်မြင့်လား၊ ဟဲ့… နှစ်ယောက်လုံး မဆိုးဘူးနော်'

'လာပြန်ပြီ နောက်တစ်ယောက်၊ ငါ စိတ်မဝင်စားဘူး'

'ဟဲ့… နင်ဒီလိုတစ်သက်လုံး နေလို့ရမလား၊ ငါ့ပါ အိမ်ပေါ်က ဆန်ချခံရမှာပေါ့၊ ဒါထား နင် နီးနီးနားနား အကြောင်းသိပဲ ဖမ်းစမ်းပါ၊ ဒါ စိတ်ချရတယ်၊ ဝေးတော့ ဘာမှန်းမသိ ညာမှန်းမသိ၊ ငါကတော့ ဆေးအိမ်က ကောင်မလေးကို သဘောကျတယ်'

ငိုင်ရင်း စဉ်းစားတယ်။ နဂိုကတည်းက စိတ်ပါချင်နေတာ။ တိုက်တွန်းတဲ့သူကလည်း တွန်းကုန်ပြီ။

ဒါပေမဲ့…

'ဟာ… အစ်မရာ နားကိုညည်းရော စိတ်ကိုမဝင်စားတာ'

'နင်စိတ်မဝင်စားဘူးသာပြောတယ်၊ မျက်လုံးကို ပြုံးလို့၊ ဘာလဲ၊ ဆန်ခံရမှာ ရှက်လို့လား'

'အဟင်း… ငါထင်ပါတယ်၊ နင် ဟိတ်တစ်လုံး ဟန်တစ်ပုံးနဲ့ မိန်းမ မယူဘူးပြောပြီး အခု စိတ်ပြန်လည်နေပြီမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com


'ဟာဗျာ… အစ်မနော် ငါကောင်းကောင်းနေတာကို မမြင်ချင်ဘူး ထင်တယ်၊ ဟွန်း… ဟိုမှာ မိန်းမယူရမှာစိုးလို့ ပြေးလာတာ ဒီမှာ ယူစရာ လား၊ နို့ပဲ၊ သုခတို့က ဟင်ဆို လှည့်ကို မကြည့်တာ'

ပြောပြီး အိမ်ထဲခြေဆောင့်ဝင်သွားတယ်လေ။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ဆိုးပေ ဘောလုံးကန်က ပြန်လာတယ်။ ဦးမိုးမြင့်တို့ အိမ်ရှေ့ ရောက်တော့ ဘာရယ်မဟုတ်ဘဲ ခြံထဲငေ့ကြည့်လိုက်တော့ အံ့သြသွားတယ်။

'ဘယ်သူ့ကိုချောင်းနေတာပါလိမ့်'

သံဇကာကွက်တွေကာထားတဲ့ တစ်ဘက်ခြံထဲကို အစ်မကြီးတစ် ယောက် ချောင်းနေတယ်။ မသိမသာချောင်းနေတာ။

ဆိုးပေက ကျော်ကြည့်လိုက်တော့ တစ်ဘက်ခြံထဲမှာ ဦးလေးဖြစ်သူ ပန်းပင်တွေကို ရေလောင်းနေတာ မြင်တယ်။ ဒါနဲ့ မျက်နှာပြုံးသွားတယ်။ စားပေါက်တစ်ခုတော့ တွေ့ပြီလို့ တွေးရင်းနဲ့လေ။

'အဟမ်း… အဟမ်း'

'ဟင်'

မြင့်မြင့်မော် အလန့်တကြား လှည့်ကြည့်တော့ ဆိုးပေကို စပ်ဖြီးဖြီး တွေ့ရတယ်။ ရှက်သွားတော့တာ။

'ဪ… တူလေး ဘယ်ကပြန်လာတာလဲ'

'ဘောလုံးသွားကန်တာ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်'

ဒီအစ်မကြီးက အပြောဆိုးဆိုတော့ ဘုမပြောရဲဘူးလေ။ ဒါပေမဲ့ ဟိုကပြုံးရင်း...

'တလေး... သွားရေပြန်ချိုးတော့၊ အအေးပတ်ပြီး ဖျားနာနေမယ် အန်တီလေးက စိုးရိမ်လို့နော်... အဟင်း...'

'ဟုတ်ကဲ့'

ဆိုးပေ စပ်ဖြီးဖြီးဖြစ်သွားတယ်။ သူကိုယ့်သူ အန်တီလေးတဲ့ တွေ့ပြီပေါ့ကွာလို့ ကြိတ်ကြဲရင်း သွားမယ်လုပ်တော့...

'သြော်... ခဏ... ဟိုလေ... နင့်ဦးလေး ကိုသုခကို လာလည် ပါဦးလို့ ပြောလိုက်ပါ၊ အဲ... အန်တီလေး ပြောတာ မဟုတ်ဘူးနော် အန်တီလေးရဲ့အဖေ ပြောတာလို့'

'ရပါတယ်၊ ကျွန်တော် ပြောပေးပါ့မယ်'

'မင်းလည်း အားတဲ့အခါ လာလည်ပေါ့ကွယ်၊ အိမ်နီးချင်းတွေပဲ ဟုတ်ဘူးလား'

'သြော်... ဟုတ်ကဲ့၊ ကျွန်တော် အားတဲ့အခါ လာခဲ့ပါ့မယ်'

'အေး... အေး'

ဆိုးပေ ခွင်တွေ့ပြီလို့ တွေးရင်း ပြုံးပြီး ဝင်လာတယ်။ အဲ... ဒါပေမဲ့...

'ဟိုကောင်... ကြည့်စမ်း ပေတောမဲသဲနေရောပဲ၊ လာခဲ့... မင်းကို ငါကိုယ်တိုင် ရေချိုးပေးရမယ်၊ နွားများလို အုန်းဆံဖတ်နဲ့ တိုက်ချွတ်ရမယ် လာ'

'ဟာဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြစ်သူက ခါးထောက်ပြီး ရုပ်တည်နဲ့ ဟောက်လိုက်လို့ ပျော်တာပျောက်ပြီး မဲ့ရွဲ့သွားတယ်။

ဦးလေးကို ဆိုးပေ တစ်ခုခုပြောမယ့်ဟန်ပြင်ပြီးမှ မပြောတော့ဘူး။ တစ်ဘက်ခြံထဲ မသိမသာကြည့်ရင်းပြုံးလိုက်တယ်။ ဦးလေးဖြစ်သူကတော့ အလိုမကျကြည့်နေတော့တာ။

❖ ❖ ❖

စာအုပ်ကြီးရှေ့ချပြီး ဆိုးပေ မေးလက်ထောက်လို့ ငိုက်နေတယ်။ အဲဒါကို သူ့အတွေးနဲ့သူ ထိုင်နေတဲ့ သုခက မြင်သွားတယ်။

'ဟိုကောင် ဘာလုပ်တာလဲကွ ဟေ'

'အင်… စာ… စာကျက်နေတာပါ'

'ဟွန်း… မင်း အတော်စာရနေပုံရတယ်၊ စာကိုမကြည့်ဘဲ မျက်လုံးမှိတ်ကျက်တယ်ပေါ့'

ဒါနဲ့ ဇက်လေးပုရင်း စာအုပ်ကို စိုက်ကြည့်လိုက်တယ်။ အဲ… မှိတ်ကြည့်ရင်းနဲ့ ငိုက်သွားပြန်တယ်။ အဲလောက်စိတ်ဝင်စားတာ။

ဒီတစ်ခါတော့ လှမ်းမအော်တော့ဘူး။ အသာလာပြီး ငုံ့ကြည့်တယ်။

ငိုက်နေတာ သေချာမှ နားရင်းတီးလိုက်တော့တာ။

'ဖြောင်း'

ခေါင်းငိုက်သွားပြီး ပြူးပြဲကြည့်တယ်။ စနေသားဆိုတော့ သနေ့ ကောင်းပြီးသားလေ။ ကြိတ်ခံတယ်။ အသံတော့မထွက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'မင်း... ဘာပြောချင်သေးလဲ'

'ဗွား... ဘာမှမပြောချင်ပါဘူး'

နာရီကြည့်လိုက်တော့ ကိုးနာရီခွဲ။ ညနေက ဘောလုံးကန်ထားတော့ ညောင်းညာပြီး အိပ်ချင်နေပြီ။

ဦးလေးဖြစ်သူက သွားပြန်ထိုင်ရင်း ဖတ်လက်စ ဝတ္ထုစာအုပ်ကို မှောက်။ မေးလက်ထောက်ရင်း စဉ်းစားနေတယ်။

ဆိုးပေ ယောင်တောင်ပေါင်တောင်နဲ့ အိပ်ခန်းတွေဘက်သွားတယ်။ ဦးလေးဖြစ်သူရဲ့ အခန်းထဲ လှစ်ခနဲ ဝင်သွားတယ်။

ဒါပေမဲ့ ခဏကြာတော့မဲ့ပြီး ပြန်ထွက်လာတယ်။ ခြင်ထောင်ကို ပက်လက်လှန်ထောင်ဖို့လို့လေ။ အဆင်မပြေပါ။ ဦးလေးဖြစ်သူက ဒီအကြံကို သိလို့ ခြင်ထောင်ဖြုတ်ထားပုံရတယ်။

အကြံအိုက်ပြီး ထိုင်ခုံမှာ ခေါင်းကုတ်ဖင်ကုတ် လုပ်ရင်း ပြန်ထိုင်တယ်။ တစ်ခါပြုံးပြီး အကြံရသွားပြန်တယ်။ ဒါနဲ့ သမိုင်းစာအုပ်ကို လှန်ရင်း ကျက်ဟန်ဆောင်တယ်။

သုခ တွေးနေတယ်။ အခုတလော ဆရာမနဲ့ အနေနီးလို့လားမသိ။ စိတ်က ယိုင်ချင်လာတယ်။

မြင့်မြင့်မော်ထက် ဆရာမက ပိုလှတယ်လို့ မြင်တယ်။ ဒါကလည်း ဒီလို။ ဆရာမက အဝေးကလာရတာဆိုတော့ ပြင်ဆင်လာတာလေ။ ဒီတော့ ပိုလှတာပေါ့။

အဲ... မြင့်မြင့်မော်က အိမ်နေများတော့ ပြင်ပြင်ဆင်ဆင် မရှိပါ။ ဒီတော့ လူပျိုသိုးကြီး မျက်စိထဲ ဆရာမက ပိုလို့နေရာယူတော့တယ်။

သိစိတ်က လက်မခံပေမယ့် မသိစိတ်က ဆရာမရဲ့ အပြောအဆို

www.burmeseclassic.com



အထိအတွေ့မှာ သာယာနေတယ်။ ဒါနဲ့ပဲ မိန်းမတွေကို မုန်းရာကနေ ချစ်ချင်လာပြီ။ အဲ… ခက်တာက ဒီအရွယ်နဲ့ ရည်းစားစကားပြောဖို့ ခက်နေပြန်တယ်။

ဒါပေမဲ့ သုံးဆယ်ကို နှစ်နှစ်ပဲ စွန်းသေးတော့ သိပ်ပြီးအရွယ်မလွန်သေးပါဘူးလို့ ဖြည့်တွေးတယ်။

တူမဖြစ်သူကို ပြောခိုင်းရမလား။ မဖြစ်ပါ။ အဆင်မပြေရင် တူမကိုပါ အမြင်မကြည်နိုင်။

ဒီတော့ ကိုယ့်ဘာသာပဲ ကြိုးစားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီအချိန်မှာပဲ ဆိုးပေဆီက မကျေမနပ် စကားသံကြားရတယ်။

'မရှိဘူး၊ ယုတ္တိကို မရှိတာ၊ ဘယ်နှယ်ဗျာ'

'ဟော့ကောင်… ဘာဖြစ်ရပြန်တာလဲ'

'ဒီမှာလေ၊ အနော်ရထာမင်းကြီးဟာ'

'တိတ်… ဟော့ကောင်… ဟွန်း… ဟွန်း… ငါ့ကိုညာတာပါ တေးနဲ့ စကားစမယ်မကြံနဲ့၊ တစ်ခါပဲရမယ်ကွ၊ ဟား… ဟား… သူဟာသူ ဘာဖြစ်ဖြစ် မင်းဘာသာ ကျက်စရာရှိတာကျက်'

'ဟာဗျာ… ဒါကြီးက…'

မရရအောင် စကားစမယ်ကြံပေမဲ့ မရဘူး။ ဦးလေးဖြစ်သူက ရှပ်တည်နဲ့…

'မင်း စာကျက်မှာလား၊ စကားများမှာလား၊ ငါ မင်းအဲမေနဲ့တိုင်လိုက်ရမှာလား'

'နေဗျာ၊ ပြော့မပြတော့ဘူး။ အကောင်းနဲ့ သူဗဟုသုတရအောင် လည်း ပြောရဦးမယ်၊ နေပေါ့၊ အာညောင်းသက်သာတယ်'



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့ခြောက်လိုက်မှ ငြိမ်သွားတယ်။ ဒါတောင် ဖျစ်စိဖျစ်စိနဲ့ပြော နေသေးတာ။

စာကျက်ရမှာလည်း စိတ်မပါ။ ဦးလေးဖြစ်သူကို ညာချလို့လည်း မရတာနဲ့ စိတ်ပျက်နေတယ်။

စကားမရှိ စကားရှာပြောတယ်။

'ဦးလေး ခြင်ထောင်မထောင်အိပ်ဘူးလား၊ ခြင်ကိုက်တယ်ဗျ'

'အိပ်ခါနီးမှ ထောင်မယ်၊ မဟုတ်ရင် ခြင်ထောင်က ပက်လက် လန်နေတတ်တယ်ကွ'

'အဟီး... ပြောရဦးမယ်၊ ဘုရားရှိခိုးရင် တိုးတိုးလုပ်ပါဗျ ကျွန်တော် အိပ်မရဘူး'

စကားကြဲဖန်ပြောနေတော့ စွေကြည့်တယ်။

'ဟော့ကောင် ကျက်စရာရှိတာ ကျက်စမ်း၊ ငါ့စိတ်တိုလက်ပါ အောင် မလုပ်နဲ့၊ ဘုရားစာဆိုတာ မင်းကိုဆဲနေတာ မဟုတ်ဘူး၊ အိပ်မရ မအိပ်နဲ့ကွာ၊ စာကျက်စမ်း'

'သြော်... အဲလိုကြီးလား'

'အေး... ဟုတ်တယ်ကွာ'

'ဒါဆိုလည်း ကျွန်တော့်ဟိုဘက်ခြံက အစ်မကြီးပြောတာ ပြန် မပြောပြတော့ဘူး ဟင်း... ဟင်း'

ဆိုးပေက အပိုင်ပြောပြီး တဟင်းဟင်း ရယ်တယ်။ အကြံပေါက် လေ။

ဦးလေးဖြစ်သူက တစ်ချက်ငိုင်ပြီး သိချင်တဲ့ပုံနဲ့မေးတယ်။

'သူဘာပြောလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ဟင်း… လွယ်လွယ်ပြောရင် ငယ်ငယ်မောမှာပေါ့ဗျ။ ကျွန်တော့်ကို မုန့်ဖိုးပေးရင် ပြောမယ်'

'ဘယ်လောက်လဲ'

'၁၅၀၀ ပေးရမယ်'

'ဟ… များလှချည်လား၊ ကဲ… ငါးရာထားကွာ'

ဆိုးပေ မဲ့သွားတယ်။ အတော်ကပ်စေးနဲတဲ့ဟာကြီးလို့ တွေးရင်းတင်းတယ်။

'ဟာ… မရဘူးဗျာ'

'အေး… မရရင် မပေးဘူးကွာ၊ မပြောနဲ့၊ ငါက စိတ်ကိုဝင်စားတာ၊ ကဲ… တာကျက်'

'အမ်'

ဦးလေးဖြစ်သူက စိတ်မဝင်စားဟန်နဲ့ ဝတ္ထုစာအုပ်ကောက်ဖတ်နေတယ်။

ဆိုးပေ အကြံအိုက်သွားတယ်လေ။ ဒါနဲ့အတင်းဆွယ်တယ်။

'ကျွန်တော် တကယ်ပြောတာဗျနော်၊ သူ အသေအချာမှာလိုက်တာ အရေးကြီးတယ်'

'ငါက သိချင်တာပေါ့၊ မင်းဈေးတင်တာ များလွန်းတယ်၊ ဒါပေမဲ့ မင်းမပြောလည်း သူနဲ့တွေ့ရင် သိရမှာပေါ့'

စာဖတ်လျက် လှည့်မကြည့်ဘဲပြောတော့ ဆိုးပေ မဲ့သွားတယ်။ ကပ်စေးနဲတဲ့နေရာမှာတော့ အမေနဲ့တထေရာတည်းပဲလို့ တွေးတယ်။

'ဟာဗျာ… ဦးလေးရာ ပိုက်ဆံလေး တစ်ထောင့်ငါးရာတို တိုလိုက်တာဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟ… မင်း ဘာသိလဲ၊ ငါ ဒီကိုလာဖို့ကို ဘာလုပ်ခဲ့ရတယ် ထင်လဲ'

'ဘာလုပ်ရလို့လဲ'

ဝတ္ထုစာအုပ်ကိုချပြီး မျက်နှာလှည့်လာတယ်။ မခံမရပ်နိုင်လေသံနဲ့ ပြောတယ်။

'မင်းအဘိုး ငါ့အဖေက အတော်ကပ်တာ၊ ကပ်ဆိုခွာကိုမရတာ၊ ငါ့ကို ပိုက်ဆံတစ်ပြားမှမပေးဘူး၊ မင်းဘာသာ သွားချင်ရာသွား၊ နေချင်ရာနေ၊ တစ်ပြားမှမပေးနိုင်ဘူးတဲ့၊ အဲဒါနဲ့ ငါ ဘာလုပ်ခဲ့ရတယ်ထင်လဲ'

'ဟင်… အဲလိုကြီးလား၊ ဒါဆို ဦးလေး ဒီကိုလာဖို့ အလုပ် အတော်လုပ်ခဲ့ရတာပေါ့'

ဦးလေးဖြစ်သူက သက်ပြင်းကို ချပြီး ရပ်တည်သွားတယ်။

'ဒါပေါ့၊ ဒီကိုလာဖို့ ငါ အတော်ကြိုးစားခဲ့ရတယ်၊ အရမ်းခက်ခဲပြီး လက်ဝင်တဲ့အလုပ်တွေကို လုပ်ခဲ့ရတယ်'

'ဩော်'

ဦးလေးဖြစ်သူကို ကရုဏာသက်ပြီး ကြည့်လိုက်တယ်။ အတော်သနားသွားတာ။ အတွေးထဲမှာ သူဌေးသားတန်မဲ့ သူများအိမ်မှာ ရေခပ် ထင်းခွဲစတဲ့ ဗာဟီရအလုပ်တွေကို သိမ်းကြုံးပြီးလုပ်။

ရတဲ့ ပိုက်ဆံလေးတွေကို မှုးစုမတ်စု စုနေမယ့် ပုံလေးကို တွေးပြီး အတော်သနားသွားတယ်။

'မင်း စဉ်းစားကြည့်ကွာ၊ အဖေ မသိအောင် သူ့ဆီစက်တစ်လုံးနဲ့ ဆန်စက်တစ်လုံးကို စာချုပ်တွေခိုးပြီး တခြားမှာပေါင်ရတဲ့အလုပ်လေ၊ ကဲ… ပြော၊ ဘယ်လောက်ခဲယဉ်းသလဲဆို'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… လေပြေလေးနဲ့ ပြော့တော့ ကြောင်သွားတယ်။ ဟိုက မျက်နှာကိုမာလိုက်ကာ။

'အေး… အဲဒီမလွယ်တဲ့အလုပ်ကိုပဲ ငါကရအောင်လုပ်ခဲ့ရတာ၊ ဟူး… ပင်ပန်းလိုက်တာ ဖတ်ဖတ်ကိုမောရော၊ အဖေအိပ်တုန်း စာချုပ်တွေကို သာသာယူ ပြီးတော့ သွားပေါင်ရတာယ်။ အတော်ခဲယဉ်းတာလေ၊ အဲဒီတော့ ပိုက်ဆံဆိုတာ လွယ်လွယ်မရဘူးကွ'

'ဟာဗျာ… အဟုတ်မှတ်လို့ အံမယ် သူများအိမ်စာရင်းငှားလုပ်ပြီး ရှာလာရတာလားဆို ဘယ်ဟုတ်မှာလဲ၊ ကိုယ့်အိမ်ကဟာ ကိုယ်ခိုးပြီး ပေါင်လာတာတဲ့ဗျာ၊ အတော်ပင်ပန်းနေဦးမယ်'

သနားတာပျောက်သွားတော့တာ။ ဦးလေးဖြစ်သူကဘုကြည့်ကြည့်ပြီး ပြောတယ်။

'မင်းဘာသိလဲ၊ အဖေမသိအောင်လုပ်ရတာ လွယ်တာလိုက်လို့'

'ဟုတ်ပါပြီ၊ ထားပါတော့၊ အဘိုးမသိသေးဘူးလား'

'အခုလောက်ဆိုရင်တော့ ငါ့ကို သတ်ချင်နေလောက်ပြီ၊ အဟီး… ဒါကြောင့် ငါ အိမ်ပြန်ဖို့ မစဉ်းစားတာလေ'

'ဟွန်း'

ဆိုးပေက စွေကြည့်တယ်။ အတွေးထဲမှာ သားဖြစ်သူနာမည်ကို တတတြီး သစ်ပင်ကိုဓားနဲ့ခုတ်နေမယ့် အဘိုးဖြစ်သူကို မြင်ပြီး သနားသွားတယ်။

'ကဲ… ထားဗျာ၊ ငါးရာဆိုလည်း ငါးရာပေါ့၊ တော်ကြာ သူခိုးသက်က ကျုပ်ပြန်လုသလို ဖြစ်နေဦးမယ်'

နာမလားမှတ်တယ် မနာဘူး။ မျက်နှာကြီးဖြီးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံငါးရာကို ထုတ်ပေးတယ်။

'အဲလိုလုပ်စမ်းပါကွ၊ အဟဲ… ရော့… ငါးရာ'

'ပေး'

ပိုက်ဆံငါးရာကို ဘောင်းဘီအိတ်ထဲထည့်ပြီး နာရီကိုကြည့်လိုက်တော့ ဆယ်နာရီခွဲတောင် ကျော်နေပြီ။

ဒါနဲ့ စာအုပ်တွေကောက်သိမ်းတယ်။ ဦးလေးဖြစ်သူက စွေကြည့်တယ်။

'ဟေ့ကောင်… ငါပေးပြီးပြီ၊ ပြောတော့လေကွာ'

'ဖြည်းဖြည်းပေါ့ဗျာ၊ ဒီမှာ သိမ်းလိုက်ဦးမယ်၊ ခဏလေးပါ'

'မြန်မြန်လုပ်ကွာ၊ ကလည်မယ်တော့ မကြံနဲ့'

'မကလည်ပါဘူးဗျာ၊ တကယ်မှာလိုက်တာ၊ ကြည့်စမ်း (၁၁) နာရီတောင် ထိုးတော့မယ်၊ အိပ်တော့မယ်ဗျာ'

'ဟေ့ကောင်'

စိတ်မရှည်တဲ့ပုံစံနဲ့ ထရပ်တယ်။ ဆိုးပေက ဒီတော့မှ ပြောမလို ပုံစံနဲ့ကြည့်တယ်။

'သူက မှာလိုက်တယ်၊ ကျွန်တော့်ကိုလည်း ဦးလေးကလွဲပြီး ဘယ်သူ့ကိုမှ မပြောပါနဲ့တဲ့'

'ဟုတ်လား၊ သိချင်လိုက်တာ၊ မြန်မြန်ပြောစမ်းပါဟ'

'အဟဲ… ဖြည်းဖြည်းပေါ့ဗျာ'

စိတ်ဝင်တစားမေးတော့ စပ်ဖြဲဖြဲ မပြောချင်သလို ပြောချင်သလိုနဲ့ ဇွတ်လည်လည်လုပ်နေတယ်။

'သူက ပြောတယ်ဗျ၊ အရေးလည်းကြီးပုံရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟော…'

အရေးတကြီးပုံစံနဲ့ ဘေးဘီဝေ့ကြည့်တယ်။ ဘယ်သူမှမရှိတော့မှ စိတ်ချလက်ချပုံစံနဲ့…

'ဦးလေးကို အိမ်လာလည်ပါဦးတဲ့၊ အဟဲ… သူ့အဖေက မှာလို့တဲ့၊ အဲဒါ…'

'ဘာကွ'

အဟုတ်မှတ်လို့ နားထောင်နေတာလေ။ ဘာပြောကောင်းမလဲ။ လက်သီးကြီးဆုပ်၊ မျက်နှာမာကြီးနဲ့ အနားသွားမယ်ကြံကာရှိသေး ဆိုးပေ ဘာ အိပ်ခန်းထဲ ပြေးဝင်သွားပြီး တံခါးပိတ်လိုက်တယ်။

'ဟေ့ကောင်… တံခါးဖွင့်စမ်း၊ ပိုက်ဆံငါးရာ ပြန်ပေးကွနော်'

'ဒုန်း… ဒုန်း'

အတင်းလိုက်တောင်းရင်း တံခါးကိုထုတယ်။ စိတ်အတော်ဆိုးနေ တာလေ။

'ဘာလို့ပေးရမှာလဲ၊ ထုလေ တံခါးကို ဟား… ဟား… တစ် အိမ်လုံး တစ်လမ်းလုံးနိုးလာမှာ၊ ဆိုးပေတို့ကတော့ကွာ စာမကျက်ရတဲ့အပြင် ပိုက်ဆံငါးရာပါ အဆစ်ရလိုက်သေးတာ၊ ဟား… ဟား… ဟား'

'တောက်… ခွေးသူခိုး'

ဆဲသံတွေ မိုးမွှန်နေတယ်။ တံခါးကို မထုရဲတော့ပါ။

'ဟဲ… ဟဲ… ဦးလေးက အ,တာကိုး‌ဗျ၊ ခံပေါ့'

မနာတဲ့အပြင် ပြောင်ပါနေသေးတာ။ ဒါနဲ့ပဲ ပတွတ်ပတွတ်နဲ့ ဆဲရင်း ထိုင်ခုံမှာ သွားပြန်ထိုင်နေတယ်။

'တောက်… ငါနော် သင်းရဲ့အလိမ်မမိအောင် သတိထားနေတာ



www.burmeseclassic.com

www.burmeseclassic.com



မှပဲ ထချင်ဦးဟဲ့တဖျာ၊ ငါကလည်း ငါပဲ၊ မိန်းမတွေကို စိတ်နာပေလို့ပဲ၊ မ,အကြောင်း နည်းနည်းပြောလိုက်တာနဲ့ စိတ်ကပါနေပြီ၊ ငါနော်… ငါ

ဖျစ်စိ ဖျစ်စိနဲ့ ပြောရင်း ထိုင်နေတယ်။ စာအုပ်ကိုကောက်ဖတ်တယ်။ ဒါပေမဲ့ ဖတ်မရတော့ပါ။ မြင့်မြင့်မော်ရဲ့ မျက်နှာက အတွေးထဲ တဝဲဝဲလည်နေလေရဲ့။

❖ ❖ ❖

ခြံပေါက်ဝကို ရောက်တာနဲ့ မျက်စိသူငယ် နားသူငယ်နဲ့ တစ်ဘက် ခြံထဲဝေ့ကြည့်တယ်။

ဦးမိုးမြင့်များ ထွက်ထိုင်နေမလားလို့လေ။ ဒါကလည်း အလုပ် တစ်ခုလိုပဲ။ အပြင်တစ်ခါထွက်ခါနီးတိုင်း ဒီလူကြီးကို ချောင်းရတာလည်း အမော။ အဲ… မတွေ့တော့မှ ပြုံးရင်း သွားမယ်ကြံတယ်။ ဒါပေမဲ့ ဒီလူကြီးက ပြောရတာ မဟုတ်။

လူလုံးမြင်ရင် မလာမှာ သိနေတော့ အိမ်ထဲက ချောင်းရင်ချောင်း နေမှာလေ။

ဒါနဲ့ ဖိနပ်ကို ချွတ်တယ်။ ပုဆိုးကို တိုတိုဝတ်။ ဖိနပ်ကိုကုန်း ကောက်ပြီး မှုန်နေအောင်ပြေးတယ်။ ဘယ်လောက်ကြောက်တယ်ဆိုတာ တွေးသာကြည့်။

နှစ်ခြံကျော်လောက်ရောက်မှ ဘရိတ်အုပ်လိုက်တယ်။ ဘယ်ညာ တစ်ဘက်စီကိုင်လာတဲ့ ဖိနပ်ကို ပစ်ချပြီးစီးတယ်။ ပြုံးရင်း ပုဆိုးကို ပြန် ပြင်ဝတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com


အခုမှပဲ ဣန္ဒြေရရ လျှောက်ရတော့မှာလေ။ လမ်းထိပ်ကို တစ်ခါ တစ်ခါ သွားဖို့ကလည်း မသက်သာပါ။

ဒီလူကြီးကလည်း ကိုယ့်မှ ရွေးပြီးခင်နေတာ။ သမက်တော်ချင် လို့ထင်တယ်။ သူ့ကိုသာ ယောက္ခမတော်ရရင် တစ်နေ့တစ်နေ့ နားရောဂါ ရတာနဲ့ပဲ သက်ဆိုးရှည်မှာမဟုတ်ဘူးလို့ မသက်မသာတွေးနေတယ်။

သက်ပြင်းကို ချရင်း စိတ်မချလို့ နောက်ကိုလှည့်ကြည့် လှည့်ကြည့် နဲ့ လျှောက်တယ်။ နောက်ကလိုက်လာတာ မတွေ့မှ ပြုံးတယ်။

စိတ်ချလက်ချ ပုံစံနဲ့ ရှေ့ပြန်လှည့်လိုက်တယ်ဆိုရင်ပဲ မျက်လုံးပါ ပြူးပြီး မဲ့သွားတော့တာ။

'ဟိုက်... နာပြီဗျ'

'ဟေး... ငါ့တူ'

လမ်းထိပ်ကနေ ပြန်လာတဲ့ ဦးမိုးမြင့်နဲ့ တည့်တည့်တိုးတယ်။ စိတ်ကိုညစ်သွားပါရောလား။ အပြုံးနဲ့ သုခနားကပ်လာရင်း မေးတယ်။

'ဘယ်လဲကွ'

'လမ်းထိပ်ပဲ၊ လက်ဖက်ရည်ဆိုင်လေ'

'သွားမနေနဲ့၊ အိမ်လိုက်ခဲ့ကွာ၊ မင်းအတော်နေနိုင်တဲ့အကောင်၊ ငါမှာမင်းကိုမျှော်နေတာ'

'ဟိုလေ... ဟို'

ခေါင်းကုတ်ရင်း ငြင်းစရာအကြောင်းရှာတယ်။ ဒါပေမဲ့ အကြောင်း ပြချက်က ရှိမှမရှိဘဲ။

အလုပ်ကလည်း မရှိဘူးဆိုတာ သိနေတော့ ဘာကိုအကြောင်းပြ ပြီး ငြင်းရမယ် မသိဘူး။


www.burmeseclassic.com

www.burmeseclassic.com


'ဟိုတွေ ဒီတွေ လုပ်မနေနဲ့၊ သမီးတောင် မင်းအကြောင်း ပြောနေသေးတယ်'

'ဟင်… ဟုတ်လား'

ဦးမိုးမြင့်က ဒီအတိုင်းခေါ်ရင် အဆင်မပြေဘူးဆိုတာ ရိပ်မိတယ်။ ဒါနဲ့ သမီးနဲ့ လှည့်ဆွယ်တယ်လေ။

'ဟုတ်တယ်၊ ကိုသုခက သဘောထားကောင်းတယ်တဲ့၊ မိန်းမကိစ္စလည်း ကင်းတယ်တဲ့၊ ကဲပါကွာ၊ အိမ်ရောက်မှ ပြောတာကောင်းပါတယ်၊ လမ်းလယ်ကြီး အမြင်မတော်ပါဘူး'

'ဟုတ်ကဲ့'

နဂိုကတည်းက သမီးအသံကြားပြီး လိုက်ချင်နေပြီ။ အခုမြှောက်ပြောလိုက်တော့ ကောက်ကောက်ပါအောင် လိုက်သွားတော့တာလေ။

အိမ်ထဲရောက်တော့ မြင့်မြင့်မော်ကို စောစောစီးစီး ကပိုကရိုနဲ့ တွေ့ရတယ်။ ဝင်ထိုင်ရင်း ဦးမိုးမြင့်က ပြောတယ်။

'ဦးက ဒီအချိန်ဆိုလမ်းထွက်လျှောက်နေကျကွ'

'ဪ… ဟုတ်လား'

စိတ်ထဲမှာတော့ နောက်နေ့ ဒီအချိန် အပြင်မထွက်ဘူးလို့ တွေးလိုက်တယ်။

'ကျန်းမာရေးအရပေါ့ကွာ၊ ပြန်လာတော့ မနက်စာစားတယ်၊ ဪ… ငါ့တူ တစ်ခါတည်း ဝင်စားသွားပါလား'

'ဟာ… မစားတော့ပါဘူး၊ ကျွန်တော် ထမင်းကြော်စားပြီးပြီ'

'ဒါဆိုလည်း ပြီးတာပဲ၊ ကဲ… သမီး အဖေ မရှိတုန်း နင့်အစ်ကိုနဲ့ စကားပြောလိုက်ပါဦး'


www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

ဦးမိုးမြင့်က မျက်နှာချင်းဆိုင် ထိုင်နေတဲ့ နှစ်ယောက်ကို ပြုံးကြည့်ပြီး အိမ်ထဲဝင်သွားတယ်။

'အဟဲ'

'အဟင်း'

စကားပြောစရာ ရှာမတွေ့သေးတာနဲ့ပဲ အပြုံးချင်းဖလှယ်လိုက်ကြတယ်။ သူ့ခက ကြည့်လေ မြင့်မြင့်မော်က ရှက်လေလေပဲ။

ကြာတော့ ဟိုက ခေါင်းအောက်ငုံ့ရင်း လက်တွေကို ချိုးနေတယ်။ သူ့ခလည်း နေရတာတစ်မျိုးတော့ တစ်မျိုးပဲ။ ဒါနဲ့ပဲ ကြုံရာပြောချလိုက်တယ်။

'မြင့်မြင့်မော်'

'ရှင်'

'မင်း အိမ်ထောင်မပြုသေးဘူးလားဟင်'

'ရှင်'

မပြောတော့လည်း မပြောဘူး။ ပြောတော့လည်း ဒဲ့ထိုးဆိုတော့ ရှက်ပြီး မျက်နှာရဲနေတယ်။ မဝံ့မရဲမော့ကြည့်ပြီး...

'သူများကျတော့ ပြောတယ်၊ ကိုသူခကျတော့ရော အိမ်ထောင်ပြုတော့ဘူးလား'

'အဲ'

ခေါင်းကုတ်ရင်း ဘာပြောလို့ ပြောရမယ်မသိ။ အပျိုကြီးကို အိမ်ထောင်မပြုဘူးလား မေးမှတော့ အဖြေခက်ပြီပေါ့။ ကိုယ့်ပြန်မေးတော့လည်း ခေါင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မပြုတော့ဘူးလို့ စကားကုန်မပြောရဲ။ အဲ… ပြုမယ်ပြောရအောင်လည်း ရည်းစားက မရှိဘူးလေ။

အတော်ခွကျနေတော့တာ။

'အဲ… ဒါက ဒီလိုဗျ၊ ငါက မပြုဘူးဆိုရင်ရော'

'အို… ဒါဆို ကျွန်မလည်း မပြုဘူးပေါ့'

'အဲ'

ကိုယ့်စကားနဲ့ကိုယ် ပြန်နင်းတာနဲ့ အမ်းတမ်းတမ်းဖြစ်နေတယ်။

'ငါက ပြုမယ်ဆိုရင်ရော'

ဟိုက ခဏစဉ်းစားတယ်။ သူ့ခ ဒီစကားကိုလည်း လိုက်နင်းပါစေ ဆုတောင်းနေတယ်။

ဒါဆို အဆင်ပြေပြီလေ။

'အဲ… ကျွန်မလည်း… ကျွန်မလည်း… အို… ရှင်ပြုရင် ကျွန်မလည်း ပြုတယ်ရှင်'

'ဟာ… ကဲ… ပြီးရောဗျာ၊ ဘာလိုသေးလဲ'

'ရှင်… ဘာလဲဟင်'

အားရဝမ်းသာ ထအော်တော့ ဟိုက မျက်ပြူးလေးနဲ့ ကြောင်နေတယ်။

'ဟာ… ရှင်းနေတာပဲ၊ ငါ အိမ်ထောင်ပြုရင် မင်းလည်းပြုမယ်ဆိုတော့ ကဲ… ဘာပြောစရာလိုလဲ၊ နှစ်ယောက်ပေါင်း ပြုလိုက်ရင် ပြတ်ရောပေါ့'

'ဟယ်… ရှင်ကြီးနော်'

'အဟဲ… ဟဲ… တကယ်ပြောတာ'



www.burmeseclassic.com

www.burmeseclassic.com



ဟိုက ရှက်ပြီး မျက်နှာရဲနေတယ်။ စပ်ဖြီးဖြီးဖြစ်နေတဲ့ သူ့ခရုစ်ကို

ချက်ပြုံးရွှေလေးနဲ့ ကြည့်ပြီး အထဲဝင်ပြေးသွားတော့တာ။

သဘောအကျကြီးကျပြီး ပြုံးနေတယ်။ ဒီအချိန်မှာပဲ ဦးမိုးမြင့်

ထွက်လာတာတွေ့လို့ မဲ့သွားတယ်။ နားငြီးတော့မှာမို့လေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

'ကိုသုခ… စောင့်နေတာ ကြာပြီလား၊ အဟင်း… အားနာလိုက်တာ'

'ရပါတယ်ဗျာ၊ လာ… တက်'

စက်ဘီးကို သာသာနင်းရင်း ဟိုက ခုန်တက်တာကို စောင့်နေတယ်။ ခုန်တက်ပြီးတာနဲ့ တအားနင်းပြီး နည်းနည်းအရှိန်ရလာမှ ဘရိတ်ကို ဆောင့်အုပ်လိုက်တယ်။

'ဟယ်'

'ကျွီ'

'အဟဲ… ဆောရီး'

ကြောက်လန့်တကြားနဲ့ ခါးကိုဖက်တော့မှ သုခ သဘောအကျကြီး ကျသွားတယ်။

ကျောနဲ့ရင်နဲ့အထိအတွေ့က ရင်ကို ရှိန်းခနဲ ဖိန်းခနဲဖြစ်သွားစေတာလေ။ ဆရာမက ရှက်ပြီး အသံတိတ်နေတယ်။ ဒီလိုပညာတွေလည်း ရှာရှာကြံကြံ ထုတ်သုံးလာတယ်။ မိန်းမတွေကို စိတ်ညာနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပညာက လွယ်လွယ်ရတာတော့ မဟုတ်။ တစ်ခါက မြို့ထဲကို ဘတ်စ်ကားစီးသွားတုန်းကလေ။ ကားက လူကိုကြပ်ညှပ်နေရောပဲ။ တက် မယ့်ခရီးသည်တွေ မှတ်တိုင်မှာ လှမ်းတွေ့နေရတော့ ဒရိုင်ဘာရဲ့ ပညာကို မျက်ဝါးထင်ထင် တွေ့ခဲ့ရတယ်။

စပယ်ယာက အော်တယ်။

'ခရီးသည်တွေ လိုအပ်ရင် ဘရိတ်သုံးမယ်၊ ကိုင်ထားကြပါ' တဲ့။

အဲ... အော်လည်းပြီးရော ဒရိုင်ဘာက ကားကို လီဗာဆောင့်နင်း တယ်။ အရှိန်ရသွားတော့ ဘရိတ်ကိုဆောင့်အုပ်တယ်လေ။ နောက်ကားက လည်း ရှင်းတယ်။

သုံးခါလောက်အဲ့လိုလည်းလုပ်ပြီးရော မတ်တတ်ရပ်နေတဲ့ ခရီး သည်တွေ အကုန် အနောက်ချောင်မှာ သွားစုကုန်တယ်။

ဒီတော့မှပဲ ရှေ့မှတ်တိုင်က ခရီးသည်တွေအတွက် နေရာရတော့ တာ။ ကဲ... ဘယ်လောက်ပညာပါလဲ။ တွေးသာကြည့်။ အခု သုခလည်း ဒရိုင်ဘာရဲ့ ပညာကိုသုံးပြီး လူချင်းကပ်အောင် ဘရိတ်ခဏခဏသုံးတယ်။

လူချင်းကွာသွားတာနဲ့ ဘရိတ်ကို ဆွဲညှစ်လိုက်တယ်။ ဟော... ကျောနဲ့လက်မောင်းနဲ့ ပြန်ကပ်သွားပြန်တယ်။ ဆရာမက ကြာတော့ ဖွင့်ပြောမေး လာတော့တယ်။

'ကိုသုခ... ရှင် ဒီနေ့ ဘရိတ်တော်တော်သုံးနေရသလိုပဲနော်'

'ဩော်... ဆရာမရယ်... ဘရိတ်ဆိုတာ သုံးဖို့ထားတာပဲ မဟုတ် လား၊ လိုအပ်လာတော့လည်း သုံးရတော့တာပေါ့'

'အင်'

ဆရာမလည်း မပြောသာတော့ သုခက လမ်းထဲဝင်ရုံ ပိုကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ တွေးတယ်။ ဘာလို့လဲဆိုတော့ ရပ်ကွက်လမ်းတွေက Slow Down တွေခံထားကြတယ်လေ။

ဒီတော့ ဘာရိတ်ခဏခဏ သုံးလို့ရပြီပေါ့။ လုပ်ငန်းအတွက် အဆပြုတယ်။

'ဆရာမကို မေးရဦးမယ်၊ စပ်စုတယ်တော့ မထင်ပါနဲ့'

'ရပါတယ် မေးပေါ့'

မြှောက်မေးလေး မေးတယ်။

'ဆရာမက ဒါလောက်လှတာ ပြီးတော့ ပိုက်ဆံကလည်းရှိတယ်၊ ဒါတောင် ရည်းစားမရှိဘူးဆိုတော့'

'အဟင်း... မရှိဘူးလို့ ဘယ်သူပြောလဲ'

'ဟင်... ဒါဆို ရှိတယ်ပေါ့'

'အဲလိုကျတော့လည်း မဟုတ်ပြန်ဘူး'

'ဟာဗျာ... ရှိတယ်ပဲထား၊ ဘာလို့ အိမ်ထောင်မပြုသေးတာလဲ'

လိုချင်တဲ့မေးခွန်းကို အတင်းမေးတယ်။ ဒီအရွယ်ကြီးရောက်နေပြီ ရည်းစားမရှိဘူးပြောလည်း မယုံပါ။

'ကဲ... ကိုသုခတို့က ရိုးရဲ ရိုးရဲနဲ့ အခုတော့ ဗွတ်ကြီးပါလား'

'အဟဲ... ရိုးတယ်ဆိုတာ ခဏပဲကောင်းတာ၊ တစ်သက်လုံး ရိုးတော့ တစ်ကောင်တည်းဖြစ်နေမှာပေါ့'

'ရှင်ပြောတော့ မိန်းမတွေကို စိတ်နာတယ်ဆို'

'အဲ... ဒါက ဒီလိုဗျ၊ ကမ်းပါးတွေတောင် ရေတိုက်စားရင်း ရေအောက်ရောက်သွားတာပဲ မဟုတ်လား၊ ကျွန်တော့်ကိုလည်း အခုအချိန်က တိုက်စားသွားပြီလေ၊ ဒီတော့ ကျွန်တော်လည်း အချစ်ရဲ့အောက်ကို ပြန်ရောက်သွားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အံမယ်… တော်တော်အပြောကောင်းလာပါလား၊ တော်ကီတွေက လည်း လန်းပဲ့၊ ကဲပါ ညနေပြန်မှပဲ ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်းပြောကြတာ ပေါ့'

'ဟာ… ကောင်းတာပေါ့ဗျာ'

စကားတပြောပြောနဲ့ လာခဲ့ကြတာ လမ်းထိပ်လည်းရောက်ရော ဆိုးပေနဲ့ တိုးတယ်။ ဒီတစ်ခါ ဘာမှမပြောနိုင်ခင်နှင်းပြေးတယ်။

ဒါပေမဲ့ Slow Down ကို တွေ့တော့ အသည်းအသန် ဘရိတ်ညှစ် ထိုက်ရတယ်။

'ကျိ'

'ဟယ်'

'ဟာ… ဆောရီးဗျာ၊ ဒီတစ်ခါတော့ တကယ်မတော်တဆပါ အဟီး'

'ဟွန်း… ရှင်ကတော့လေ'

လန့်ပြီး ကိုင်မိတဲ့ခါးကို ပြန်လွှတ်ရင်း ဆရာမ ရှက်သွားတယ်။ သူခကတော့ တဟဲဟဲနဲ့ သဘောကျနေတယ်။

ဆိုးပေက ဦးလေးဖြစ်သူရဲ့ နောက်ကျောကို မလိုတမာနဲ့ ကြည့် တယ်။ ဒါက အကြောင်းရှိတယ်။ သူက တစ်ဘက်ခြံက အပျိုကြီးကို ဦးလေးနဲ့ ညာစားနေတာ။

မုန့်ဖိုးလိုတာနဲ့ တစ်ဘက်ခြံထဲဝင် အန်တီလေး ဦးလေးက ဘာညာ ဘာညာဆိုပြီး ညာညာစားနေတာ အတော်ကြာပြီ။ ဟိုကလည်း ဦးလေး အကြောင်းပြောရင် ညာညာမညာညာ သဘောကျပြီးသား။

ကြာတော့ အပျိုကြီးကို တကယ်အဒေါ်တော်ချင်လာပြီ။ သနား

www.burmeseclassic.com



လည်း သနားလာပြီ။ အခု ဒီပုံအတိုင်းဆိုရင်တော့လို့ တွေးပြီး မျက်နှာကြီးမဲ့နေတယ်။

❖ ❖ ❖

ဖူးစာဆိုတာ အချိန်ကျရင် ဆုံကိုဆုံရတာတဲ့။ ဒါကို အခု နဖူးတွေ့ဒူးတွေ့ တွေ့မှပဲ ယုံတော့တယ်။

အပြန်မှာလိုက်ပို့ရင်း အအေးဆိုင်မှာ ထိုင်ဖြစ်ကြတယ်။ ဆရာမက ကျွေးရပေမဲ့ သူခက ဂနာမငြိမ်ဘူး။

မငြိမ်ဆို ဒီလိုမျိုး မိန်းကလေးတွေနဲ့ နီးနီးကပ်ကပ် မနေရတာလည်းကြာပြီ။ အခု အခြေအနေကလည်း မဆိုးဘူးဆိုတော့ ဆတ်ဆလူးကို ခါနေရောပဲ။

'ဟာ… ဆရာမ သောက်လေဗျာ၊ အအေးပြယ်ကုန်တော့မှာပဲ'

'သောက်ပါတယ်၊ ဒါနဲ့ ရှင့်ကို ကြည့်ရတာ တစ်မျိုးပဲ၊ အပေါ့တွေဘာတွေ သွားချင်ရင်လည်း သွားလေ၊ အားမနာနဲ့'

'အေးလေ၊ အဲဒါသွားမလို့ ဟာဗျာ မဟုတ်ပါဘူး၊ ကျွန်တော်လေ အမှန်အတိုင်းပြောရရင် တော်တော်ရင်ခုန်နေတာဗျ'

'ဘာမှလည်း မဆိုင်ဘူး'

'ဟာ… ဆိုင်တာပေါ့ဗျာ၊ ကျွန်တော့်ရင်ထဲမှာ ဆိုင်နေတာ ကြာလှပေါ့၊ တကယ်တော့ ကျွန်တော်က ဆရာမကို အဟီး…'

ပြောရင်း ရှက်နေတယ်။ ယောင်တောင်တောင်နဲ့ အအေးခွက်လင်းကို ပွတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါလေ အဟဲ… အဲလိုဆိုတော့ပေါ့နော် နေမထိ ထိုင်မရဖြစ်နေတာ'

'ဩော်… ရှင်ကတော့ ဖြစ်ရမယ်၊ ဟင်း… ကျွန်မ ဒါတွေကို ပြန်မပြောချင်ဘူး၊ ဒါပေမဲ့ ကိုသုခသိအောင်တော့ ပြောပြရတော့မယ်၊ အကယ်တော့ ကျွန်မမှာ အရမ်းချစ်ရတဲ့ ချစ်သူတစ်ယောက်ရှိခဲ့တယ်'

'အင်… ဂလု… ဂလု'

ရင်ပူပြီးသကာလ အအေးပိုက်ကို အငမ်းမရစုပ်တယ်။ ဆရာမက ဆက်ပြောတယ်။ မျက်နှာက ဆွေးရိပ်သန်းနေလို့ပေါ့လေ။

'သူကလည်း ကျွန်မကို အရမ်းချစ်ပါတယ်၊ ဒါပေမဲ့ သူက တခြားနိုင်ငံတွေကို အရမ်းအထင်ကြီးတာ၊ ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့ကြတဲ့ ငယ်ကျွမ်းဆွေတွေဆိုတော့ပေါ့နော်၊ သံယောဇဉ်ကလည်း တော်တော်နိုင်မြဲကြတာ'

'ဟင့်… ပြွတ်… ပြွတ်'

သူတို့ချစ်ကြောင်းခိုင်ကြောင်းတွေပြောတော့ ရင်ထဲပူရုံတင်မဟုတ်ဘူး ငိုပါငိုချင်လာတာ။ ပိုက်ကို စုပ်နေတာလည်း အတော်ကြာပြီ။ ကြာဆိုအခုထိ စုပ်နေရင်းတန်းလန်းနဲ့ပဲ။ ရင်ထဲမှာ ခံစားနေရလွန်းလို့လားမသိဘူး ခါးစပ်ထဲမှာ ကိုလာရဲ့ အရသာက ဘာမှန်းမသိတော့ဘူး။

ဆရာမက မျက်ပြူးလေးနဲ့ မော့ကြည့်ပြီးပြောတယ်။

'ဟယ်… ကိုသုခ ဘာမှမရှိတော့ဘဲ ဘာလို့စုပ်နေတာလဲဟင်'

'အဲဗျ'

ဟုတ်ပါတယ်။ ပုလင်းထဲမှာ အအေးနဲ့တူတာ တစ်စက်မှမရှိတော့ဘူး။ ပုလင်းကို ဖင်တစ်ပြန်ခေါင်းတစ်ပြန် ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



'အဟီး··· ဆရာမ အပြောမှာ မျောသွားလို့ပါ၊ ဒါကြောင့် အရသာမရှိဘူးမှတ်တယ်၊ ကုန်နေတာကိုဗျ'

'အဟိ···ရှင်ကတော့ ဖြစ်ရမယ်၊ ဩော်··· ပြောတာတောင် ဘယ်နားရောက်သွားပါလိမ့်၊ အဲ··· အဲလိုပေါ့နော်၊ သူက ကျောင်းပြီးတော့ အော်စီကို ထွက်သွားတယ်၊ အစပိုင်းကတော့ အသည်းအသန်အလူးအလဲ ခံစားရတယ်လေ၊ ငယ်ကလည်း ငယ်ပေါင်းမဟုတ်လား၊ ချစ်ကလည်း အရမ်းချစ်တော့ ကျွန်မမှာ မစားနိုင် မအိပ်နိုင်နဲ့ ချူးချူးကိုကျရော'

သူခက ညောင်နာနာနဲ့ ပြောတယ်။

'ဆရာမရယ်··· ဒီအခန်းကိုကျော်လို့ မရဘူးလားဗျာ၊ ရင်ထဲမှာ မခံစားနိုင်လွန်းလို့ပါ'

'ရှင်'

'အဲလေ··· ဆရာမ ဒီလောက်ခံစားတာကို မကြားရက်လို့ပါ၊ နည်းနည်းကျော်လိုက်ပါလား'

'ဩော်··· အင်း'

မလိုတမာ ပြောတော့ ဟိုကလည်း ယောင်တောင်တောင်နဲ့ ကျော် ပြောတယ်။

'ဒီလိုနဲ့ သူပြန်လာတဲ့အထိ စောင့်နေခဲ့တာ၊ ခုချိန်ထိပေါ့၊ တစ်ခါ တလေတော့ ဖုန်းဆက်ပါတယ်၊ သူ့ကိုချစ်ရင် ဟိုကိုလိုက်ခဲ့ပါတဲ့၊ ဒါပေမဲ့ ကျွန်မကလည်း ဒီကလွဲပြီး တခြားမှာမနေချင်ဘူးလေ၊ သူကလည်း ဒီကို ပြန်မလာချင်ဘူး၊ ဒီတော့ ကျွန်မတို့ရဲ့ အချစ်ဟာ အနေဝေးတော့ ဆွေးမြေ့သွား တာပေါ့'

'သေချာတာကတော့ သူပြန်လာမယ် မထင်တော့ဘူး၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ကို စိတ်မရှည်တော့ဘူး၊ သူနဲ့ယူရင်လည်း ဒီမှာနေရမှာမဟုတ်ဘူး၊ ဒါနဲ့ ရွှန်မ သူ့ကို အဆက်အသွယ်ဖြတ်ထားတယ်'

'ဒါဆို ကျွန်တော့်အတွက် မျှော်လင့်ချက်ရှိသေးတာပေါ့နော်'

ကြိုက်မရှက် ငိုက်မရှက်ပဲ။ ပွဲလန့်တုန်း နေရာဝင်ဦးတယ်။ ဖျာက ခင်းပြီးသားလေ။

ဆရာမက ရှက်ပြုံးလေးပြုံးရင်း ခေါင်းငုံ့နေတယ်။

'ရှိပါတယ်၊ မျှော်လင့်လို့ ရပါတယ်၊ ကျွန်မလည်း သူ့ကိုအတော် စိတ်ကုန်နေပြီ'

'ဟင်... တကယ်ပြောတာလားဟင်၊ စိတ်ချ ဆရာမကို ကျွန်တော် တကယ်ချစ်တာပါ၊ ယုံပါ အဟုတ်'

'ယုံပါတယ်ရှင်၊ ဒါပေမဲ့ ခဏတော့ စဉ်းစားပါရစေနော်၊ အရင် တစ်ယောက်တုန်းက လွယ်လွယ်အဖြေပေးခဲ့တော့ လွယ်လွယ်လွမ်းရတယ် ရှင့်၊ ဒီတစ်ခါတော့ အချိန်ယူပါရစေဦး'

မျက်နှာကြီးမဲ့သွားတယ်။ ဒီထက် အချိန်ယူရင် ဘိုးဘွားရိပ်သာ ဆောက်ဖို့ပဲ ရှိတော့တာလေ။ ဒါပေမဲ့...

'ဪ... ရပါတယ် ဆရာမ၊ ဒါပေမဲ့ ကြာတော့ မကြာဘူး မဟုတ်လား'

'အင်... အဲ... သမီးလေး စာမေးပွဲဖြေပြီးရင် အဲလောက်တော့ ကြာမှာပေါ့'

အကျင့်ပါနေတဲ့အတိုင်း ချေးဆစ်တယ်။ ဟိုက တွေးတွေးဆဆ နဲ့ ပြောတော့ မျက်နှာပြုံးသွားတယ်။ တူမ စာမေးပွဲဖြေဖို့က သိပ်မလိုတော့ ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခု ဆိုးပေတောင် စာမေးပွဲဖြေနေရပြီ။ ကြာလှနောက်တစ်လပေါ့။ တွေးရင်း အူမြူးနေတော့တာ။ ဆရာမက ပြုံးရင်း ပြောတယ်။

'ကဲ… ပြန်တော့မယ်၊ လိုက်ပို့တော့'

'ဪ… အင်း'

စိတ်ကူးနဲ့ အိမ်ထောင်တွေကျ။ ကလေးတွေရနေတာလေ။ ဆရာမ အသံကြားမှပဲ အအေးဖိုးရှင်းပြီး ထလိုက်တော့တယ်။

❖ ❖ ❖

ဆိုးပေတို့ မောင်နှမနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြတယ်။ မို့မို့ဇင်ရဲ့မျက်နှာပြုံးနေပေမဲ့ ဆိုးပေ မျက်နှာတည်နေတယ်။

အစ်မဖြစ်သူက ဦးလေးကို သူ့ဆရာမနဲ့ သဘောတူတယ်။ အဲ… ဆိုးပေကတော့ တစ်ဘက်ခြံက အန်တီလေးနဲ့ သဘောတူတယ်။

အခုပဲ ဒါကိုငြင်းခုန်ရင်း မတည့်အတူ ထိုင်နေကြတာလေ။ အစ်မ ဖြစ်သူက…

'ငါ့ဆရာမက ဥစ္စာပေါ၊ ရုပ်ချောဟဲ့၊ ဦးလေးနဲ့ သဘောတူရတာ မလိုက်ဘက်ဘူး၊ ကိုယ့်ဦးလေးမို့လို့သာ'

ကြွားတော့ ဆိုးပေ မဲ့ရွဲ့သွားတယ်။

'အတော်လှတာလေ၊ မျက်မှန်တပ်ထားတာ အဘွားကြီးကျနေတာ ပဲ၊ ဥစ္စာချော ရုပ်ပေါကြီးပါဟာ၊ ငါ့အန်တီလေးကမှ ယဉ်ချောချော ဟွန်း'

'ဘာ'



www.burmeseclassic.com

www.burmeseclassic.com



အားကျမခံပြန်ပြောတော့ အစ်မဖြစ်သူ နှုတ်ခမ်းထော်သွားတယ်။

'ဟွန်း… နင့်အန်တီလေးက ခါးတုတ်ကြီး၊ အပြောကလည်း ဆိုးလားမဆိုးလား ဘယ်သူမှ မလိုက်ရဲဘူး၊ အေးလေ အပြောဆိုးမှတော့ အကျင့်က ဆိုးပြီပေါ့'

'မမ မတရားမပြောနဲ့၊ သဘောကောင်းတယ်ဗျ၊ ဘာပဲဖြစ်ဖြစ် ဦးလေးနဲ့ ရအောင်လုပ်ပေးရမယ်'

တစ်ယောက်နဲ့တစ်ယောက် စွေကြည့်ရင်း အံကြိတ်နေကြတယ်။ ဒီအချိန်မှာပဲ ဦးလေးဖြစ်သူက လေလေးတချွန်ချွန်နဲ့ ပြန်လာတယ်။ မျက်နှာကြီးကို ဖြီးနေရောပဲ။

'ဒီသံယောဇဉ်… ဒီသံယောဇဉ်… အိုး… သံယောဇဉ်'

သီချင်းကို ညည်းရင်း စက်ဘီးကို ဒေါက်ထောက်တယ်။ ရွှင်ရွှင် လန်းလန်းပုံစံနဲ့ ဝင်ထိုင်တယ်။ တူမက…

'ဟယ်… ကြည့်စမ်း၊ တို့ဦးလေးမျက်နှာက ရွှေရတဲ့မျက်နှာနဲ့ ဖြိုးလို့၊ လန်းချက်ကတော့ လန်ထွက်နေပါလား'

'ဟာ… မှိုရတာလုပ်ပါဟ'

'ဦးလေး ဘာသိလဲ၊ ခုခေတ်က မှိုရရုံနဲ့ ဘယ်သူမှမပျော်နိုင်တော့ဘူး၊ ရွှေရမှ ပျော်မှာပေါ့၊ ရွှေဈေးက ကောင်းတယ်မဟုတ်လား'

'ထားပါတော့ မယ်မင်းကြီးမရယ်၊ နင်ပြောသလိုပဲ၊ အဟဲ… အဆင်ပြေပြီ တူမရဲ့၊ ဦးလေးတော့ ဖွင့်ပြောလိုက်ပြီ၊ တူမ စာမေးပွဲဖြေပြီး ရင် အဖြေပေးမယ်တဲ့'

'ဟယ်… ဦးလေးတို့က ပြောတော့ မိန်းမတွေကို ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့၊ တစ်သက်လုံးပဲ လူပျိုကြီးလုပ်တော့မှာလိုနဲ့၊ အံမယ်… သိပ်သွက်နေပါလား'



www.burmeseclassic.com

www.burmeseclassic.com



'နင်မသိပါဘူး တူမရယ်၊ အဖိုနဲ့အမဆိုတာ ကမ္ဘာဦးကတည်းက တသီးတခြားစီမှ မနေနိုင်တာ၊ ဒီလိုပဲ ငါလည်း အဟဲ... အကြာကြီးတော့ ဘယ်နေနိုင်မှာလဲ၊ သံယောဇဉ်ငြိစရာလေးတွေကလည်း အနီးအနားမှာဆို တော့လေ၊ ဟေး... ဟေး'

လေပေးဖြောင့်နေတဲ့ တူဝရီးနှစ်ယောက်ကို ကြည့်ရင်း ဆိုးပေ မဲ့ရွဲ့သွားတယ်။ မလိုတမာနဲ့ ပြောလိုက်သေးတာ။

'ဟွန်း... ဦးလေးတို့ကတော့ မိန်းမတွေကို စိတ်နာပေလို့ပဲ၊ ဘောအိမ်က အန်တီကိုလည်းမလွှတ်၊ ဆရာမကိုလည်း ချမ်းသာမပေးပြန်ဘူး၊ နှာဘူးကြီး'

'ဘာကွ'

ဦးလေးဖြစ်သူက မျက်နှာမာကြီးနဲ့ ပြောတယ်။

'ဟော့ကောင်... စကားပြောတာ ဆင်ခြင်၊ မင်းအန်တီလေးကို ငါ ဘာမှမပြောရသေးဘူးကွ၊ ငါ စိတ်မဝင်စားဘူး'

'ဦးလေး... မကာလည်နဲ့၊ ဟိုတစ်နေ့ကပဲ သူ့အဖေလစ်တုန်း အိမ်ထောင်အတူပြုကြမယ်လို့ ပြောတယ်ဆို၊ ကျွန်တော့်ကို အကုန်ပြန်ပြော ပြတယ်ဗျ'

'အင်'

မျက်ပြူးကြီးနဲ့ အ,နေတယ်။ တူမဖြစ်သူက တအံ့တသြကြည့်နေ တယ်။ ဆိုးပေက မျက်နှာကို မာထားတယ်။

'ဟ... အဲဒါက ငါနောက်တာကွ၊ သူ့ဘာသာဇွတ်ထင်နေတာ'

'ဟာ... သူများသားသမီးကို ဒါမျိုးပြောပြီးမှ ဘွာတေးလိုက်လို့ ရမလားဗျ၊ ဘယ်ကောင်းမှာလဲ'

'အံမယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ဖြူးကြောင်ကြောင် ဝိုင်းကြည့်တော့ ဆိုးပေက ဆရာ လေသံနဲ့ မျက်နှာကိုမာပြီးပြောတယ်။

'ဒီတော့ ဦးလေး စကားလွန်ထားပြီးပြီ၊ အခုလုပ်နေတာတွေရပ်တန်းကရပ်၊ ဟွန်း… ပြီးမှ ဆိုးပေတို့ရက်စက်လှချည် မပြောနဲ့'

'အံမယ်'

ပြောပြီး ဆောင့်ဆောင့်နဲ့ ထသွားတယ်။ တူဝရီးနှစ်ယောက် ဖြူးကြောင်ကြောင်နဲ့ ကျန်ခဲ့တယ်။ အိမ်ပေါက်ဝရောက်မှ သူတို့နှစ်ယောက်ကို ဆိုးပေက ပေစောင်းစောင်းပြန်ကြည့်ပြီး တစ်ဘက်ခြံကူးသွားတယ်လေ။ တူမဖြစ်သူက ဦးလေးကို ဘုကြည့်ကြည့်တယ်။

'ဟွန်း… ဦးလေးနော်၊ နှစ်ပင်လိမ်ဖို့တော့ မကြိုးစားနဲ့၊ ဆရာမနဲ့ တိုင်လိုက်မှာနော်'

'အယ်ဗျာ'

'ဟွန်း… မိန်းမတွေကို စိတ်နာပေလို့ပဲ၊ သူပဲ အမျိုးမျိုးပြောတတ်ဒါ့'

မျက်စောင်းကို ဖောဖောသီသီထိုးပြီး မို့မို့ဇင် အိမ်ထဲဝင်သွားတယ်။ ဦးလေး ဖြစ်သူ ခေါင်းကုတ်ပြီး ကျန်ခဲ့တယ်။ ပြီး… မဲ့ရွဲ့ရင်းပြောတယ်။

'အံမယ်ဗျာ၊ ငါ့ထက်ငယ်တဲ့သူတွေမို့လို့ပဲ ဟောက်လိုက်ကြတာ ခြသေ့်ကအဖေခေါ်ရလောက်တယ်၊ ဟူး… ငါ ဦးလေးဖြစ်နေတာ အတော်ကံကောင်းတယ်၊ ကံကောင်းတယ်၊ မဟုတ်ရင် ငါ့ကို နားရင်းတွေများ ဝိုင်းဆော်ကြမလား မသိဘူး၊ အော်… အစ်မရယ်… သားတွေသမီးတွေ မွေးပါဆို ဖအေနဲ့မအေပေါက်စလေးတွေ မွေးထားတယ်၊ ငါနော်… ငါ… ဟွန်း'

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ပန်းပင်တွေကို ရေလိုက်လောင်းရင်း တစ်ဘက်ခြံထဲ အမှတ်မဲ့ လှမ်းကြည့်လိုက်တယ်။ ခုန်းမှာထိုင်ပြီး အလိုမကျတဲ့ မျက်နှာနဲ့ မျက်စောင်း လှမ်းလှမ်းချိတ်နေတဲ့ မြင့်မြင့်မော်ကို တွေ့ရတယ်။

စိတ်ထဲ မလုံမလဲဖြစ်သွားတယ်လေ။ တကယ်တော့ ကြုံတုန်း နောက်ကြောင်ကြောင်လိုက်တာ။ တစ်ဘက်က အတည်ထင်နေတော့လည်း မတတ်နိုင်ပါ။

တစ်ခါ ဟိုဘက်ကျတော့လည်း ရည်းစားစကား တီတီလင်းလင်း ကြီးပြောထားတာလေ။ ဒီတော့ ဟိုဘက်ကိုပဲ ဦးစားပေးရပေမပေါ့။

'အဟဲ'

'ဟွန်း'

သွားလှမ်းဖြဲပြတော့ မျက်နှာမာနဲ့ တစ်ဘက်ကို အကြည့်လွှဲသွား တယ်။ သေချာတာကတော့ ဆိုးပေ ထောင်ပြီဆိုတာပဲ။ ဘယ်လိုကောင်စား မျိုးပါလိမ့်လို့ တွေးရင်း ဆိုးပေကို ကြိတ်ဆဲတယ်။

'အဟမ်း... ဟမ်း'

ပြီးမှ ချောင်းဟန့်လိုက်တယ်။ လုပ်ချောင်းကြီးဆိုတာ သိတော့ လှည့်ကြည့်တယ်။ ဒီဟာလေးကိုတွေ့ရင် စချင်နောက်ချင်နေတော့တာ အမှန်ပဲ။

'အဟဲ... ဘာထိုင်လုပ်နေတာလဲ'

ဘာမှပြန်မပြောဘဲ ဘုကြည့်ကြည့်ပြီး တစ်ဘက်လှည့်သွားပြန် တယ်။ ကြည့်ရင်းနဲ့ အသည်းယားလာတော့တာ။

'အဲဗျ... ဘယ်တုန်းက အ,သွားတာပါလိမ့် ကျွတ်... ကျွတ်... သနားလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'လူလိမ်တွေနဲ့ စကားမပြောချင်ဘူး၊ သိလား၊ ဟွန်း… အ,နေတာ မဟုတ်ဘူး၊ လူကိုများ ဘာမှတ်လဲ၊ သေမယ်'

'ဟား… ဟား… ကြိမ်းလှချည်လား၊ သံပုရာသီးတွေ အစားများ သွားလို့ထင်တယ်၊ အဟဲ'

ကောက်ပြီး တစ်ဘက်ပြန်လှည့်သွားပြန်တယ်။ ဒန်းက ခြံစည်းရိုးနဲ့ ကပ်နေတာလေ။ ယန်းပင်ကိုကျော်ပြီး ရေပိုက်နဲ့ လှမ်းပက်တယ်။ မျက်စောင်း လှည့်ထိုးတော့တာ။

'ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ စိုကုန်ပြီ'

'ငါ ဘာမှမဖြစ်ဘူး၊ မင်းက ဘာလို့ကောက်လဲ'

'ဘာဆိုင်လို့ကောက်ရမှာလဲ၊ စိတ်ကိုမဝင်စားတာ'

တစ်ဘက်ကလည်း နှုတ်သီးကကောင်းနေတော့ စ,လို့ကောင်းနေ ရောပဲ။ ဒါနဲ့ ပြေရာပြေကြောင်းပြောတယ်။

'မင်းကို ဆိုးပေ'ဘာတွေပြောလဲ၊ ဒီကောင်က မဟုတ်တာဆို တော်တော်ပြောတတ်တာ မယုံနဲ့'

'ဩော်… ဟုတ်လား၊ ဟွန်း… မှတ်ထားလိုက်ပါ့မယ်'

ရွဲ့တဲ့တဲ့လေးပြောရင်း မျက်နှာလေးမာသွားတယ်။

'ဒီကောင်က သူများအကြောင်းထောင်ဖို့ပဲ သိတာ၊ ငထောင်လေ၊ အလုပ်အားနေ အလကား ထောင်စရာမရှိ ပက်လက်လှန်ပြီး ထောင်နေတဲ့ အကောင်၊ ဒူးခေါင်းပြောပါတယ်'

'ရှင် ဘာမှလာဖောမနေနဲ့၊ ကလေးက မဟုတ်ဘဲမပြောဘူး ဟွန်း… ပြောတော့ မိန်းမတွေကို စိတ်နာတယ်တဲ့၊ လူလိမ်ကြီး ရှင်နဲ့ စကားကို မပြောချင်တာ ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com


'အယ်ဗျာ'

ပြောရင်း မျက်စောင်းကို ဖောဖောသီသီထိုးပြီး ခြေဆောင့်လို့ အိမ်ထဲဝင်သွားတယ်။ စကားကမပြောချင်ပေလို့ပဲလို့ တွေးရင်း ပြုံးလိုက်တယ်။

ဘာပဲဖြစ်ဖြစ် ဆရာမနဲ့ အဆင်မပြေတာတောင် ဒါလေးနဲ့ အဆင်ပြေနိုင်သေးတယ်။

ဒီတော့ စကားကြောင်းထားတာ မမှားဘူးမဟုတ်လား။ အကြံက အဲလိုကြီးပြီးသားလေ။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဘုရားရှိခိုးပြီးတော့ ကြောင်း နမော ဂါထာကိုရွတ်တယ်။ ဒီဂါထာဟာ လာဘ်ပွင့်သလို အန္တရာယ်လည်း ကင်းတယ်မဟုတ်လား။

'ကြောင်း… တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်၊ မြင့်မိုရ်တောင်ဦးမကကျူးလျှက် မိဘစက်၊ ဂုဏ်ကျေးဇူးအထူးသိလျှက် ဆရာ့စက် ×××××××××××× ××××××××××××××××××××× ×××××××××××××× ကြောင်း နမောဗုဒ္ဓါ နုဘာဝေန ကြောင်းနမောဓမ္မာ နုဘာဝေန ကြောင်းနမောသံဃာ နုဘာဝေန ကြောင်းနမော ဒူရေ ဒူရေ သွား ဟုမ် ဟုမ်'

ပြီးမှတစ်ခါ ပရိတ်ကြီး ၁၁ သုတ်ကို ထပ်ရွတ်နေတယ်။

တစ်ဘက်ခန်းက ဆိုးပေ ဘယ်လိုမှ အိပ်မရတော့ဘူး။ ဒီအရင်ညတွေထက် အသံက ပိုကျယ်နေတာလေ။ ဒီကြားထဲ ဘယ်ကနေ ဘယ်လိုရောက်နေတယ် မသိတဲ့ ကြွက်တစ်ကောင်က အခန်းထဲ သောင်းကျန်နေသေးတယ်။

'ဟင်း… တွေ့ပြီပေါ့၊ ကြွက်စုတ်ရာ'

www.burmeseclassic.com


ကြွက်က ပါးတယ်။ လူရိပ်မြင်တာနဲ့ မှုန်နေအောင်ပြေးတာ။ အဲ… လူပြန်ငြိမ်သွားတာနဲ့ ပြန်ဆင်းလာတယ်။

ဒါနဲ့ စတိုခန်းထဲက သံညှပ်ကို သွားယူတယ်။ မီးဖိုခန်းထဲသွားပြီး ကြက်ရိုးတစ်ချောင်းကိုယူ။

ပြီးတော့ အခန်းဝမှာ ထောင်ထားလိုက်တယ်။

ကြွက်က နှာခေါင်းလေးတရှုံ့ရှုံ့နဲ့ အနံ့ရတော့ နဂိုပြူးမျက်လုံး ပိုပြူးပြီး ညှပ်နားကပ်သွားတယ်။

'အဟား… ကြွက်စုတ်သေဖို့သာပြင်ထား'

ဆိုးပေ အားရဝမ်းသာနဲ့ ကြည့်ရင်း ငြိမ်နေတယ်။

'ရှိရှိသမျှ ဝေနေယျ သတ္တဝါအပေါင်းတို့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ၊ အားလုံးကြားကြားသမျှ အမျှ… အမျှ… အမျှ… ယူတော်မူကြပါကုန်လော့'

အမျှဝေရင်း ကြေးစည်ထုမယ်ကြံကာရှိသေး…

'ဂျောင်း'

'ဟွဲ… ပလုပ်တုတ်'

'ကျွိ… ကျွိ… ကျွိ'

'ဟား… ဟား… သေပြီလား ကြွက်ရဲ'

အသံတွေကြားတာနဲ့ မျက်လုံးပြူးသွားတယ်။ ကြေးစည်ကိုချပြီး ဘာများလဲ ထွက်ကြည့်လိုက်တော့…

'ဟင်…'

ညှပ်မှာမိနေတဲ့ ကြွက်သေကို ပယ်ပယ်နယ်နယ်ကြီး ကြည့်ရယ်နေတဲ့ ဆိုးပေကို တွေ့ရတယ်။


www.burmeseclassic.com

www.burmeseclassic.com



တင်းသွားတော့တာ။

'မင်း ဒါဘာလုပ်တာလဲကွ… ဟင်…'

'ကြွက်ထောင်တာလေ ဦးလေးရဲ့'

'ဘာကွ…'

ပိုတင်းသွားတယ်။ ဆိုးပေက ပေတူးတူး မော့ကြည့်တယ်။

'ဦးလေး ဘာသိလဲ၊ ဒီကောင် တော်တော်သောင်းကျန်းနေတာ ဗျ။ ကျွန်တော့်စာအုပ်တွေကို ကိုက်ပစ်တယ်လေ'

'မင်းကွာ၊ သတ္တဝါတွေကို သနားပါကွ၊ ပြီးတော့ ငါမေတ္တာပို့ကာမှ ထောင်တယ်ဆိုတော့ မင်း တမင်လုပ်တာ မဟုတ်လား'

'ဟာဗျာ… ဦးလေးဘာသာ မေတ္တာပဲပို့ပို့၊ ကွမ်းသီးပဲညှပ်ညှပ်၊ ကျွန်တော် ဘယ်သိမလဲ၊ ကြွက်ပဲ သူ့ဘာသာဝင်ဆွဲချင်တဲ့အချိန်ဆွဲ၊ ညှပ်ကလည်း သူ့ဘာသာ ကျချင်တဲ့အချိန် ကျမှာပေါ့၊ တမင်ဘယ်လိုလုပ်ယူလို့ရ မတုန်း'

'တောက်… မင်းကွာ၊ မင်း… ဟင်း… အကုသိုလ်များလိုက်တာ'

ပြောမနိုင်တာနဲ့ပဲ အခန်းထဲ ပြန်ဝင်ပြီး တံခါးကို ဆောင့်ပိတ်လိုက်တော့တာ။

အမျှလည်း မဝေဖြစ်တော့သလို နောက်ညကစပြီးဘုရားကို ကန်တော့ပဲ ကန်တော့တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ ဆိုးပေအသံကို ကြားဖြစ်အောင် ကြားလိုက်သေးတာ။ ဆိုးဆိုးရွားရွားပဲ။

'ဟား… ဟား… ကြွက်မသား မှတ်ပြီလား၊ ငါ့ကိုလာပြောင်ဦး



www.burmeseclassic.com

www.burmeseclassic.com


လေ၊ အံမယ်‥ သေတာတောင် လျှာထုတ်ပြီး ငါ့ကိုပြောင်နေသေးတာ အင်းဟာ'

❖ ❖ ❖

စောစောစီးစီး မနိုးစဖူး နိုးနေတဲ့ ဆိုးပေတစ်ယောက် ဦးလေးဖြစ်သူရဲ့ သီချင်းတအေးအေး အသံကြားတော့ မျက်မှောင်ကြုတ်သွားတယ်။

အထပ်သားကာထားတဲ့ နံရံပေါ်တက်ကြည့်လိုက်တော့ နှုတ်ခမ်းမွှေးတွေကို ရိတ်နေတာတွေ့ရတယ်။ ဒါနဲ့ မဲ့သွားတော့တာ။

'ဟွန်း‥‥ ရှိစုမဲ့စု အမွှေးလေးတွေကို အလုပ်မရှိ အလုပ်ရှာ ရိတ်နေတယ်၊ ဘာလဲဟ၊ သွားစပ်စုလိုက်ဦးမှ၊ တစ်ခုခုတော့ ထူးပြီ'

ပြန်ဆင်းပြီး တစ်ဘက်ခန်း ကူးခဲ့တယ်။

*'ငွေသော်တာ ရောင်ခြည် ထိန်လင်းတော့သည်၊ ဘုံကြီးပြတ်တဲ့ မိုးနတ်မဒီ၊ သဒ္ဒါကပိုသည်၊ ဆရာမကိုပဲ'*

ဆိုကောင်းတဲ့ နေရာကျမှ ရောက်ချလာတဲ့တူဖြစ်သူကို စွေကြည့်တယ်။

'ဘာလဲကွ'

'ကျွန်တော် စကားပုံတစ်ခုကြားဖူးထားတာ မသေချာလို့ လာမေးကြည့်တာ၊ စောစောစီးစီး ပြိတ္တာမြူးရင် စီးပွားကျတာလား၊ တက်တာလား'

'ဩော်‥‥ အေး‥‥ အဲဒါကောင်းတယ်၊ ဘယ်မတုန်း ပြိတ္တာ'

အူလည်လည်နဲ့ မေးတယ်။ ပြီးမှ‥‥

'ဘာကွ၊ မင်းကများ ငါ့ကိုပြိတ္တာလို့ပြောတယ်ပေါ့၊ အင်းဟာ'


www.burmeseclassic.com

www.burmeseclassic.com



'ဗွပ်… ဗွပ်'

ခေါင်းကို လက်သီးနဲ့ထုတော့ ပေခဲတယ်။

'မှတ်ပြီလား၊ မင်းကို ညကတည်းက ထုချင်နေတာ၊ ဟိတ်ကောင်သွားစမ်း၊ စောစောစီးစီး မထစဖူးထပြီး ကျက်သရေတာစ်ပြားဖိုးမှကို မရှိဘူးသွား'

မသွားဘူး။ ပေရပ်နေတယ်။

ပြီးမှ ပြုံးရင်းပြောတယ်။

'ဒီနေ့ ဆရာမ မလာဘူးမဟုတ်လား'

'ဟုတ်တယ်၊ အဟဲ… မင်း ဦးလေးစန်းထလာပြီကွ၊ ဆရာမ ကိုကို အိမ်အလည်ခေါ်ထားတယ်လေ၊ အဟီး… အဲဒါ သွားဖို့ပြင်နေတာ'

'ဟာင်… တကယ်'

ကြားတယ်ဆိုရင်ပဲ ဆိုးပေက မယုံသလိုမေးတယ်။ ဒါနဲ့ ချွေကြည့်ရင်း…

'မင်းကို ငါက ညာစရာလား၊ ရှုပ်လိုက်တာကွာ၊ ဖယ်… ငါ သွားချိုးလိုက်ဦးမယ်၊ ဆရာမကိုပဲ အသည်းစွဲအောင် ချစ်တော့မည်… ပေါ့…'

တူဖြစ်သူကို တမင်ဝင်တိုက်ရင်း ရေချိုးခန်းကို သွားတယ်။ ဆိုးပေ ရင်းကြဲတယ်။

ဘယ်လိုဒုက္ခပေးရင် ကောင်းမလဲပေါ့။ တွေးမရဘူး။ အခန်းအပြင်ထွက်ပြီး ထိုင်စဉ်းစားတယ်။ အတက်အဆင်းနားမှာ ထောင်ထားတဲ့ထီး ကောက်ကြီးကိုတွေ့မှပဲ အကြံရသွားတယ်။

ဒါနဲ့ မျက်နှာပြုံးသွားတယ်။ ထီးကောက်ကြီးကို ယူပြီး အိပ်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တယ်။ ကျောပိုးအိတ်ထဲက ကော်ရယ်ရှင်ပင်နဲ့ စက်ဝိုင်းကဒ်ကိုထုတ်လိုက်တယ်လေ။

လေလေးတချွန်ချွန်နဲ့ အိပ်ခန်းထဲ ပြန်စင်လာတော့ တူဖြစ်သူကို ခုတင်ပေါ်မှာ ထိုင်လျက်တွေ့ရတယ်။

မျက်နှာကလည်း မတွေ့စဖူး ပြုံးလို့။ ဘာရယ်မသိပေမဲ့ စိတ်ထဲ ထင့်သွားတယ်။

ဒါပေမဲ့ ဂရုတော့စိုက်လှတာမဟုတ်။

အဝတ်ဘီရိုကို ဖွင့်ပြီး ဘာဝတ်လို့ဝတ်ရမယ် မသိ ဖြစ်နေတယ်။

တူဖြစ်သူက ပြုံးကြည့်ရင်းပြောတယ်။

'ဦးလေး ဘာဝတ်ရမှန်းမသိ ဖြစ်နေတာ မဟုတ်လား၊ ဒီနေ့က ခါတိုင်းထက် ပိုလန်းနေဖို့လိုတယ်နော်'

'အေးကွ၊ အဟဲ··· ချစ်သူနဲ့တွေ့ရမှာဆိုတော့ သားနားဖို့လိုတယ်လေကွာ၊ ငါက နဂိုခန့်ပါ၊ ဒါပေမဲ့ အဝတ်အစားအချိုးမကျရင်လည်း ကြည့်မကောင်းဖြစ်သွားမှာ အကြောက်သားကွ'

'ဟုတ်ပါ့'

ပါးစပ်ကပြောပေမယ့် ဆိုးပေ စိတ်ထဲ မဲ့ရွဲ့ရင်း ဟင်း··· နဂိုခန့် တဲ့။ အော··· အန်ပါအန်ချင်လာတာ။ ခေါစာပစ်လို့ ဘီလူးထွက်ပြေးမယ့် ရုပ်ကြီးလို့ တွေးနေတယ်။

'လုပ်စမ်းပါဦး တူကြီးရ၊ ဘယ်ပုံနဲ့ လိုက်မလဲ'

'လုပ်မနေနဲ့၊ ဘာဝတ်ဝတ် နဂိုပုံဆိုးကြီးဟာကို'

'ဘာကွ'

'အဲလေ··· အဟဲ··· ဦးလေးက နဂိုခန့်မဟုတ်လား၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ကော်လာလည်ကတုံးနဲ့ ယောလုံချည်ပဲ ဝတ်သွား၊ တော်တော်ကြည့်ကောင်းနေပြီဗျ'

မြှောက်ပြောတော့ တခိခိနဲ့ သဘောတွေကျနေတယ်။ ဒါပဲဝတ်ချင်တာလေ။

အခု တူဖြစ်သူပြောတာနဲ့ အတော်ဖြစ်နေတယ်။

'ဟာ… ကြည့်စမ်း၊ ငါ့တူကြီး ငါနဲ့နေတာတောင် မကြာသေးဘူး၊ ငါ့နီးနီး တော်လာပြီ၊ အဟဲ'

'ဟွန်း… ငါတော့နော်'

ပြောရင်း အဝတ်တွေလဲနေတယ်။ တူဖြစ်သူကတော့ မဲ့ရွဲ့နေတော့တာ။

'လူတုံးကြီးကများ သူနဲ့အနေကြာရင် တုံးရုံတင်မဟုတ်ဘူး၊ ထူပါလာမှာ'

'ဟေ… ငါ့တူ ဘာတွေပြောနေတာလဲကွ'

တစ်ဘက်လှည့်ပြီး ရေမွှေးတွေဆွတ်နေရင်း ကြားဖြစ်အောင် ကြားသေးတာ။

'အဟဲ… ဦးလေးက ခုမှပိုခန့်လာတာ၊ တိုက်ပုံအင်္ကျီသာ ဝတ်သွားလိုက် ဖြစ်ပြီဗျာ'

'အဟီး… ဘာ… ဘာလဲဟင်'

သွားဖြဲကြီးနဲ့ မေးတယ်။

'ဗေဒင်ဆရာလေ'

'ဘာကွ'

မဲ့ရင်း တင်းသွားတယ်။ မကျေမနပ်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အစကတော့ မင်းကို ငါမုန့်ဖိုးပေးမယ်တွေးထားတာ၊ အခု မပေးတော့ဘူးကွာ၊ မပေးဘူးဟေ့'

'ဟာ… ဦးလေးရာ အဲလိုတော့ မလုပ်ပါနဲ့၊ အဟဲ… ဦးလေး မင်္ဂလာပိုရှိသွားအောင် ပေးခဲ့ပါဗျာ၊ ဘယ်လောက်လဲဟင်'

ချော့မော့ပြောတော့ စိတ်လျှော့လိုက်ဟန်နဲ့ အိတ်ထဲလက်နှိုက်ရင်း…

'အေး… မင်းအပြောအဆို ဆင်ခြင်စမ်း၊ လူချစ်အောင်နေတတ်ရတယ်ကွ၊ ရော့…'

'ဟင်… နှစ်ရာ၊ ဟာ… ဒါလား မုန့်ဖိုး'

နှစ်ရာတန်တစ်ရွက် ထုတ်ပေးတယ်ဆိုရင်ပဲ ဆိုးပေ မဲ့သွားတယ်။ ဒါနဲ့…

'ဟ… ငါ့မှာ ဝင်ငွေမရှိဘူးကွ၊ နောက်မှ များများယူ၊ အခုတော့ ဒါလေးကိုပဲ စတိယူထား အဟဲ'

'ဟွန်း'

ဆိုးပေ နှစ်ရာတန်ကို ဖင်တစ်ပြန် ခေါင်းတစ်ပြန် ကြည့်ရင်း ရှုံ့မဲ့နေလေရဲ့။ အပြောခံရတာနဲ့တောင်မတန်။

ဟုတ်တယ်လေ။ မုန့်ဖိုးပေးတာတောင် အကြွေးက ချန်တတ်သေးတာ။ အခန်းတံခါးကို ပိတ်ရင်း တူဝရီးနှစ်ယောက် ရှေ့ထွက်လာတယ်။

ညိုမီက မောင်ဖြစ်သူကိုကြည့်ပြီး အံ့သြသွားတယ်။

'ဟဲ့… အဲဒါ ဘယ်လဲ'

'အဟဲ… ဆရာမဆီသွားမလို့'

'အံမယ်… ငါ့မောင်က တယ်သွက်နေပါလား၊ သွား… သွား…



www.burmeseclassic.com

www.burmeseclassic.com



အဟဲ... ငါလည်း မျက်စိနောက်သက်သာတာပေါ့၊ မြန်မြန်ရသွား နားအေး
တာပဲ'

'ဟာဗျာ'

မျက်နှာကြီး မဲ့သွားတယ်လေ။ အိမ်ထဲက ထွက်မယ်လုပ်တော့
တူမဖြစ်သူက တွေ့သွားပြီး အားရဝမ်းသာ လှမ်းမှာတယ်။

'ဦးလေး ဆရာမဆီက ပြန်လာရင် ဒန်ပေါက်ဝယ်ခဲ့နော်၊ ဒါပဲ၊
မပါရင် အိမ်ပြန်မလာနဲ့'

'အေးဟေ့... အဟဲ... ဒံအိုးအပေါက်နဲ့ ဘယ်ဆိုင်မှာချက်လဲ
မေးစမ်းပြီး ဝယ်ခဲ့မယ်'

တူမလုပ်သူက နှုတ်ခမ်းထော်ရင်း ပွစိပွစိနဲ့ ပြောကျန်ခဲ့တယ်။
အပြင်ရောက်ကာမှ ဆိုးပေက ထီးယူပြီးပြေးလာတယ်။

'ဦးလေး ရှေ့လေဗျာ၊ ဒီမှာ ထီးမေ့ကျန်ခဲ့ပြီ'

'ဟာ... အေးကွာ၊ ငါ့တူ တော်တယ်၊ နောက်တစ်ခါပေးမယ့်မုန့်
ဖိုးထဲ ပေါင်းမှတ်ထား၊ သွားပြီ၊ အဟဲ'

ဆိုးပေ ဦးလေးရဲ့ နောက်ကျောကို ကြည့်ပြီး အားရပါးရပြုံးတယ်။

❖ ❖ ❖

ဘတ်စ်ကားပေါ်က ဆင်းတယ်ဆိုရင်ပဲ မိုးတဖွဲဖွဲကျလာတယ်။
နဲ့ ထီးကို ကပျာကယာဖွင့်ပြီး ဆောင်းလိုက်ရတယ်။

ဆံပင်ကို ကြော့နေအောင်ဖြီးထားပြီး အဝတ်အစားကိုလည်း ရှနေ
အောင် ဝတ်ထားတော့ အစိုမခံနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်မှာ ကားစောင့်နေကြတဲ့ ကောင်မလေးတွေက သူ့ခကို ကြည့်ပြီး စပ်ဖြဲဖြဲဖြစ်ကုန်တယ်။

ဒါနဲ့ မျက်နှာကြီးမော်ပြီး မာန်တက်သွားတယ်။ ဟုတ်တယ်လေ။ လူအများက အပြုံးတွေနဲ့ ဝိုင်းကြည့်ကြတာဆိုတော့။ စိတ်ထဲမလည်း…

'ကြည့်စမ်း… ငါ စန်းထလာပြီ၊ ထလာပြီ၊ ငါ့ကို ကောင်မလေး တွေ ဝိုင်းကြည့်နေကြပြီ၊ အဟီး ရုပ်တည်နဲ့နေမှ'

အချင်းချင်းလက်တို့ရင်း တခစ်ခစ်ရယ်နေတဲ့ ကောင်မလေးတွေကို မသိဟန်ဆောင်လို့ ကပ်ရှောင်သွားတယ်။

'ဝန်ဆောင်မှုကောင်းပုံရတယ်'

'အေးဟဲ့… အိမ်တိုင်ယာရောက် လိုက်မယ့်ပုံ'

'အေးဟဲ့… ခစ်… ခစ်'

အချင်းချင်း တိုးတိုးပြောတာကို ကြားဖြစ်အောင် ကြားလိုက်သေး တာ။ ဘာမှန်းမသိပေမဲ့ ရင်ကော့လိုက်တယ်။

ခုခေတ်က ယောကျ်ားရှားတယ် မဟုတ်လား။ နောက်ဆို မိန်း ကလေးတွေကသ့ စကားစရတော့မှာလေ။

ဒီတော့ မှင်နဲ့ မောင်းနှံနေတာ ကောင်းတာရယ်။ လမ်းက နည်း နည်းလျှောက်ရသေးတာ။

ကိုယ့်ကိုကြည့်ပြီး ပြုံးပြကြတာ ကောင်မလေးတွေတင်လား တော့ မဟုတ်ပါ။

အသွားကြီးကအစ အဘိုးကြီးတွေကအဆုံး။ ကိုယ့်တွေ့တာ ပြုံး ကြတာ ကောင်မလေးတွေ ပြုံးတာအကြောင်းမဟုတ်။

ကောင်လေးတွေနဲ့ ရွယ်တူတွေပြုံးပြရင် ကြက်သီးပါထလာတ



www.burmeseclassic.com

www.burmeseclassic.com

လေ။ တဖြည်းဖြည်းနဲ့ စန်းကိုတောင် ကြောက်ချင်ချင်ဖြစ်လာတယ်။ ဒါနဲ့ ကော့ထားတဲ့ ရင်ဘတ်လေး ပိန်သွားတယ်။

'အံမယ်ဗျာ. . . ငါ့စန်းက တစ်မျိုးကြီးပါလား၊ ယောကျ်ားအချင်းချင်းတောင်မှ အံမယ်ကြီး ကြောက်တောင်လာပြီ၊ ပြန်မပြုံးပြဘဲ မမြင်ချင်ယောင်ဆောင်နေမှပဲ'

ဒါနဲ့ပဲ ယောကျ်ားကြီးတွေ ပြုံးရင် မသိယောင်ဆောင်တယ်။ အဲ. . . မိန်းကလေးတွေဆိုရင်တော့ ပြန်ပြုံးပြတယ်။

ဒီလိုနဲ့ ဆရာမ မေဦးခင်ရဲ့ အိမ်ရှေ့ကို ရောက်လာတယ်။ ခြံစောင့်တဲ့ လူကြီးက ထွက်လာတယ်။

တစ်ချက်ကြည့်ပြီး ပြုံးတယ်။

'ဘယ်သူ့မှာထားလို့လဲ'

'ဟိုလေ. . . ဆရာမ မေဦးခင်ဆီလာတာ'

'ဪ. . . အင်း. . . ဒီကလေးမက ဗေဒင်ဆိုတယ်ယုံ၊ လာ. . . လာ. . . အထဲမှာ ရှိတယ်၊ သွား'

'ဟုတ်ကဲ့'

တံခါးဖွင့်ပေးတော့ ဝင်လိုက်တယ်။ စိတ်ထဲမှာလည်း ငါလာတာနဲ့ မေဦးခင် ဗေဒင်ယုံတာ ဘာဆိုင်လဲ တွေးနေသေးတာ။

'အင်း. . . အဘိုးကြီးကြည့်ရတာ စိတ်သိပ်မမှန်ဘူးနဲ့ တူတယ်၊ အူကြောင်ကြောင်နဲ့'

အတွေးနဲ့ ခေါင်းရမ်းရင်း အိမ်ဘက်ကိုသွားတယ်။ အဘိုးကြီးကလည်း ခေါင်းရမ်းတယ်။ အထင်လည်း ကြီးသွားတယ်။

'အင်း. . . ဒီသူငယ် ငယ်ငယ်ရွယ်ရွယ်နဲ့ ပညာအကောတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ အဲ… ဝါသနာလည်း ကြီးမယ့်ပုံ၊ ဒါလောက်မိုးတွေရွာနေတာ တောင် လာသေးတာ'

တံခါးဝမှာ လူရိပ်တွေ့တော့ မေဦးခင်က လှည့်ကြည့်တယ်။

'ဟယ်… ဗေဒင်ဆရာတော့'

'အဟဲ… ဆရာမ'

'သြော်… ကိုသုခပါလား၊ ဘာလဲ ဗေဒင်လာဟောတာလား'

ပထမဗေဒင်ဆရာထင်ပြီး ကြောင်သွားတယ်။ ဝတ်ထားတာက ဗေဒင်ဆရာဒီဇိုင်း။ ပြီးတော့ ထီးမှာ စာလုံးကြီးတွေနဲ့ ရေးထားတာ။ ထီးကအမည်းစာလုံးတွေက ဖြူပြီးထင်းနေရောပဲ။

'ဗေဒင်ဟောသည်တဲ့'

သုခ မျက်နှာကြီးမဲ့ရွဲ့သွားတယ်။

'ဟာ… ကျုပ်က ဘာလို့ဗေဒင်ဟောရမှာလဲ၊ ဗေဒင်ဆိုတာ ဘာမှန်းတောင် မသိဘူး'

ပြောရင်း အိမ်ထဲဝင်တယ်။ မေဦးခင်က ကြောင်တောင်တောင်နဲ့ မေးတယ်။

'ဒါဆို ဒါကြီးက ဘာလဲဟင်'

'ဟာ'

ထီးရွက်ကြီးကို လက်ညှိုးထိုးပြတယ်။ သုခကြည့်ပြီး ခေါင်းနဘန်း ကြီးသွားတယ်။

'ဗေဒင်ဟောသည်၊ ဟာ… ဒါ… ဒါ'

ဆို မျက်ပြူးကြီးနဲ့ စဉ်းစားတယ်။ ဖျက်လို့လည်း မဖျက်ဘူး။ ပြုံးနေကျ ဆိုးပေ မျက်နှာကိုမြင်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'သင်းလက်ချက်ပဲ၊ တောက်… ဩော်… ဒါကြောင့် လူတွေ ငါ့ကို ဝိုင်းကြည့်ပြီး ပြုံးကြတာကိုး၊ ခွေးသားဆိုးပေ၊ မင်း သေပြီမှတ်'

'အဟင်း'

ထိးကြီးကိုင်ရင်း ကြိမ်းတယ်။ အခုမှ ဆရာမက သဘောပေါက်ပြီး ပြုံးသွားတယ်။ သုခကတော့ ရှက်နေလေရဲ့။

'ကဲပါ၊ ထိုင်… ဆိုးပေစလိုက်ပြန်ပြီထင်တယ်'

'ဟာ… ဒီကောင်က ငထောင်၊ အလကားနေ ထောင်နေတဲ့ အကောင်၊ ထောင်စရာမရှိ သူ့လက်ညှိုး သူပြန်ထောင်တဲ့အကောင်၊ ပြန်မှ တွေ့မယ်'

'အဟင်း… ရှင်တို့တူဝရီးတွေက အတူတူပဲနေမှာ'

'ဟာဗျာ'

တစ်ယောက်က ရယ်ပြီး တစ်ယောက်က မသက်မသာနဲ့ မဲ့နေ တယ်။ အတော်ကြာမှ သုခက ဝေ့ကြည့်ရင်း…

'ဆရာမ အမေလည်း မတွေ့ပါလား'

'ဒီနေ့ အဖေနဲ့ အမေ ဘုရားသွားကြတယ်၊ ရှင် ထမင်းစားပြီးမှ ပြန်နော်'

'ဟာ… ရ… ရပါတယ်၊ အားနာစရာ'

'ဘာလဲ မစားဘူးပေါ့'

'ဟာ… စားမှာပေါ့ဗျ၊ အဟဲ'

ဆရာမက ဘာမှမပြောတော့ဘဲ ချစ်စရာကောင်းအောင် ဆစ်စောင်းထိုးတယ်။ သုခ အူမြူးနေတော့တာ။

'ဆရာမ… ကျုပ်တူမ အောင်ရောအောင်နိုင်ရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… သူ အောင်နိုင်ပါတယ်၊ ဉာဏ်ကောင်းသလို စာကျက် အားလည်းကောင်းတယ်၊ ဒါပေမဲ့ ဆယ်တန်းဆိုတာ ဉာဏ်တစ်ခုတည်းနဲ့ တော့ မအောင်နိုင်ဘူး၊ ဘယ်လောက်စာတော်ပါစေ ကံပါမှ'

'ဟုတ်တယ်ဗျ၊ ကျွန်တော်တို့တုန်းကလည်း ကျွန်တော်ဆို အောင် မယ်တောင် မထင်ဘူး၊ ဒါပေမဲ့ အောင်သွားတယ်၊ တကယ်စာတော်ပါတယ် ဆိုတဲ့ကောင်တွေ တဘုန်းဘုန်းကျကြတယ်လေ'

ဆရာမက ပြုံးတယ်။

'ကျွန်မ လူတစ်ယောက်အကြောင်း ပြောပြမယ်။ သူက သူ့ကိုယ်သူ All D နဲ့အောင်ရမယ်ဆိုပြီး စာကြိုးစားတယ်၊ အဲ… စာမေးပွဲ တကယ်လည်းဖြေရော 3 D ပဲ ရနိုင်မယ်ဆိုတာကို သိသွားတယ်၊ ဒါနဲ့ All D မရရပါမလားဆို ခြစ်ချပြီး နောက်တစ်နှစ်ထပ်ဖြေတယ်လေ'

'ဟာ… အတော်လောဘကြီးတဲ့သူ၊ ဒါနဲ့ ပြန်ဖြေတော့ All D ရလား'

ဆရာမက ပြုံးရင်း ခေါင်းခါတယ်။

'ဘယ်ရမလဲ၊ 3D ပဲ ပြန်ရတယ်လေ၊ ကံကောင်းလို့ D ပါ မပြုတ်တာ၊ အဲလိုပေါ့၊ ဆယ်တန်းဆိုတာ ကိုယ်ထင်သလို ဖြစ်မလာတတ် ဘူးလေ အဟင်း'

'အဟာ… ဒီလူ အတော်ဆိုးတာပဲ၊ ဒါနဲ့ သူက ဘယ်သူလဲဗျ'

'ကျွန်မ ပြောတဲ့ အော်စီရောက် ချစ်သူဟောင်းလေ'

'ဪ'

သူခ မျက်နှာငယ်လေးနဲ့ ပြန်ဩသွားတယ်။ ဆရာမ ပုံစံက ဆွေးရိပ်သန်းသွားတာနဲ့ မနာလိုဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တီ... တီ... တီ'

ဒီအချိန်မှာပဲ ဟမ်းဖုန်းက အသံမြည်လာတယ်။ မေဦးခင်က ဖုန်းနံပါတ်ကို ကြည့်ပြီး မျက်နှာပျက်သွားတယ်။

'ကိုသုခ... ခဏနော်'

'သြော်... ရပါတယ် အဟဲ'

အခန်းထဲက ထွက်ရင်း မေဦးခင်က ဟယ်လိုလိုက်တယ်။

'ဟယ်လို မေဦးလား၊ ကိုယ်ပါ'

'ရှင်... ရှင်... ဘာကိစ္စဖုန်းဆက်ရတာလဲ'

'သတိရလို့ပေါ့ကွ၊ ငါ မင်းကိုမေ့မရဘူးကွ'

'သေလိုက်ပေါ့'

တစ်ဘက်က သက်ပြင်းကိုချရင်း...

'ငါ အရှုံးပေးပါပြီကွာ၊ မင်း တော်တော်အသည်းမာတာပဲ၊ ကောင်းပြီ၊ မင်းဆီကို ပြန်လာခဲ့မယ်၊ ပြီးတော့ မင်းနဲ့လက်ထပ်ပြီး အဲမှာပဲ အပြီးနေတော့မယ်'

'သြော်... ဟုတ်လား၊ ယုံချင်စရာပဲ အဟင်း'

မေဦးခင်က လောင်တော့ တစ်ဘက်က မခံချိမခံသာဖြစ်သွားပုံရတယ်။

'ငါ... ငါ... တကယ်ပြောတာ၊ ရေ့လထဲမှာ ပြန်လာခဲ့မယ်၊ ခင်းမှာ အသစ်မရှိပါဘူးနော်'

'တော်ပါ၊ ရှင့်စကားကို မယုံဘူး၊ လက်တွေ့ရောက်လာမှပဲ ယုံမယ်၊ ရှင်ဒီမှာ ကျွန်မနဲ့ ရိုးမြေကျနေမယ်ဆိုရင်တော့... အို... ရှင်ရောက်မှပဲ ယုံမယ်၊ ဒါပဲရှင်'



www.burmeseclassic.com

www.burmeseclassic.com



စကားကို အနိုင်နဲ့ဖြတ်ပြီး ဖုန်းပိတ်လိုက်တယ်။ ရင်တော့ အတော်ခုန်နေတာ။ တမင်မေ့ထားပေမဲ့ ငယ်ချစ်ဆိုတော့ မမေ့သာပါ။ သူ့စကားကိုလည်း မယုံဘူး။ မသေချာပါဘူး တွေးရင်း သူ့ခကို မပြောတော့ဘူးလို့ဆုံးဖြတ်လိုက်တယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

'ဦးလေးကို ကြည့်မရဘူးဗျာ၊' အပြောင်းအလဲ သိပ်မြန်တာပဲ၊ အခုလည်း ဆရာမဆီ သွားတယ်လေ၊ အဟဲ… ကျွန်တော်လည်း အမြင်ကပ်ကပ်နဲ့ ထီးမှာ ဗေဒင်ဟောသည်လို့ ကော်ရှုရှင်ပင်နဲ့ ရေးပေးလိုက်တယ်'

'ဟယ်… တူလေးရယ် သနားပါတယ်၊ ဘာလို့ ဒီလိုလုပ်ရတာလဲ'

'ဟာဗျာ… ကြည့်မရဘူးဗျ၊ ကျွန်တော်က အန်တီလေးနဲ့ပဲ သဘောတူတာ'

မြင့်မြင့်မော်က ဆိုးပေရဲ့ ဂျစ်တူးတူး မျက်နှာကို ကြည့်ပြီး မှိုင်သွားတယ်။

'သူမှ မချစ်တာ၊ ဘယ်လိုလုပ်လို့ရမလဲ၊ အေးလေ… ဆရာမက အန်တီလေးထက် လှတာဆိုတော့ ဟင်း'

'ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အန်တီလေးကိုပဲ သဘောကျတယ်'

'ဘာ'



www.burmeseclassic.com

www.burmeseclassic.com


'အဲလေ… ဦးလေးနဲ့ သဘောတူတာပြောပါတယ်၊ သူ့ဆရာမက တကယ်ချစ်ပုံမရပါဘူး၊ သူ့ကို ခိုင်းကောင်းအောင် လုပ်နေတာ'

'ဟုတ်ပဲနဲ့ဟယ်'

ဆိုးပေက ထင်တာပြောတော့ ဟိုက မျက်လုံးလေး ဝင်းသွားတယ်။

ပြီးမှ မယုံသလိုမေးတော့…

'ဟုတ်သမှ သိပ်ဟုတ်၊ ကျွန်တော် သိရသလောက် ဆရာမဘဲကြီးက နိုင်ငံခြားကို သွားနေတာတဲ့၊ အန်တီလေးပဲ စဉ်းစားကြည့်လေ၊ ဟိုလူက ဘောစိ၊ ဦးလေးက ဘာရှိလို့လဲ၊ ရှိတဲ့အစိကလည်း သုံးမရဘူး၊ ခြေမျက်စိ ပြောပါတယ်၊ ဆရာမက ဦးလေးကို ကြိုက်ပါ့မလားလို့'

'အင်း… ဖြစ်နိုင်တယ်၊ ဒီဆရာမက ဇီဇာကြောင်မယ့်ရုပ်ဟဲ့'

ကိုယ့်ဘက်ပါလာတာနဲ့ ဆိုးပေက ပြုံးတယ်။ ဟိုကတော့ ငြိမ်နားထောင်နေတယ်။

'အဲဒါပြောတာပေါ့၊ အန်တီလေးကို ယူမယ်ပြောထားတာပဲ၊ ဒီတော့ သူဘာလုပ်လုပ် မသိယောင်ဆောင်ပြီး လွှတ်သာပေးလိုက်၊ အချိန်တန် ကိုယ့်ချည်တိုင် ပြန်လာကိုယ့်နွားပေါ့'

'အင်း… ကောင်းတယ်၊ ဟယ်… နင်ပြောမှပဲ နင့်ဦးလေး နွားဖြစ်တော့တယ်၊ နင် ငရဲကြီးမယ်နော်'

ဒါနဲ့ပဲ နှစ်ယောက်သား ပြုံးလိုက်ကြတယ်။ အပေးအယူ တည့်နေကြတာလေ။

'တူလေး… မုန့်ဖိုးယူဦးမလား'

'ရပါတယ်၊ ရှိသေးတယ်၊ အဟဲ… အားနာတယ်ဗျ၊ ဒီတော့ဗျာ


www.burmeseclassic.com

www.burmeseclassic.com



အန်တီလေး တကယ်ချစ်ရင် စိတ်ရှည်ရှည်သာစောင့်၊ တစ်နေ့ သူ အန်တီလေးဆီပဲ ရောက်လာရမယ်'

'အဟင်း'

ဟိုက ရှက်ပြုံးလေး ပြုံးနေတယ်။ ဆိုးပေက မြင့်မြင့်မော်တို့ အိမ်ကို လာလည်ရင်း လှော်ပေးနေတာလေ။

မြင့်မြင့်မော်က အတွေးနဲ့ ပြုံးနေတယ်။ အဖေဖြစ်သူ အိပ်တုန်း အိမ်ရှေ့ခန်းထိုင်ပြီး သုခအတင်း ပြောနေကြတာ။

❖ ❖ ❖

'အေး…၊ ရောက်လာပြီကွ၊ ဟွန်း… အခုပဲရောက်လာပြီ၊ မင်းသေဖို့သာပြင်၊ ဟင်း… ဟင်း'

'ဟယ်…'ဗေဒင်ဆရာ… အဲ… ကိုသုခ'

'ဟာ… ဦးလေး'

အသံမာမာကြီး ကြားရလို့ လှည့်ကြည့်လိုက်တော့ အိမ်ပေါက်ဝမှာ ဆီးကြီးကိုင်ပြီးရပ်နေတဲ့ သုခကို တွေ့လိုက်ကြတယ်။

ပုံစံကြီးကိုကြည့်ပြီး မြင့်မြင့်မော် ရယ်ချင်သွားတယ်။ မသိရင် တကယ့်ဗေဒင်ဆရာပဲ။

ဥပမိကောင်းပုံ ပြောပါတယ်။

ဆိုးပေက မြင့်မြင့်မော်နောက် ဝင်ပုန်းတယ်။ သုခက လက်နှစ်ဘက် ရှေ့တန်းပြီး…

'ခွေးကောင်… မင်း ဘယ်ပြေးမလဲ၊ နာပြီမှတ်'



www.burmeseclassic.com

www.burmeseclassic.com



'အန့်တီလေး… လုပ်ပါဦးဗျ'

မြင့်မြင့်မော် ထရပ်လိုက်တယ်ဆိုရင်ပဲ သုခ မျက်လုံးပြူးနဲ့ လက်ကို ပြန်ရုတ်လိုက်ရတယ်။

မရုတ်လို့လည်း မရ။

ဆိုးပေလည်ပင်းမညှစ်မိဘဲ မြင့်မြင့်မော်ကို ညှစ်မိသွားမှာမို့လေ။ လည်ပင်းပြောပါတယ်။

'ရှင်… ကလေးကို အနိုင်မကျင့်နဲ့နော်'

'ဟာ… မင်းဘာသိတုန်း၊ ဒီကောင်က အကျင့်တစ်စက်မှ မကောင်းဘူးလေ၊ ငါ ဒီနေ့ တာမွေကိုသွားတာ တစ်လမ်းလုံးအရက်ကွဲ တယ်၊ အခုပြန်လာတော့လည်း မိုးကမတိတ်ဘူး၊ ထီးကလည်း မဆောင်း မဖြစ်၊ စာလုံးတွေကလည်းဖျက်မရ၊ ဒါနဲ့မထူးပါဘူးဆို အခု လမ်းမှာ ငါ့ကိုရက်ချိန်းတောင်းတဲ့သူ သုံးလေးယောက်လောက် တွေ့ခဲ့တယ်'

'ကောင်းတာပေါ့၊ ဦးလေး အလုပ်မရှိဘူးဆို၊ ဝင်ငွေဖြောင့်သ နော်၊ ရမ်းသာတုတ်ထည့်လိုက်'

တူဖြစ်သူက အားရဝမ်းသာပြောတော့ ယောင်တောင်တောင် ပြုံးရင်း…

'အေး… အဲဒါ ကောင်းတယ်၊ အန် … မကောင်းဘူးကွ၊ အဲ မင်းကြောင့်၊ ငါ…'

'အန့်တီလေးရေ'

'ရှင်… ဘယ်လိုဖြစ်နေတာလဲ'

'မင်း… ဖယ်နော်၊ ဒီကောင့်ကို ဆုံးမရမှ ဖြစ်မှာ'

မြင့်မြင့်မော်ကို အလယ်ထားပြီး တူဝရီးနှစ်ယောက် ဝိုင်းကြီးပ



www.burmeseclassic.com

www.burmeseclassic.com



နေကြတယ်။ တစ်ယောက်က ပတ်ပြေးပြီး တစ်ယောက်က ပတ်လိုက်နေတယ်။

'အန်တီလေး ပြောပါဦးဗျ၊ သူက အနိုင်တအားကျင့်တာ၊ အိမ်မှာလည်း အိမ်မှာမို့လို့ အရမ်းဆိုးတာ'

'ဘာကွ၊ မင်းတော့လား'

'ရှင်နော်'

မြင့်မြင့်မော်က ရင်ဘတ်ကို ဆောင့်တွန်းပြီး ဖိုက်တာမျက်နှာပေးနဲ့ ခါးထောက်လိုက်တယ်။ ပြီး... ရှပ်တည်နဲ့ ပြောတယ်။

'ရှင် တော်မလား မတော်ဘူးလား'

'မတော်ဘူးကွာ၊ အောင်မာ နှစ်ယောက်ပေါင်းမှ တစ်ချက်ထိုးစာလည်းမက နှစ်ချက်ထိုးစာလည်းမရှိနဲ့'

သူကလည်း ရှပ်တည်နဲ့ လက်သီးကြီးဆုပ်ရင်းပြောတော့ ခါးပေါ်တင်ထားတဲ့လက်လေးကျပြီး မျက်နှာလေးငယ်သွားတယ်။ ဒါပေမဲ့ အညံ့မခံဘူး။

'အံမယ်... ထိကြည့်စမ်းပါ၊ ဘာဖြစ်သွားမယ်ထင်လဲ'

သူက မြင့်မြင့်မော် မျက်နှာကိုကြည့်ပြီး စပ်ဖြဲဖြဲဖြစ်သွားတယ်။

'အဟီး... ထိရသေးတာပေါ့၊ မင်း ထိခိုင်းတာနော်၊ လာပြီ'

'ဟယ်'

ပြောရင်းလက်မောင်းကို လာကိုင်တာနဲ့ မြင့်မြင့်မော် ကြောက်ပြီး အော်လိုက်တယ်။

'အဖေရေ... ဒီမှာဗျို့'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့-အော်တိုင်လို့ သူ့ခမျက်နှာလေး ငယ်သွားတယ်။ ဖြစ်ချင်တော့ အိမ်ယာက ထလာတဲ့ ဦးမိုးမြင့်နဲ့ တန်းတိုးပြီး အရှေ့ထွက်လာတယ်။

'ဘာလဲ သမီး၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ ဒီမှာ ကိုသုခက အဖေနဲ့ စကားပြောချင်လို့တဲ့'

'ဟိုက်… နာပြီဟ'

'အေး… ငါလည်း မင်းကိုမျှော်နေတာကွ၊ လာ… ထိုင်'

'ဟိုလေ… အဲဒါ'

အကြောင်းစာစ်ခုခုပြပြီး ပြန်ပြေးမယ်လုပ်တော့ မြင့်မြင့်မော်က စွေကြည့်တယ်။

'ရှင်နော်… ပြောလိုက်ရမလား'

'ဦးလေးပဲ စကားပြောချင်လို့ဆို'

ဆိုးပေကလည်း ဝင်ထောက်တယ်။ မတတ်နိုင်တော့တာနဲ့ ဝင်ထိုင်လိုက်ရတယ်။ မြင့်မြင့်မော်က ပြုံးရင်း…

'အဖေတို့ စကားပြောကြဦး၊ သမီး ကော်ဖီသွားဖျော်လိုက်ဦးမယ်'

'ဟာ… ကောင်းတာပေါ့ သမီးရယ်'

'လာ… တူလေး၊ အန်တီလေးကို ဝိုင်းကူ'

'ဟုတ်… အဟီး'

ဆိုးပေတို့ နှစ်ယောက်ကို မကြည်ကြည့်ကြည့်နေတုန်းမှာပဲ ဦးမိုးမြင့်ရဲ့ စကားသံက စလာတော့တယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



မဲတ်လရဲ့ ပူလောင်တဲ့ နေ့ရက်တွေနဲ့အတူ အပျော်တွေကို ရယူနိုင်ခဲ့တယ်။ ဆရာမနဲ့အတူရှိနေတဲ့ အချိန်တွေကများတော့ နွေအပူကြောင့်ပန်းသမျှ ဆရာမကြောင့် လန်းနေတော့တယ်။

အနေကလည်းနီး မို့မို့ဇင်ကလည်း စာမေးပွဲဖြေနေပြီ။ မဖြေခင်တစ်လလောက်ကတည်းက သူခနဲ့အတူ သွားလိုက်လာလိုက်တာ တစ်နေ့ကုန်လိုလိုပဲ။

မေဦးခင် ကိုယ်တိုင်ကလည်း အရင်ရည်းစားကိုမေ့ချင်ချင်ဖြစ်နေတယ်။

သူ့ခဘက်ကို ခပ်ယိုင်ယိုင်ဖြစ်နေပြီလေ။

ဒါပေမဲ့ တစ်ခါတလေမှာ စဉ်းစားတယ်။ တကယ်လို့ အရင်ရည်းစား ပြန်လာရင် ဘယ်လိုလုပ်မလဲပေါ့။ စိတ်က နှစ်ခွဖြစ်နေတယ်။ နောက်ဆုံးမတော့ သူ့ခကိုပဲ ရွေးဖို့ ဆုံးဖြတ်လိုက်တယ်။

ဟုတ်တယ်လေ။ ကိုယ့်အပေါ် အနစ်နာခံတာ။ အနေနီးတော့ ပိုဆိုးတာပေါ့။

ညီမိတို့တွေလည်း အဆင်ပြေပြီထင်နေကြတယ်။ ဝမ်းလည်းသာနေကြတယ်။ အဲ... ဆိုးပေကလွဲလို့ပေါ့။

❖ ❖ ❖

'ဆရာမ... ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့နော် အဟီး'

'အဲဒါဘာဖြစ်လဲ'

'ဟာဗျာ... ကျွန်တော့်ကို အဖြေပေးတော့လေ'



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲဖြေပြီးတဲ့ တူမဖြစ်သူကို ကြိုပြီးပြန်လာကြတယ်။ မို့မို့ခင်ကတော့ ဖြေနိုင်တယ်ပြောတာပဲ။ အိမ်ရောက်ပြီးမှ . . .

အခု ဆရာမကို ပြန်လိုက်ပို့ရင်း သူခက စကားစတယ်။ ဆရာမက ပြုံးရင်း စက်ဘီးပေါ်တက်လိုက်တယ်။

ပြီးမှ . . .

'ရှင် တကယ်ချစ်တာပါနော်'

'ဟာ. . .တ ကယ်ပြောတာပေါ့ဗျ'

'မယုံချင်ဘူး'

'ယုံပါဗျာ'

အပြုံးကိုယ်စီနဲ့ စက်ဘီးစီးသွားတဲ့ အတွဲကိုကြည့်ပြီး မြင့်မြင့်မော်မာနလိုဖြစ်သွားတယ်။

ဘေးနားထိုင်နေတဲ့ ဆိုးပေကလည်း ဘုကြည့်ကြည့်တယ်။ ပြီးမှ ကြံဖန်နှစ်သိမ့်တယ်။

'ဘာမှမပူနဲ့ အန်တီလေး၊ မနက်ဖြန်ကစပြီး ဆရာမ လာစရာမရှိတော့ဘူးဗျ'

'နင့်ဦးလေးက သွားမှာပေါ့ဟဲ့'

'အိုဗျာ. . . သူ အမြဲမသွားနိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ရှိတယ်၊ မပူနဲ့'

မြင့်မြင့်မော် ဘာမျှမပြောတော့ဘဲ ငိုင်နေတော့တာ။

ကားဂိတ်ရောက်တဲ့အထိ ဘာအဖြေမှ မရသေးဘူး။ မေသီခင်က မျက်နှာငယ်နေတဲ့ သူခကို ပြုံးကြည့်တယ်။

'ကဲ. . . မျက်နှာက ဘယ်လိုဖြစ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို ဘာမှမှ မပြောဘဲ၊ ငိုမှာနော်'

'ခစ်… ခစ်… ရှင်ကတော့လေ၊ ကလေးကျနေတာပဲ၊ မနက်ဖြန် အိမ်ကိုလာခဲ့လေ၊ အဲဒီအခါကျမှ ပြောမယ်'

'ဟာ… တကယ်နော်'

မေဦးခင်က မျက်စောင်းလေးထိုးတယ်။ သူခက တဟဲဟဲနဲ့ အူမြူး နေတယ်။ ဒီအချိန်မှာပဲ ဘတ်စ်ကားရောက်လာလို့ ပြုံးပြီးတက်သွားတယ်။ လက်ဇော့ရှမ်းနှုတ်ဆက်ရင်း ပါသွားတယ်။

သုခ လက်ဇော့ရှမ်းရင်း ကျန်ခဲ့တော့တာ။ ရင်ထဲအပျော်တွေစုပြီး စက်ဘီးကို အားကုန်နင်းလိုက်တယ်လေ။

❖ ❖ ❖

မေဦးခင် ဘာရယ်မသိ ရင်ထဲပျော်နေတယ်။ မျက်လုံးထဲမှာ သုခကို မြင်ပြီးပြုံးလိုက်ပြန်တယ်။ ဘတ်စ်ကားပေါ်က ဆင်းလိုက်တယ်။

တကယ်တော့ ဖူးစာဆိုတာ အံ့သြစရာကောင်းတာရယ်၊ အခုပဲ ကြည့်လေ။ နှစ်ပေါင်းများစွာ ချစ်လာတဲ့ ချစ်သူနဲ့ပေါင်းရကံမပါဘဲ ခဏ တွေ့တဲ့ သူနဲ့ ဖူးစာဆုံဖို့ ဖြစ်လာလို့လေ။

လမ်းလျှောက်ရင်း တွေးနေတာ။ တစ်လက်စတည်း ငယ်ချစ်ရဲ့ အကြောင်း အတွေးထဲရောက်လာတယ်။ ပြန်လာမယ်လို့ ပြောပေမယ့် မထင်ပါ။

ဒါလောက် သူတစ်ပါးနိုင်ငံကို အထင်ကြီးတဲ့လူ၊ နေပါစေတော့ သူပြန်လာတော့ရော ဂရုစိုက်စရာမှတ်လို့။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် သုခကလွဲပြီး ခေါင်းထဲမရှိဘူး တွေးနေတယ်။

လမ်းထိပ်ရောက်တော့ ကားတစ်စီးက ဟွန်းသံပေးတာနဲ့ လမ်းဘေးကပ်လိုက်တယ်။

'တီ… တီ'

'တောက်… ဒါလောက် လမ်းအကျယ်ကြီးကို တော်တော်လက်အားနေတယ်'

ကားကို မကျေမနပ်နဲ့ မျက်စောင်းထိုးတယ်။ ကားက လမ်းဘေးကပ်ရပ်လိုက်တော့ လမ်းပိတ်သွားတော့တာ။

မေဦးခင် တော်တော်ဒေါသထွက်သွားတယ်။ ဒီတုန်းမှာပဲ ကားထဲက လူတစ်ယောက်ထွက်လာပြီး ပြုံးပြတယ်။

သေသေချာချာ ကြည့်ရင်း မေဦးခင် အံ့သြသွားတယ်။ ခေါင်းထဲမရှိဘူးဆိုတဲ့ ငယ်ချစ်က ရင်ထဲတော့ ရှိနေပုံရတယ်။

'မေဦး… ကိုယ် ပြန်လာပြီလေ'

'ရှင်… ရှင်'

'ဟုတ်တယ်၊ ကိုယ် မင်းနဲ့တစ်သက်လုံး အတူနေတော့မှာ၊ အရယုံသွားပြီလား'

ကြောင်ပြီး ရပ်နေတယ်။ သုခကို သတိရပြီး ဇဝေဇဝါဖြစ်နေသေးတယ်။ အဲ… ဒါပေမဲ့ ခဏကြာတော့ ပြုံးလာတယ်။

မျက်နှာငယ်နဲ့ ကြည့်နေတဲ့ ချစ်သူကို သနားသလိုဖြစ်လာတယ်။ တင်းထားတဲ့ မာနတွေ ကွာကျပြီး ချစ်သူဆီ အပြေးလေးသွားလိုက်တော့တာ။

'မေဦး ကိုယ့်ကို ချစ်သေးတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ရှင်ကလွဲပြီး ရင်ထဲမှာ ဘယ်သူရှိနိုင်မှာမို့လို့လဲ'

အပြုံးချင်း ဖလှယ်လိုက်ကြတယ်။ အဲ… ခေါင်းထဲရှိတဲ့ သုခ ကတော့…

❖ ❖ ❖

ရေချိုး အဝတ်အစားတွေလဲရင်း ကြွရွနေတယ်။ မျက်နှာကြီးက ဖြိုးနေသလို လေကလည်း ကြူနေသေးတာ။

'သဒ္ဒါကပိုသည်… ဆရာမကိုပဲ' အသည်းစွဲအောင် ချစ်တော့ မည်… အဟီး…'

ဆိုးပေ ကြည့်ရင်း အမြင်ကတ်လာတော့တာ။ ရေမွှေးတွေကို တဖြန်းဖြန်းဆွတ်တယ်။

မသိရင် မီးလောင်နေတဲ့တိုင်ကြီး ရေပိုက်နဲ့ပက်နေသလိုပဲ။ ဆိုးပေ မဲ့ရွဲ့သွားတယ်။

'လုပ်မနေပါနဲ့ ဦးလေးရာ၊ အပိုတွေ၊ ဟိုက သူ့ရည်းစားနဲ့ မိတ်ဆက်ပေးဖို့ ခေါ်တဲ့ဟာကို'

'ဘာကွ'

တူဖြစ်သူကို မျက်နှာမာနဲ့ ဇွေကြည့်တယ်။ ပြီးမှ ပြန်ပြုံးတယ်။

'အဟား… မင်း မနာလိုဘူး မဟုတ်လား၊ ဆရာမက ငါမှငါ ဖြစ်နေတာကွ၊ စိတ်ချ၊ သူ့ရည်းစားက ငါပဲဖြစ်မှာ၊ ပြီးတော့ မကြာခင် သူ့ရဲ့ယောကျာ်းအဖြစ်နဲ့ ရင်ကော့လျက်ကြီး မင်းမြင်ရတော့မှာပါကွာ တူကြီးရ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေ ခဏငိုင်သွားတယ်။ ပြီးမှ…

'ဟား… ဟား… ကဲ… ရယ်ရတယ်၊ ဦးလေးကို ဘယ်သူက မိန်းမတောင်းပေးမှာလဲ၊ ဟိုတစ်လောက အဘိုးဖုန်းဆက်တယ်၊ ဦးလေး ရှက်နှာမပြောနဲ့ အသံတောင် မကြားချင်ဘူး၊ သေခန်းပြတ်ပဲတဲ့၊ အဟား… အမေကလည်း တောင်းပေးမှာ မဟုတ်ဘူးဗျ'

'အဲ'

ခေါင်းကုတ်ရင်း စဉ်းစားတယ်။ အဖေလုပ်တဲ့ သူက ဆီစက်နဲ့ ဆန်စက်ကို မသိဘဲပေါင်လို့ ပြန်လာတာနဲ့ သတ်မယ်ဆိုပဲ။

ဘာပဲဖြစ်ဖြစ် နောင်ခါလာ နောင်ခါရှေး သဘောထားပြီး ပြုံးတယ်။

'ဘာပဲဖြစ်ဖြစ် ဆရာမဆီက အဖြေရရင်ပြီးပြီ၊ မင်း မနာလိုမဖြစ်ပါနဲ့ကွာ၊ ကဲ… သွားပြီ'

'ဟွန်း… ရလိမ့်မယ် အားကြီးကြီး'

အိမ်ရှေ့ထွက်လာတော့ မို့မို့တို့ သားအမိနှစ်ယောက် ထိုင်နေကြတယ်။

'အံမယ်… တို့ဦးလေး သိပ်သားနားနေပါလား၊ ဒါပဲနော်၊ ဆရာမကို ရတာ တူမကြောင့်၊ ပြန်လာရင် ဒံပေါက်ဝယ်ခဲ့'

'အေးပါ တူမရယ်၊ နင့်ကိုပဲ ဝယ်ကျွေးမှာ၊ ဒီကောင်က အလကား ကောင်'

'မစားဘူးဗျ၊ ကျွန်တော်က အငတ်မဟုတ်ဘူး'

ဆိုးပေကလည်း မခံဘူး။ မို့မို့ဇင်က မအေဖြစ်သူကို တိုင်တယ်။ ဟုတ်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မသိရင် သူကပဲ ငေါ်နေတာလို။

'အမေ့သား အရှမ်းရိုင်းတာပဲ၊ အမေ မပြောတော့ဘူးလား'

'ကဲ… ဖွပ်… ဖွပ်'

မအေဖြစ်သူက ပါးစပ်နဲ့မပြောဘူး။ ခေါင်းကို နှစ်ချက်ဆင့်ခေါက်တယ်။

ဆိုးပေ မဲ့ရင်းပေခံတယ်။

'ဟဲ့အကောင် နင့်ကို ဆုံးမရတာ လက်နာတယ်၊ အပြောအဆိုဆင်ခြင်စမ်း'

'အဟီး… မှတ်ပြီလား'

မို့မို့ဇင်က လှမ်းပြောင်ပြတော့ ဆိုးပေ တင်းသွားတယ်။ ဒါပေမဲ့ သုံးယောက်တစ်ယောက်ဆိုတော့ မပြောသာဘူး။

ဒီအချိန်မှာပဲ ခြံရှေ့ကို လူတစ်ယောက် ရောက်လာတယ်။ ဒါနဲ့ဆိုးပေက ခြံဝနားသွားမေးတယ်။

'အစ်ကို ဘာကိစ္စလဲဗျ'

'ဒါ ကိုသုခတို့ အိမ်လား'

'ဟုတ်ပါတယ်'

'ဆရာမမေဦးခင်က ကိုသုခကို စာပေးခိုင်းလိုက်လို့… ရော့…'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ အိမ်ထဲဝင်ပါဦး'

'ဟာ… ရတယ်၊ မဝင်တော့ဘူး၊ သွားပြီ ညီလေး'

'ဟုတ်'

ဟိုလူက နှုတ်ဆက်ပြီး ပြန်သွားတယ်။ ဆိုးပေက စာကို ဖတ်ပြီး ခေါင်းတပြန် ကြည့်ရင်း ယူလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးကို ဆရာမက စာပေးတာတဲ့'

'ဟာ… တကယ်'

'ဟယ်… ငါ့မောင်ကတော့ တကယ်စွံတာတော့၊ ဟဲ့… ရရင် ဟိုအိမ်လိုက်နေနော်၊ ငါ မျက်စိရှုပ်သက်သာအောင်လို့'

'အစ်မကတော့ လုပ်ပြီ၊ ဟော့ကောင် ပေးစမ်း'

ဆိုးပေက စာကိုမပေးချင်ပေးချင်နဲ့ ပေးတယ်။ စိတ်ထဲတော့ သွားပြီထင်လိုက်တယ်။ မို့မို့ဇင်က ပျော်သွားတယ်။

'ကြည့်စမ်း၊ ငါ့ဦးလေးတော့ စွံတော့မယ်၊ တူမကောင်းလို့နော်'

'အေးပါဟာ'

သုခ မျက်နှာကြီးကို ဖြီးနေတော့တာ။

'ခမျာ အဖြေပေးရမှာ ရှက်တာနဲ့ စာနဲ့ပဲ အဖြေပေးလိုက်တာ ထင်တယ်၊ အဟဲ… ဖီးလ်လေးနဲ့ ဖတ်ရအောင် အခန်းထဲသွားလိုက်ဦးမယ် သုခတို့ကတော့ 'ကံထလာပြီ… ကံထလာပြီ… အဟီး…'

'ဘာလဲ အုန်းရည်သောက်ပြီးတော့လား'

ဆိုးပေရဲ့ စကားကို မကြားယောင်ဆောင်ရင်း အိပ်ခန်းဘက်ကို သွားတယ်။ စာလေးကို တနမ်းနမ်းနဲ့လေ။

ဆိုးပေကြည့်ပြီး အမြင်ကပ်နေရှာပဲ။ တစ်ခုခုပြောမယ်ကြံကာ သေး ဟိုသားအမိ မျက်စောင်းထိုးလို့ ဇက်ပုသွားရတယ်။

'အဟီ… ဘာပဲပြောပြော ငါကိုယ်တိုင် လိုက်တောင်းပေးရ ဒါမှ ငါ့အိမ်က အရှုပ်ရှင်းသွားမှာ'

'ဟုတ်တယ်၊ သမီးက သတို့သမီးအရံလုပ်မယ်'

သမီးရဲ့စကားကိုကြားတယ်ဆိုရင်ပဲ မအေဟာ မဲ့သွားတယ်။

www.burmeseclassic.com



ပြီးမှ ခေါင်းကိုခေါက်လိုက်တယ်။

'ဘာ… ကဲ'

'ဗွပ်… ဗွပ်'

'သေပြီလို့'

'အဟီး'

ဆိုးပေကြည့်ပြီး သဘောကျသွားတယ်။ နှုတ်ခမ်းစူပြီး မျက်နှာမဲ့နေတဲ့ သမီးဖြစ်သူကို ချွေကြည့်တယ်။

'ညည်းနော်… လူက လက်တောက်လောက်ရှိသေးတယ်၊ ဘာအရုံလဲ၊ ဘာမှကို မလုပ်ရဘူး၊ ဟွန်း… အချိုးကိုက'

'အမေကလည်းလို့'

'ဟာဗျာ… နားငြီးလိုက်တာ၊ စိတ်ကူးနဲ့ အိမ်ဆောက်နေကြတယ်ပေါ့လေ၊ ကြည့်လည်းလုပ်ဦး၊ တော်ကြာအပေါက်ကျွံကျနေဦးမယ်'

ဆိုးပေရဲ့ စကားသံအဆုံးမှာ ပြန်တိတ်သွားကြတယ်။ အိမ်ထဲကို ကြည့်လိုက်ကြတယ်။ ဘာလဲဆိုတာ သိချင်နေကြပြီလေ။

ဒီအချိန်မှာပဲ သုခ အခန်းထဲက ပြန်ထွက်လာတယ်။ မျက်နှာက အသေကောင်ကြီးလိုပဲ။ ဖြူလို့။ ရော်လို့လေ။

ဝင်သွားတုန်းကနဲ့ တခြားစီ။ သားအမိသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတယ်။ လက်ထဲကိုင်လာတဲ့ စာရွက်လေးကို ကြောင်တောင်တောင်နဲ့ စားပွဲပေါ်တင်တယ်။

သုံးယောက်လုံးကို ငေးကြည့်ပြီး မဲ့တဲ့တဲ့လေး။ ဘာမှမပြောဘဲ အသက်မပါတဲ့ ခြေလှမ်းနဲ့ နဲ့တဲ့တဲ့လှမ်းရင်း အခန်းထဲ ပြန်ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



စာကိုကြည့်ပြီး ကြောင်နေကြတယ်။ အရင်ဆုံး ဆိုးပေကာ ယူဖတ်ရင်း ပြုံးတယ်။ စာလည်းဆုံးရော…

'ဟော:… ပျော်တယ်ကွ'

လက်သီးလက်မောင်းတန်းပြီး အိမ်ပေါ်က ဆင်းပြေးသွားတယ်။ တဆက်တည်း တစ်ဘက်ခြံကို ကူးသွားတယ်။

'အယ်တော်'

'ဘာလဲဟ'

စာကိုဖတ်ပြီး တစ်ယောက်က ငိုမလိုဖြစ်သွားပေမဲ့ တစ်ယောက်က ပျော်သွားတယ်လေ။

သီချင်ဖေနဲ့ သားအမိနှစ်ယောက် စာကိုအတူဖတ်လိုက်ကြတယ်။ စာလည်းဆုံးရော တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြတယ်။

'သြော်… ဒါကြောင့် ဒီလိုဖြစ်သွားကြတာကိုး'

မအေဖြစ်သူက ညစ်ပြုံးပြုံးရင်း အိမ်ထဲဝင်သွားတယ်။ မို့မို့ခင် နောက်တစ်ခါထပ်ဖတ်တယ်။

သို့

*ဒီစာကိုဖတ်ရင်း မေဦးကို ခွင့်လွှတ်နိုင်ပါစေလို့။ ကိုသုခကို ကစားခဲ့တာမဟုတ်ပါဘူး။ တကယ်လည်း အဖြေပေးဖို့ပါပဲ။*

*ဒါပေမဲ့ ကံတရားက ကျွန်မတို့ကို ပေါင်းခွင့်မပေးဘူးလေ။ ဒီနေ့ပဲ ကျွန်မချစ်သူနဲ့အတူ ခိုးစပ်ပွဲလုပ်လိုက်ပါတယ်။*

*ကိုသုခကိုတွေ့ပြီး မပြောရဲလို့ စာနဲ့ပဲ ပြောလိုက်တာပါ။ ကျွန်မကို ခွင့်လွှတ်ပါလို့ မပြောချင်ပါဘူး။*

*သူ့ကို ကျွန်မ မေ့မရသလို သူကလည်း ကျွန်မကို ချစ်တယ်လေ။*



www.burmeseclassic.com

www.burmeseclassic.com


အခု သူ့ ဒီမှာ တစ်သက်လုံးနေသွားတော့မယ်တဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်မကို စိတ်ပျော်စေခဲ့တဲ့ ကိုသုခကို မမေ့ပါဘူး။ မင်္ဂလာဆောင်ဖိတ်စာပို့လိုက်ပါ့မယ်။ ရုတ်တရက် ဒီလိုကြီးဖြစ်သွားတာ စိတ်မကောင်းပါဘူး။

မေဦးခင်

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သူခ ခုတင်ပေါ်ထိုင်ရင်း ကပ်ထားတဲ့ မင်းသမီးပုံတွေကို စေ့စေ့ကြည့်လိုက်တယ်။

မဲ့ရွဲ့သွားတယ်။ ကိုယ့်ဘာသာနေရင် တစ်ခါပဲ ရင်နာရမှာ။ အခု ကမြင်းကြောထလို့ နန့်လိုက်တာ နှစ်ခါနာပါရောလား။

ဒီတစ်ခါ ပိုထိသလိုပဲ။ အနေကလည်းနီးတော့ သူ့ရဲ့အပြောအဆိုမှာ သာယာခဲ့မိတာပေါ့။

'ဩော်… ဆရာမ… ဆရာမ… တယ်လည်း ဆရာကျကိုဗျ။ ဟင်း… ကျုပ်ကို မြင့်သထက်မြင့်အောင် တွဲတင်သွားပြီး အဟင့်… အမြင့်ဆုံးရောက်မှ တွန်းချတော့ ကျုပ် အကျနာတာပေါ့၊ နာတယ်… နာတယ်… သင်းတို့တွေကို ဒီတစ်ခါ တကယ်နာသွားပြီ၊ နာသွားပြီ'

တွတ်တွတ် တွတ်တွတ်နဲ့ပြောရင်း ခုတင်အောက်က အရက်ပုလင်းကိုထုတ်ပြီး မော့လိုက်တယ်။

မျက်နှာကြီးမဲ့သွားတယ်။

အခုဆို အခန်းထဲကနေ အပြင်မထွက်တာ တစ်ပတ်လောက်ကြာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပေကို အရက်ဝယ်ဝယ်နိုင်းပြီး သောက်တယ်။

အခုမှ တကယ့်အသည်းကွဲသူနဲ့ တူသွားတယ်။ ဒီနားမှာလည်း နေချင်တော့ပါ။

အတူတွဲသွား တွဲလာတာကို လူတိုင်းမြင်တော့ လူတိုင်းက ဒီနှစ်ယောက်ကို ညားပြီထင်တာလေ။

ဒီလိုကြီးဖြစ်သွားတယ်ဆိုတော့ ရှက်ပြီး အိမ်ထဲက အိမ်ပြင်ကို ထွက်ရဲတော့ပါ။

ရွာကိုပြန်ရအောင်လည်း မဖြစ်။ ဖအေဖြစ်တဲ့သူက ဓားကြိမ်းကြိမ်း ထားလို့လေ။

ညစ်ညစ်နဲ့ ရွာပြန်ပြီး မိညိုချောကိုပဲ ယူရကောင်းမလား စဉ်းစား တယ်။

ဒါလည်း မဖြစ်သေး။ ကိုယ်က ရုပ်တည်ကြီးနဲ့ မယူဘူး ခါးခါး သီးသီးငြင်း။

အခုမှ သွားပြီးအောက်ကျသံနဲ့ မိညိုချောရယ် ငါ့ကိုယူပါဟာဆို ရင်ကမှ ဘဝင်ကမြင့်မြင့်ရယ်။ လှည့်မကြည့်ဘဲ ဟောက်ထုတ်လိုက်မှ ထုတ်နေမှာ။

ဒါနဲ့ အရက်ကို ထပ်သောက်လိုက်ပြန်တယ်။ အခုချိန်မှာ အသည်း ကွဲပြီး ရှက်တာကလွဲလို့ ဘာမှဂရုမစိုက်တော့ပါ။ မိန်းမတွေကို တကယ် စိတ်ကုန်သွားတယ်။

"ထော်ပြီ... ငါ့ဘာသာ ရွာဦးကျောင်းဘုန်းတော်ကြီးဆီမှာပဲ ဆွဲသက်ပန် ရဟန်းဝတ်တော့မယ်၊ မိန်းမတွေကို ကြောက်ပါပြီဗျ။ နာသည်း တကယ်နာပြီ၊ ငါ့ဟာငါ တရားမမွှန်ပဲ ပျော်တော့မယ်၊ စိတ်နာတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ကို စိတ်အတော့်ကို နာသွားပြီ၊ ခုချိန် ချယ်ရီကိုးလ်ကိုယ်တိုင် ယူရိ နဲ့ လာတင်တောင်းတာတောင် လှည့်မကြည့်တော့ဘူး၊ ပြန်မယ်၊ ရွာကို ပြန်တော့မယ်'

အရက်ကို အတင်းသောက်တယ်။ သောက်ရင်း တဖြည်းဖြည်း အိပ်ပဲ့ပဲ့နဲ့ ခုတင်ပေါ် လဲကျသွားတယ်။

အဲ... ဒါပေမဲ့ အရက်ပုလင်းကိုတော့ မလဲအောင် ကိုင်ထားတယ် လေ။ လူကတော့ မှောက်သွားလေရဲ့။

'အပါး... မှတ်ပြီလား၊ အဲဒါ ဆရာမမှ ဆရာမချင်ဦးလေ အခု ဆရာမက ပညာပြလိုက်ပြီ မဟုတ်လား ခံလေ'

အခန်းနံရံပေါ် တက်ချောင်းနေတဲ့ ဆိုးပေဆီက အသံထွက်လာ တယ်။

စိတ်ထဲမှာလည်း အန်တီလေးကို မြင်ပြီးပြုံးသွားတယ်။ အခု ပဲ ကောင်းကောင်းလှော်ခတ်ပေးရတော့မှာမို့လေ။

❖ ❖ ❖

'တကယ်ပြောတာ အန်တီလေးရဲ့၊ ညညဆို ဘုရားတောင် မကန်တော့နိုင်တော့ဘဲ အန်တီလေးနာမည်ပဲ တတပြီး အရက်ချည်းခွသောက် တာ'

'ဟယ်... နင် ငါ့ကို မဟုတ်ဘဲလာမပြောနဲ့၊ သူ့ဆရာမကို လွမ်းနေတာ ဖြစ်မှာပေါ့'

ဆိုးပေရဲ့ အပြောကို မျက်စောင်းထိုးရင်း မြင့်မြင့်အေးက ငြင်း တယ်။ သူ့ခအကြောင်းကို တစ်စွန်းတစ်စ ကြားထားတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲပြီး အရက်သမားဖြစ်နေတယ်ဆိုတာကို။ ဒါပေမဲ့ အဖြစ်မြင့်ပါ။

သူ့ခကို တကယ်လည်း ချစ်နေတာလေ။

'အဟုတ်ပြောတာဗျ၊ အန်တီလေး မနက်ဖြန်လောက်ကျရင် အိမ်လာခဲ့ဗျာ'

'ဘာလုပ်ဖို့လဲ'

'ဟာ… ဦးလေးနဲ့ တွေ့ပေးမယ်လေ'

မျက်လုံးလေးထောင့်ကပ်ရင်း ငြင်းတယ်။

'ဟယ်… လာပါဘူး၊ ဘာလို့လာရမှာလဲ၊ ဒီကိုလာပေါ့'

'အန်တီလေး တကယ်မလာရင် ကျန်ခဲ့မှာနော်၊ သူက အန်တီလေးဆီမှ မရရင် ရှာဖြန်ပြီး ဘုန်းကြီးဝတ်မယ်တဲ့'

'အံမယ် သူ့ပုံလား ဘုန်းကြီးဝတ်မှာ၊ ယုံမှယုံ အားကြီး'

မယုံဘဲ ပြောတော့ ဆိုးပေက ရုပ်တည်နဲ့ ကြည့်တယ်။

'ကျွန်တော် အကောင်းပြောနေတာ၊ ပြီးတော့ အန်တီလေးပဲ တမှိုင်မှိုင် မှိုင်နေတာ၊ ကဲပါဗျာ၊ လာခဲ့ပါ'

'ဟယ်… သူနဲ့ငါ နှစ်ယောက်တည်း ငါဘယ်လာရဲမှာလဲဟဲ့'

ဆိုးပေက ကြိတ်ပြုံးတယ်။ ဒီတစ်ခါတော့ နှစ်ယောက်လုံးကို အရောက်ပို့မှလို့ တွေးရင်းလေ။

'ကျွန်တော်ပါ ရှိမှာပါ အန်တီလေးရဲ့၊ တကယ်ရှိမှာ၊ စိတ်ချဆယ်မှုကို မသွားတာ'

'တကယ်နော်'

'မိုးကြိုးပစ်ဗျာ၊ ရှိကိုရှိမှာ'



www.burmeseclassic.com

www.burmeseclassic.com



အတင်းအာမခံတော့ စဉ်းစားနေတယ်။ ဆိုးပေကတော့ ရှပ်တည်နဲ့နေရင်း ကြိတ်ကြံတယ်။

'အင်... နင်မပါရှိမယ်ဆိုရင်တော့ လာခဲ့မယ်၊ ပြော... ဘယ်အချိန်လဲ'

'ကိုးနာရီလောက် လာခဲ့ဗျာ၊ ဦးလေးကလည်း ကျွန်တော့်ကိုတဖွဖွပြောပါတယ်၊ မင်းအန်တီလေးကို တွေ့ချင်တယ်၊ တွေ့ချင်တယ်နဲ့'

'ဟယ်... ဒါတော့ နင်ပိုပြီ၊ သူတွေ့ချင်ရင် ငါ့ဆီလာမှာပေါ့'

'အဲဒါပဲ၊ အန်တီလေးက အ,ကိုအ,တယ်၊ ဒီကိုလာရင် ဘယ်နှခါအန်တီလေးနဲ့ စကားပြောရလို့လဲ၊ အန်တီလေး အဖေကို ကြောက်လို့မလာရဲဘူးတဲ့၊ လာခဲ့ပါဗျာနော်၊ ကျွန်တော် ရှိမှာပါဗျ'

'အင်း... လာခဲ့မယ်၊ အဲ့... သူ ငါ့ကိုချစ်တယ်ဆိုတာတော့ဟုတ်ပါတယ်နော်... နင် ငါ့ကိုမညာနဲ့'

'ဟာ... ချစ်မချစ်ဆိုတာ မနက်ဖြန်မှလက်တွေ့သိရစေမယ်'

'ဘာ'

'အဲလေ... အန်တီလေးကို မနက်ဖြန် ဦးလေး တကယ်ချစ်ကြောင်းဆိုမှာလို့ ပြောတယ်'

ဆိုးပေကို မယုံသလို ကြည့်တယ်။

ဒါပေမဲ့ သူခကိုလည်း မတွေ့တာ ကြာပြီဆိုတော့ အရမ်းတွေ့ချင်နေတယ်။

ဒါနဲ့ပဲ ခေါင်းညိတ်လိုက်ရတော့တာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးရာ သူဟာသူနေတဲ့ သာသနာကို သွားပြီးဖျက်လိုဖျက်ဆီး မလုပ်ချင်စမ်းပါနဲ့၊ မိန်းမ မရတာနဲ့ဘဲ ဘုန်းကြီးဝတ်မယ်တဲ့၊ ခံယူချက်က သိပ်ပြင်းထန်လွန်းနေတယ်'

'ဟော့ကောင်… နွားရှေ့ထွန်လာမကျူးနဲ့၊ ငါ မင်းဦးလေးကွ၊ မင်းထက် အသိပိုတယ်'

ကိုယ့်စကားနဲ့ကိုယ် နွားဖြစ်လို့ ဖြစ်မှန်းမသိဘဲ တူဖြစ်သူကို ရျက်စောင်းထိုးတယ်။

ပိုက်ဆံကို အတင်းပေးရင်း…

'ရော့… အရက်သွားဝယ်ကွာ၊ လောလောဆယ် သောက်တာပဲ အေးတယ်'

တူဖြစ်သူက ပိုက်ဆံကို ယူပြီး အိတ်ကပ်ထဲထည့်တယ်။

'မသိလို့ မေးပါဦးမယ်၊ ဦးလေး ဘာလို့အရက်သောက်တာလဲ'

'ဟ… အသည်းကွဲလို့ပေါ့ကွ'

ဆိုးပေက ပြုံးတယ်။

'အရက်သောက်ရင်အသည်းကွဲတာ မပျောက်တဲ့အပြင် ကျွမ်းသွားမယ်၊ ကျွန်တော် တခြားနည်းပြောမယ်ဆိုရင် ဦးလေး လက်ခံမှာလား'

သူ့ခက ဈေကြည့်ရင်း ဇဝေဇဝါဖြစ်နေတယ်။

'မင်း မသိပါဘူး၊ ငါ ဒီမှာလည်း မနေချင်တော့ဘူး၊ ရွာပြန်ရင် လည်း အဖေက ထားမှာမဟုတ်ဘူး၊ စိတ်ညစ်တယ်ကွာ၊ အဲဒါနဲ့ ဘုန်းကြီး ဝတ်မလားစဉ်းစားတာ၊ ဒါဆို ဘာမှမပူရတော့ဘူးလေ'

'ကောင်းလိုက်တဲ့အကြံ'

ဆိုးပေ မဲ့သွားတော့တာ။ ဟုတ်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးဝတ်တာ သာသနာအရေးလားမှတ်တယ်။ နေစရာ စားစရာရအောင်လို့တဲ့လေ။

'ဦးလေးကို ကျွန်တော် ဒီထက်ကောင်းတဲ့အကြံပေးမယ်ဗျာ၊ စားစရာ နေစရာလည်း မပူရဘူး၊ မိန်းမပါ ရရမယ်၊ ဒါပေမဲ့ နားတော့ပူမယ်'

'ငါသိတယ်၊ မင်း ငါ့ကိုမြင့်မြင့်မော်နဲ့ ယူခိုင်းဖို့ မဟုတ်လား၊ ငါ့အကြောင်း သူသိသွားပြီလေ၊ ငါရည်းစားစကား သွားပြောရင် ပါးရိုက်ခံရမှာပေါ့'

'ဦးလေး ဒါတွေမပြောနဲ့၊ သူနဲ့ဆိုရင်ရော် ဦးလေး ဘယ်လိုသဘောရလဲ'

'ဟာ… ဘာပြောစရာလိုလဲ၊ ခက်တာက သူ ငါ့ကိုချစ်ပါ့မလားဟ'

'ဒါတွေ မပြောနဲ့လေ၊ မနက်ဖြန် အမေတို့မရှိဘူး၊ ကျွန်တော်ပါ ရှောင်ပေးလိုက်ရင် ဦးလေး အိုကေပြီ၊ ဒါပေမဲ့ တော်ကီတော့ ညက်မှကောင်းမှဖြစ်မှာနော်'

အဲ့တက်သရောပြောတော့ သူခ ဇဝေဇဝါနဲ့ ဖြစ်နေတယ်။

'ငါ ကြောက်တယ်ကွ'

'ဟာ… ဘာကြောက်စရာရှိလဲ၊ သူက မိန်းကလေးပဲဟာ'

'ကဲ… မင်း ဒါလောက်ဖြစ်နေတာ ပြောမယ်ကွာ၊ အဲ… ဒါပေ ငါ့ကို နည်းနည်းတော့ ဝယ်ပေးမှရမယ်၊ တစ်ယောက်ပြောမရ နှစ်ယောက်ပြောမရနဲ့ ငါကြောက်လာပြီ၊ ရဲဆေးတင်ရအောင် နည်းနည်းတော့လုပ်ကွာ၊ ကျန်တာ မင်းယူ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလုပ်ပါဗျ'

ဆိုးပေ ပြုံးနေပေမဲ့ သူခက မျက်ခုံးလှုပ်နေတယ်။

ဆိုးမေကတော့ မြန်မာပြည်မှာ အသက်အငယ်ဆုံး Love Scene ဒါရိုက်တာ သူဖြစ်ပြီဆိုပြီး ကျေနပ်နေတာလေ။

❖ ❖ ❖

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ရင်ခုန်ခြင်းနဲ့အတူ အိပ်ယာက နိုးနေတယ်။ အိပ်ယာထဲ လှဲရင်း အတွေးကြွယ်နေတယ်။

တကယ်တော့ အကြောင်းမသိသူကို ယုံမိလို့ အသည်းကွဲရခြင်းသာ။ အဲ… အစကတည်းက မြင့်မြင့်မော်ကို ကြိုက်မိရင် ဒါမျိုးဖြစ်မှာ မဟုတ်ဘူးလေ။

မြင့်မြင့်မော်အကြောင်း တွေးမိမှပဲ ပြုံးလာတယ်။ အနေအေးအေးနဲ့ တော်တော်သဘောထားပြည့်တာပဲလို့ တွေးမိတယ်။

အပြောဆိုးတာကလွဲလို့ပေါ့။ ဆိုးတယ်ဆိုတာကလည်း တခြားလူအပေါ်မှာပါ။ ကိုယ့်ပေါ်မှာဆို မဆိုးပါ။

'ဟဲ့… သူခ ငါတို့သွားပြီနော်၊ တူဝရီးတွေ ရန်ဖြစ်မနေကြနဲ့'

'အေးပါ၊ ဖြောင့်ဖြောင့်သာသွား၊ ဒါနဲ့ ဆိုးပေရော မပါဘူးလား'

'ဒီအကောင် ဂိမ်းဆိုင်လား၊ အင်တာနက်ဆိုင်လားပဲ၊ ထွက်သွားတာတော့ တွေ့လိုက်တယ်၊ သူမပါဘူး၊ ဟဲ့… ထွက်လာခဲ့တော့ အိမ်မှာ လူမရှိဘူး'

'အေးပါဟ'



www.burmeseclassic.com

www.burmeseclassic.com


အသံပျောက်သွားတယ်။ ခဏကြာတော့ [illegible] ပျောက်သွားတယ်။ သွားကုန်ကြပြီလေ။

လှုးလဲထပြီး မျက်နှာသစ်၊ ရေမိုးချိုးပြီး ညှိခန်းထဲ ထိုင်စောင့်လိုက်တယ်။ နံရံကပ်နာရီကို ကြည့်လိုက်တော့ ရှစ်နာရီခွဲ။

ရင်ခုန်နေတယ်။ ဆိုးပေကတော့ ကတိအတိုင်း ရှောင်လွှတ်သွားပြီလို့ တွေးလိုက်တယ်။

ဒီကောင်က ဒါမျိုးကျ လွှတ်အားကိုးရတာလေ။ ပြုံးလိုက်တော့တာ။ ခါးထိုးလာတဲ့ ပုလင်းကို ဖွင့်ပြီး သောက်လိုက်တယ်။

မျက်နှာမဲ့ကြီးနဲ့ အတင်းမျိုချတယ်။ ပုလင်းကို စားပွဲအောက်ထားလိုက်တယ်။ ဒီတစ်ခါရော အဆင်ပြေပါ့မလားတွေးရင်း ရင်ပါခုန်လာတာ။ ဒါနဲ့ နောက်တစ်ခါထပ်မော့လိုက်ပြန်တယ်။

BURMESE CLASSIC

နာရီကို ကြည့်လိုက်။ မော့လိုက်။ တွေးလိုက် မော့လိုက်နဲ့။ ကြာတော့ ပုလင်းတစ်ဝက် တက်တက်စင်သွားတယ်။

အတော်ကောင်းသွားတော့တာ။ မူးလာတယ်ဆိုရင်ပဲ သတ္တိတွေက အလိုလိုပေါ်လာတယ်လေ။ တက်ကြွနေတော့တာ။

ကိုးနာရီလည်း ကွက်တိထိုး။ လူလည်းကွက်တိပဲ ကောင်းနေတယ်။ အိမ်ဝမှာလည်း အရိပ်တစ်ခုကို လှစ်ခနဲတွေ့လိုက်ရတယ်။

'ဆိုးပေရေ… တူလေး'

'ဟော… လာပြီ'

နာမည်ခေါ်ရင်း မြင့်မြင့်မော် ဝင်လာတယ်။ တံခါးအားကပ်ပုန်းတယ်။ အဲ… ဟိုဟာလေး အထဲရောက်တော့မှ တံခါးကို ပိတ်ပြီး ချော့နဲ့ မှီထားလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com



'ဟင်... ရှင်... ဒါဘာလုပ်တာလဲ၊ ဆိုးပေရောဟင်'

'ဆိုးပေလား၊ အဟဲ... မနက်ကတည်းက ထွက်သွားတာပဲ'

'ဟယ်'

မျက်လုံးလေးပြူးပြီး မျက်နှာပျက်သွားတယ်။ ပြီးမှ မျက်နှာကို မာရင်း...

'ဒါ... ရှင့်အကြံအကွက်ပဲလား၊ ဖယ်နော်၊ ဆိုးပေ မရှိရင် ပြန်မယ်'

'ဖယ်ပါဘူး၊ မင်းကိုငါချစ်လို့ တမင်ဒီလိုကြံလိုက်တာ'

'ဩော်... ရှင်တို့တူဝရီးက ပေါင်းပြီးလိမ်တယ်ပေါ့'

စိတ်ဆိုးတဲ့ ပုံစံနဲ့ ပြောတော့ သူ့ခ မျက်နှာငယ်နဲ့ အနားသွားကပ် တယ်။

'ငါ မင်းကို ချစ်လွန်းလို့ လိမ်ရတာပါကွာ၊ မင်း ငါ့ကို ချစ်တယ် မဟုတ်လားဟင်'

ဟိုက နှာခေါင်းပိတ်ပြီး နောက်ဆုတ်သွားတယ်။

'ဟယ်... အရက်စော်နံတယ်၊ ရှင်နော်... မသိရင်ခက်မယ်၊ ဟိုတစ်ယောက်ကို မရမှ ကျွန်မဘက်လှည့်လာတာမဟုတ်လား၊ ရှင် မကလည်းနဲ့၊ အရှက်ကိုမရှိဘူး၊ ဟွန်း...'

မနာဘူး။ မျက်နှာငယ်နဲ့ အတင်းရှင်းပြတယ်။

'မင်းပြောလည်းခံရမှာပဲ၊ သူနဲ့အနေနီးသွားလို့ပါ၊ သေသေချာချာ စဉ်းစားကြည့်မှ ငါ တကယ်ချစ်တာက မင်းဖြစ်နေမှန်းသိရတာ'

'မယုံဘူး၊ ရှင် ရှေ့မတိုးနဲ့နော်၊ အော်လိုက်မှာ'

တဖြည်းဖြည်း နောက်ဆုတ်တော့ သူ့ခက တဖြည်းဖြည်း လိုက် တယ်။ နောက်ဆုံး နံရံနဲ့ ကျောကပ်ပြီး ဆုတ်စရာမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ကို လှည့်ပြေးမယ်ကြံတော့ သူခက လက်နဲ့ထောက်ထားတယ်။

'မင်း ဘယ်ပြေးမလဲ၊ ကြာပါတယ်ကွာ'

'ဟင်… ရှင် လွှတ်နော်၊ ရှင့်ကို ချစ်တယ်ဆိုပြီး အနိုင်မကျင့်နဲ့'

'ဟာ… တကယ်… ဝမ်းသာလိုက်တာ'

ပြောကာမှ ပိုဆိုးပြီး လက်မောင်းနှစ်ဖက်ကို ကိုင်တယ်။ မြင့်မြင့်မော် ကြောက်လည်းကြောက် ရှက်လည်းရှက်နေတယ်။

ချွေးကိုပျံနေရောပဲ။ ပါးနားကို မျက်နှာအတင်းကပ်တာနဲ့ ငြင်းတယ်။

'ဟင့်အင်း… ရှင်နော်… ချစ်ပေမယ့် အလိုမလိုက်ဘူး၊ ဖယ်ဟာ… အဖေနဲ့ လှမ်းတိုင်မှာနော်၊ ရှင် မကြောက်ဘူးလား'

ကြောက်မလားလို့ ခြောက်တယ်။ နီးပဲ။ မေးစေ့ကို ကိုင်ရင်းပြောတယ်။

BURMESE CLASSIC

'မကြောက်ပါဘူး… အော်လေ… ဒါမှ နားဖောက်ပြီးသားဖြစ်မှာ'

'လွှတ်ဟာ… ကျွန်မကို ချစ်ရင် ဒီလိုမလုပ်နဲ့'

သူခက ရပ်တည်သွားတယ်။

'မင်း… မူမနေနဲ့နော်၊ ဒီတစ်ခါမှမူရင် တို့နှစ်ယောက် ဘိုးဘွားမိုးသာရောက်မှ မင်္ဂလာဆောင်ဖြစ်တော့မယ်၊ ဒီတော့…'

'ဟင့်အင်း…'

မိန်းကလေးဆိုတော့လည်း မူပေမပေါ့။ ဒါပေမဲ့ မျက်နှာချင်းကပ်မိသွားတော့ အသံပျောက်သွားတယ်။ ဒီအချိန်မှာပဲ ခန်းဆီးနောက်ကသိကဒါရိုက်တာဆိုးပေရဲ့ မျက်နှာထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကတိအတိုင်းပဲ သူရှိနေပါတယ်။

ဟိုနှစ်ယောက်ကို ကြည့်ပြီး ပြုံးလိုက်တယ်။ ပြီးမှ နှုတ်ခမ်းရှေ့မှာ လက်ညှိုးထောင်ရင်း…

'ရှူး… တိုးတိုး… ကျွန်တော်က ချောင်းချင်လို့ တမင်ပုန်းနေတာ၊ အဟီး… အဲ… ဟုတ်ပေါင်… ဦးလေး ခြေလွှန်လက်လွှန်… စိတ်လိုက်မာန်ပါဖြစ်မှာစိုးလို့ အန်တီလေးကို စောင့်ရှောက်ဖို့ စောင့်နေပေးတာပါပေမဲ့… တိုးတိုးနော်… သူတို့ အရှိန်ပျက်သွားမယ်'

BURMESE CLASSIC

ချစ်မျှားရှင်

www.burmeseclassic.com